# ဒီမိုကရက်တစ်မြန်မာ့အသံ
# နိုင်ငံရေးအကျဉ်းသားများသတင်း
# အောက်တိုဘာ ၂၀၀၅

*********************************************************************************

ရွှေကျင်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အမှု နောက်ဆုံးအယူခံကို ဗဟိုတရားရုံးသို့လျှောက်လဲ *၁၊အောက်တိုဘာ၊၂၀၀၅*
ရှမ်းပြည်ပြောက်ပိုင်းမှ တပ်သား (၄) ဦးကို ထောင် (၃) လစီ ချမှတ်လိုက် *၁၊အောက်တိုဘာ၊၂၀၀၅*
သာယာဝတီထောင်မှစာရေးဆရာသန်းဝင်းလှိုင် ဆီးချိုနှင့်ကျောက်ကပ်ဝေဒနာခံစားနေရ *၃၊အောက်တိုဘာ၊၂၀၀၅*
ကိုအောင်လှိုင်ဝင်းသေဆုံးခဲ့ရမှု နောက်ဆုံးအယူခံလွှာတင်သွင်းရန်ကြိုးစား *၃၊အောက်တိုဘာ၊၂၀၀၅*
ရွှေကျင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘိုကြီးတို့၏ နောက်ဆုံးအယူခံကို တရားရုံးမှပယ်ချ *၃၊အောက်တိုဘာ၊၂၀၀၅*
အီရတ်နိုင်ငံ အဘူဂါရက်အကျဉ်းထောင်အတွင်းမှလူမဆန်မှုများနှင့် နအဖ အကျဉ်းထောင် *၄၊အောက်တိုဘာ၊၂၀၀၅*
ကျူရှင်ဆရာ ကိုအောင်ဖေအား ထောင်အာဏာပိုင်များနှင့် ထောင်လူမိုက်များဝိုင်းဝန်းနှိပ်စက်ညှင်းပန်း *၅၊ အောက်တိုဘာ၊၂၀၀၅*
အလုံအဖွဲ့ချုပ် ဥက္ကဋ္ဌ အမှုကို အဖွဲ့ချုပ် ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့မှလက်ခံ *၆၊အောက်တိုဘာ၊၂၀၀၅*
မြောင်းမြထောင်ရှိ နိုင်ငံရေးအကျဉ်းသား ဦးသန်းမောင် ကျန်းမာရေးအခြေအနေဆိုးရွား *၆၊အောက်တိုဘာ၊၂၀၀၅*
နိုင်ငံရေးအကျဉ်သားကိုအောင်ဖေကိုထောင်ဝင်စာတွေ့ခွင့်ပြု *၇၊ အောက်တိုဘာ၊၂၀၀၅*
အင်းစိန်ထောင်မှ နိုင်ငံရေးအကျဉ်းသား ကိုဖြူလေးအား ဖခင်ဈာပနသို့သွားခွင့်မပြု *၇၊ အောက်တိုဘာ၊၂၀၀၅*
ထောင်တွင်းမှ အဖွဲ့ချုပ် တိုင်းဥပဒေအထောက်အကူပြု ဥက္ကဋ္ဌ ဦးစိုးဟန် ကျန်းမာရေးအခြေအနေဆိုးရွား *၁၀၊ အောက်တိုဘာ၊၂၀၀၅*
မစုစုနွေးအမှု လာမည့် (၁၃) ရက်နေ့တွင် အမိန့်ချမည် *၁၀၊အောက်တိုဘာ၊၂၀၀၅*
အလုံအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘမြင့်နှင့်အဖွဲ့ဝင် (၅) ဦး အယူခံလွှာတင် *၁၀၊အောက်တိုဘာ၊၂၀၀၅*
အောင်လှိုင်ဝင်း အယူခံ ဗဟိုတရားရုံးသို့ ယနေ့တင်သွင်း *၁၁၊အောက်တိုဘာ၊၂၀၀၅*
ရယကဥက္ကဋ္ဌနှင့် ကြံ့ဖွတ်မှ ဦးအေးမြင့် အမှုတွင်အမှန်အတိုင်းထွက်ဆို *၁၁၊အောက်တိုဘာ၊၂၀၀၅*
ဦးကျော်ဆန်း အယူခံ ဗဟိုတရားရုံးမှလက်ခံ *၁၁၊အောက်တိုဘာ၊၂၀၀၅*
လူထုသတ္တိရှင်ဆု ပူးတွဲရရှိသူ အင်ဒိုနီးရှားမှ ကွယ်လွန်သူ မုနီး၏ ဇနီးမှ မင်းကိုနိုင်အားချီးကျူး *၁၁၊အောက်တိုဘာ၊ ၂၀၀၅*
အရပ်သားသတ္တိရှင် ဆုရှင် ကိုမင်းကိုနိုင်နှင့်ဆက်သွယ် မေးမြန်းချက် *၁၂၊အောက်တိုဘာ၊၂၀၀၅*
ထန်းမနိုင်ကျေးရွာသူ မစုစုနွေးအား ထောင်တနှစ်ခွဲ ချမှတ် *၁၃၊အောက်တိုဘာ၊၂၀၀၅*
နှစ်ရှည် နိုင်ငံရေးအကျဉ်းသား ကိုသက်ဝင်းအောင် ကျန်းမားရေးတိုးတက်မှုမရ *၁၄၊အောက်တိုဘာ၊၂၀၀၅*
မစုစုနွေးလိုအပ်သည့် ဆေးဝါးအသုံးဆောင်များကို အာဏာပိုင်များက ထောင်ထဲယူခွင့်မပြု *၁၄၊အောက်တိုဘာ၊၂၀၀၅*
**CRPP** အဖွဲ့ဝင် ဦးကျော်မင်းကို ထောင်ဝင်စာတွေ့သူမရှိဖြစ်နေဟု သိရ *၁၅၊အောက်တိုဘာ၊၂၀၀၅*
မစုစုနွေးအားမတရားသဖြင့် အကွက်ဆင်ထောင်ချလိုက်ခြင်းကို ပြည်သူများမကျေနပ်ဖြစ် *၁၅၊အောက်တိုဘာ၊၂၀၀၅*
မတ္တရာဒီချုပ်မှ မစုစုနွေးကို ဂုဏ်ပြုချီးမြင့် *၁၆၊အောက်တိုဘာ၊၂၀၀၅*
မစုစုနွေးအမှုတွဲကို **UNWGAT** ထံသို့ **AAPP** တင်သွင်း *၁၇၊ အောက်တိုဘာ၊၂၀၀၅*
အင်းစိန်ထောင်မှ ဘူးသီးထောင်အမတ် ဦးကျော်မင်းနှင့်ဇနီး ကျန်းမာရေးဆိုးရွား *၁၈၊အောင်တိုဘာ၊၂၀၀၅*
မစုစုနွေးအတွက် ဂုဏ်ပြုအလှူငွေများ မန္တလေးတိုင်း အဖွဲ့ချုပ်မှတဆင့် ပေးပို့ရန်စီစဉ် *၁၉၊အောက်တိုဘာ၊၂၀၀၅*
**ILO** ထံ သတင်းပေးမှုနှင့်ဖမ်းခံထားရသည့် ဦးအေးမြင့် အမှုဆက်လက်စစ်ဆေး *၁၉၊အောက်တိုဘာ၊၂၀၀၅*
ပြင်ဦးလွင် အဖွဲ့ချုပ်မှ မစုစုနွေးအားဂုဏ်ပြု *၂၀၊အောက်တိုဘာ၊၂၀၀၅*
ပြေင်းရွာသား ကိုဝင်းလွင် အမှုအားကူညီဆောင်ရွက်ပေးခဲ့ (၃) ဦးအား နအဖ မှ တရားစွဲပြီ *၂၀၊အောက်တိုဘာ၊၂၀၀၅*
သာယာဝတီထောင်ထောင်အာဏာပိုင်များက အကျဉ်းသားများကိုရိုက်နှက်ညှဥ်းပန်း *၂၀၊အောက်တိုဘာ၊၂၀၀၅*

မန္တလေးတိုင်းအဖွဲ့ချုပ်မှ မစုစုနွေးအား ဂုဏ်ပြုအလှူငွေပေးအပ် *၂၁၊အောက်တိုဘာ၊၂၀၀၅*
တောင်တွင်းကြီးမြို့နယ် အဖွဲ့ချုပ် မှ စုစုနွေးအားဖမ်းဆီးထောင်ချခြင်းအားကန့်ကွက် *၂၁၊အောက်တိုဘာ၊၂၀၀၅*
နအဖက ဒေါ်စုအား နေအိမ်မှ အကျယ်ချုပ်ထားခြင်း (၁၀) နှစ်ပြည့် *၂၄၊အောက်တိုဘာ၊၂၀၀၅*
မစုစုနွေးအား ထန်းမနိုင်ရွာသူရွာသားများမှ ငွေကျပ် (၅၀၀၀၀) ဂုဏ်ပြုချီးမြှင့် *၂၄၊အောက်တိုဘာ၊၂၀၀၅*
ပြည်ပရောက် ဒီမိုကရေစီအင်အားစုများမှ မစုစုနွေးအတွက် ဂုဏ်ပြုငွေ ထည့်ဝင် *၂၄၊အောက်တိုဘာ၊၂၀၀၅*
ဒေါ်အောင်ဆန်းစုကြည် ဖမ်းဆီးခံရခြင်း (၁၀) နှစ်ပြည့် *၂၄၊အောက်တိုဘာ၊၂၀၀၅*
ထောင်တွင်းမှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းငြိမ်း ကျန်းမာရေးတိုတက်မှုမရှိ *၂၅၊အောက်တိုဘာ၊၂၀၀၅*
ခွန်ထွန်းဦးတို့ အမှုတွဲကို စီရင်ချက်ချရန် ရက်တပ်မံရွှေ့ဆိုင်း *၂၅၊အောက်တိုဘာ၊၂၀၀၅*
အောင်လံအဖွဲ့ချုပ်မှ မစုစုနွေးအား ဂုဏ်ပြုငွေပေးအပ် *၂၅၊အောက်တိုဘာ၊၂၀၀၅*
ပဲခူးမှ ရှေ့နေဦးအေးမြင့်အား ပုဒ်မ (၅–င) ဖြင့်စွဲချက်တင် *၂၅၊အောက်တိုဘာ၊၂၀၀၅*
အောင်လံမြို့မှ တရားစွဲခံရသည့် **NLD** အဖွဲ့ဝင်များအာမခံရ *၂၆၊အောက်တိုဘာ၊၂၀၀၅*
ထောင်ဒဏ်(၃)နှစ်ကျခံနေရသူ ကျူရှင်ဆရာ ကိုအောင်ဖေ၏ အယူခံလွှာ ပယ်ချခံရ *၂၆၊အောက်တိုဘာ၊၂၀၀၅*
ပဲခူး ဒီ ချုပ် မှ မစုစုနွေးအတွက်ဂုဏ်ပြုငွေပေးအပ် *၂၇၊အောက်တိုဘာ၊၂၀၀၅*
မင်္ဂလာဆောင်ကိုလာကူညီသည့် အဖွဲ့ချုပ် အဖွဲ့ဝင်များအား ညှော်စာရင်းမှုဖြင့်ဖမ်းဆီး *၂၇၊အောက်တိုဘာ၊၂၀၀၅*
မစုစုနွေးကိစ္စ **UN** လုံခြုံရေးကော်မတီထံ **NCGUB** မှ တင်ပြ *၂၇၊အောက်တိုဘာ၊၂၀၀၅*
မစုစုနွေးကိစ္စအယူခံတင်သွင်းနိုင်ရန် ကြိုးပမ်း *၂၈၊အောက်တိုဘာ၊၂၀၀၅*
အဖွဲ့ချုပ်လူငယ် (၁၈) ဦးနှင့် အခြား (၃) ဦးကိုထောင်ဒဏ် (၁၅) ရက်စီချမှတ် *၂၈၊အောက်တိုဘာ၊၂၀၀၅*
ကိုအောင်ဖေအယူခံလွှာကိုတောင်ပိုင်းခရိုင်တရားရုံးမှပယ်ချ *၂၉၊အောက်တိုဘာ၊၂၀၀၅*
ကိုသက်ဝင်းအောင်အားလွှတ်ပေးရန် ဩစတြေလျတွင်လက်မှတ်ထိုးတောင်းဆို *၂၉၊အောက်တိုဘာ၊၂၀၀၀၅*
**ILO** သို့ မမှန်သတင်းပေးမှုဖြင့် ဦးအေးမြင့်အား ထောင် (၇)နှစ်ချမှတ် *၃၁၊အောက်တိုဘာ၊၂၀၀၅*
ဦးအေးမြင့်အား ထောင်ချလိုက်သည့်အပေါ် **ILO** အရာရှိနှင့်ဆက်သွယ်မေးမြန်းချက် *၃၁၊အောက်တိုဘာ၊၂၀၀၅*

# စာမျက်နှာ ၁

## ရွှေကျင်အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အမှု နောက်ဆုံးအယူခံကို ဗဟိုတရားရုံးသို့လျှောက်လဲ

*၁၊အောက်တိုဘာ၊၂၀၀၅*

ပဲခူးထောင်တွင် နှစ်ရှည်ထောင်ချခံထားရသော ရွှေကျင်မြို့နယ်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးဘိုကြီးနှင့်အဖွဲ့ဝင်ဦးဖေတင်တို့၏ နောက်ဆုံးအယူခံကိုလက်ခံပါရန်၊ အဖွဲ့ချုပ်ရှေ့နေများက၊ ဗဟိုတရားရုံးတွင်ယမန်နေ့က လျှောက်လဲခဲ့ကြောင်းသိရပါသည်။ ဦးဘိုကြီးတို့ဖက်မှ အဖွဲ့ချုပ်ရှေ့နေ ဦးဉာဏ်ဝင်းက လျှောက်လဲခဲ့ခြင်းဖြစ်ပြီး၊ လက်ခံ ၊ မခံဆုံးဖြတ်ချက်ကို လာမည့် တနင်္လာနေ့ လောက်တွင် ထုတ်ပြန်နိုင်ကြောင်းသိရပါသည်။ အမြင့်ဆုံးတရားရုံးတွင် ယမန်နေ့ကလျှောက်လဲခဲ့ပုံကို ဦးဉာဏ်ဝင်းက ယခုကဲ့သို့ပြောပြပါသည်။

"အန်ကယ်လ် အချက် ၃ ချက်ပြောတယ်။ ပထမအချက်က Recall လို့ခေါ်တယ်။ ဗမာလိုပြန်ခေါ်သက်သေပေါ့။ အဲဒီ Recall လို့ခေါ်တဲ့ ဥပဒေပြဌာန်းချက်အရ ဦးဘိုကြီးက ပြန်ခေါ်သက်သေတစ်ယောက် စစ်ဆေးဖို့ရုံးကိုတင်တယ်။ အဲဒါကိုရုံးက မှတ်တမ်းတင်ပြီးတော့ ပယ်လိုက်တယ်။ အဲဒါဟာ အမှုတစ်ခုလုံးကိုပျက်ပြယ်စေတဲ့ By Shape လို့ခေါ်တယ်။ အဲဒါကို အန်ကယ်လ်တင်ပြတယ်။ ဒါ ဥပဒေပြဌာန်းချက် အတိအကျပါဘဲ။ ဒီလို By Shape ပျက်နေတဲ့ အမှုမျိုးမှာ အပြစ်ပေးတာဟာ လုံးဝမှားနေတယ်လို့ တင်ပြခဲ့တယ်။ ဒါတစ်ချက်။ ဒုတိယအချက်အနေနဲ့ကတော့ သူတို့ကိုစွဲတဲ့ ဥပဒေက၊ ပုံနှိပ်သူများနှင့် ထုတ်ဝေသူများဆိုင်ရာ မှတ်ပုံတင်ဥပဒေ။ ဒီတော့ ဦးဘိုကြီးတို့ကိုယ်တိုင်က ပုံနှိပ်သူလည်းမဟုတ်ဘူး၊ ထုတ်ဝေသူလည်းမဟုတ်ဘူး။ သူတို့ဆီမှာတွေ့တယ်ဆိုတဲ့ စာရွက်စာတမ်းက အဖွဲ့ချုပ်ဗဟိုကထုတ်တဲ့ ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းကောက်နုတ်ချက် ဖြစ်တယ်။ ဒါ ဒီဥပဒေ ပြဌာန်းချက်နဲ့မညီညွတ်ဘူး။ ဒါကဒုတိယအချက်။ တတိယအချက်က အဲဒီဥပဒေမှာဘဲ ပုဒ်မ (၂၃) မှာ ရိုးသားစွာဆောင်ရွက်တယ်၊ သဘောရိုးနဲ့ဆောင်ရွက်တယ်ဆိုရင် Exclution ကင်းလွတ်ခွင့်ပေးတယ်။ သူတို့ကကင်းလွတ်ခွင့်ထဲမှာ အကြုံးဝင်တယ်။ ဒါကြောင့် ဒီလိုအခြေအနေရှိတဲ့အတွက် ဒီအမှုဟာလက်ခံထိုက်တယ်လို့ လျှောက်လဲချက်ပေးခဲ့တယ်။"

အကယ်၍ ထိုအယူခံကို ဗဟိုတရားရုံးက လက်ခံမည်ဆိုလျှင် အစိုးရရှေ့နေနှင့် (၂)ဘက် အပြန်အလှန် ဆက်လက်လျှောက်လဲရမှာဖြစ်ကြောင်း ဦးဉာဏ်ဝင်းက ဆိုပါသည်။ ဦးဘိုကြီးတို့အား အစကတည်းက မတရားဖမ်းဆီးခဲ့ခြင်းဖြစ်သည့် အတွက်ဗဟိုတရားရုံးက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုလျှင် အယူခံနိုင်နိုင်ကြောင်း ယခုကဲ့သို့ဆက်လက်ပြောကြားသွားပါသည်။

"အမှုက အခုနပြောသလို လျှောက်လဲချက်ထဲမှာပါသလို ဒီအမှုဟာပျက်ပြယ်နေတဲ့ အမှုကြီး။ ပျက်ပြယ်နေတဲ့အမှုမှာ ဘယ်သူမှအပြစ်ပေးလို့မရဘူး။ လွှတ်ကိုလွှတ်ရမှာ။ ဥပဒေသဘောကဒီလိုရှိတယ်။"

ရွှေကျင်မြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘိုကြီးနှင့် စည်းအဖွဲ့ဝင် ဦးဖေတင်တို့အား အဖွဲ့ချုပ်ဗဟိုမှထုတ်ပြန်သော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နှုတ်ချက် စာရွက်စာတမ်းများ ဖြန့်ဝေသည်ဟူသော အကြောင်းပြချက်ဖြင့် လွန်ခဲ့သည့် မေလ (၁၅) ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီးနောက်၊ အမှုကို (၂) ပတ်အတွင်း စစ်ဆေးပြီး မေလ (၂၇) နေ့တွင် ထောင်ဒဏ် (၇) နှစ်စီ အသီးသီးချမှတ်ခဲ့ခြင်းဖြစ်သည်။

အစသို့

## ရှမ်းပြည်ပြောက်ပိုင်းမှ တပ်သား (၄) ဦးကို ထောင် (၃) လစီ ချမှတ်လိုက်

*၁၊အောက်တိုဘာ၊၂၀၀၅*

မူဆယ် (၁၀၅) မိုင်ဂိတ်တွင် ဖမ်းဆီးခံခဲ့ရသော ရှမ်းပြည်တပ်မတော် မြောက်ပိုင်းအဖွဲ့ ဒု ဥက္ကဋ္ဌ ဗိုလ်မှူး စပ်ကိုင်ဖ၏ နောက်လိုက် (၄) ဦးအား အာဏာပိုင်များမှထောင်(၃)လစီ ချမှတ်လိုက်ကြောင်းသိရှိရပါသည်။ ယင်းတို့မှာ ဟန်လီယန်၊ ခမ်းပန်၊ ဂျော်မုန်းနှင့် အငယ်လေးဆိုသူတို့ဖြစ်ကြပြီး၊ တရားမဝင်လက်နက်ကိုင်ဆောင်မှုဖြင့် မူဆယ်တရားရုံးမှ စီရင်ချက်ချလိုက်ခြင်းဖြစ်သည်။ ၎င်းတို့ (၄) ဦးအနက် တစ်ဦးမှာ ဗိုလ်မှူး စပ်ကိုင်ဖ၏ သားမက်တော်စပ်သူဖြစ်ပြီး၊ (၂) ဦးမှာ သက်တော်စောင့်နှင့် ယဉ်မောင်းသူများဖြစ်ကြသည်။ အငယ်လေးဆိုသူမှာ နအဖ စစ်သာဟောင်းတစ်ဦးဖြစ်ပြီး၊ ဗိုလ်မှူး စပ်ကိုင်ဖအား ဂေါက်သီးရိုက်သင်ပေးနေသူဖြစ်သည်။ ၎င်းသည် ယခင်က ရမခ တိုင်းမှူး ဗိုလ်ချုပ် မြင့်လှိုင်၏ လူယုံတစ်ဦးဖြစ်ခဲ့ပြီး၊ (၂) ဖက်ပြေလည်စဉ်က ဗိုလ်မှူး စပ်ကိုင်ဖကို ဂေါက်သီးရိုက်သင်ပေးရန်အတွက် ဗိုလ်ချုပ်မြင့်လှိုင်ကိုယ်တိုင် စေလွှတ်ထားသူဖြစ်ကြောင်း သိရပါသည်။

ယင်းတို့ (၄) ဦးသည် လွန်ခဲ့သည့် ဇူလိုင်လ (၅) ရက်နေ့တွင် ဗိုလ်မှူးစပ်ကိုင်ဖနှင့်အတူ လားရှိုးမှ မူဆယ်အသွား (၁၀၅) မိုင်စစ်ဆေးရေးဂိတ်တွင် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။ သူတို့နှင့် အတူ ပစ္စတိုသေနတ် တစ်လက်စီလက်ဝယ်တွေ့ရှိသောကြောင့် ယခုကဲ့သို့ ထောင်ချလိုက်ခြင်းဖြစ်ကြောင်း ရှမ်းသတင်းအေဂျင်စီမှ ဆိုပါသည်။ အမည်မဖေါ်လိုသူ ရှမ်းပြည်မြောက်ပိုင်းတပ်မတော် အဖွဲ့ဝင် တစ်ဦးမှ "ငြိမ်းအဖွဲ့အားလုံး လက်နက်ကိုင်ဆောင်ခွင့် ရှိတာကြောင့်၊ အခုလိုထောင်ချလိုက်တယ်ဆိုတာဟာ ရှမ်း/ငြိမ်းအဖွဲ့တွေကို တမင်အပြစ်ရှာတာဘဲ" ဟု ဆိုပါသည်။ နအဖ နှင့် ရှမ်းငြိမ်း အဖွဲ့များကြားမှ ဆက်ဆံရေးသည် ရှမ်းပြည်ငြိမ်းချမ်းရေးကောင်စီဥက္ကဌ ဗိုလ်ချုပ်ဆေထင်၊ ရှမ်း ဒီချုပ် ဥက္ကဌ ခွန်ထွန်းဦး နှင့် ရှမ်းခေါင်းဆောင် (၁၀) ဦးဖမ်းဆီးခြင်းခံရပြီး နောက်ပိုင်းတွင် တင်းမာလာခဲ့သည်။ ယင်းဖမ်ဆီးမှုကို မကျေနပ်သည့်အတွက် ရှမ်း/ငြိမ်းအဖွဲ့များက နအဖ ၏ ညောင်နှစ်ပင်ညီလာခံကို သပိတ်မှောက်ခဲ့ကြသည်။ ထိုနောက်ပိုင်းတွင် ရှမ်းပြည် အမျိုးသားတပ်မတော်နှင့် ရှမ်းပြည်မြောက်ပိုင်း အဖွဲ့ဝင်များအား နအဖ မှ အဓမ္မလက်နက်ဖြုတ်သိမ်းခြင်း၊ ဖမ်းဆီးထောင်ချခြင်း များဆက်တိုက်ပြုလုပ်နေပါသည်။

အစသို့

## သာယာဝတီထောင်မှစာရေးဆရာသန်းဝင်းလှိုင် ဆီးချိုနှင့်ကျောက်ကပ်ဝေဒနာခံစားနေရ

*၃၊အောက်တိုဘာ၊၂၀၀၅*

ဗိုလ်ချုပ်အောင်ဆန်းအကြောင်း စာအုပ်ရေးသားမှုကြောင့် ထောင်ဒဏ် (၇) နှစ်ချမှတ်ခံထားရသူ စာရေးဆရာသန်းဝင်းလှိုင်အား သူ့၏ ဇနီးသည်မှ သာယာဝတီထောင်တွင် ထောင်ဝင်စာထပ်မံတွေ့ခွင့်ရခဲ့သည်ဟု သိရပါသည်။ ဆရာသန်းဝင်းလှိုင်၏ အခြေအနေနှင့် ပတ်သက်၍ ဒီဗွီဘီ သတင်းထောက် ကိုသက်နိုင်မှ ယခုလို သတင်းပေးပို့ထားပါသည်။

ဆရာသန်းဝင်းလှိုင်သည် သာယာဝတီထောင်တွင် (၅) နှစ်ကျော်ရှိနေပြီး၊ ဆီးချိုနှင့်၊ ကျောက်ကပ်ဝေဒနာများ ခံစားနေရသည်ဟု သိရပါသည်။ဆရာသန်းဝင်းလှိုင်၏ လက်ရှိအခြေအနေနှင့် ပတ်သက်၍ မကြာသေးမီကမှ ထောင်ဝင်စာတွေ့ပြီး ပြန်လာသည့် ဇနီးဖြစ်သူက ယခုလိုပြောပြထားပါသည်။

"မမတို့ တော်သလင်းလပြည့်နေ့ကလားမသိဘူး သွားတွေ့တယ်လေ။ အခု နှစ်ပတ်လောက်တော့ရှိသွားပြီ။ ဆရာ့ရဲ့ ကျန်းမာရေးအခြေအနေက ဆီးချိုနဲ့၊ ကျောက်ကပ်ရောဂါ ဖြစ်နေတယ်။" ထောင်ဝင်စာသွားတွေ့စဉ်က သာယာဝတီထောင်တွင်း ဝမ်းရောဂါ ဖြစ်ပွါးမှု အခြေအနေများကို ဆက်လက်ပြေပြသွားပါသေးသည်။

"ဟုတ်ကဲ့၊ လွန်ခဲ့တဲ့နှစ်ပတ် ကျမ ထောင်ဝင်စာသွားတွေ့ချိန်ကပေါ့နော် ထောင်ထဲမှာဝမ်းရောဂါဖြစ်နေတာ။ ကျမတို့မျက်မြင်ကိုယ်တွေ့ပဲလေ။ ကျမတို့ရှေ့တင်ဘဲ အလောင်းတွေ ဆာလာအိတ်နဲ့ပတ်ပြီးထုတ် ထုတ်သွားတာ ကိုယ်တိုင်တွေ့ခဲ့ရတာပါ။ သောကြာနဲ့၊ စနေ နှစ်ရက်ထဲမှာကို လူ (၅) ဦးသေတယ်။ အယောက်နှစ်ဆယ်လောက်ကို ခရိုင်ဆေးရုံတင်ထားရတယ်လို့ကြားတယ်။ အဲဒါကျမသွားခဲ့တဲ့ လွန်ခဲ့တဲ့ နှစ်ပတ်အချိန်ကို ပြောတာနော်။နောက်ပိုင်းအခြေအနေတော့ မသိရသေးဘူး။ ဟုတ်ကဲ့ပေးခဲ့လို့မရဘူး။ အသီးနှံစိမ်းတွေဘာတွေဆို ပေးလို့မရဘူး။ သားငါးဆိုလည်းကျော်လှော်ပြီးဥစ္စာလောက်ပဲ၊ ဒါတောင်နည်းနည်းပဲ ပေးလို့ရတာ။"

သာယာဝတီထောင်တွင်းဝမ်းရောဂါ ဖြစ်ပွါးနေသည်မှာ (၁) လနီးပါးခန့်ရှိပြီဖြစ်သော်လည်း၊ ယခုအချိန်ထိ ထိမ်းသိမ်းနိုင်ခြင်းမရှိဘဲ၊ အကျဉ်းသား (၄၀) ကျော်သေဆုံးခဲ့ရပြီး၊ အများအပြားလည်းဆေးရုံတင်ထားရကြောင်းအကျဉ်းသား မိသားစုဝင်များ၏ပြောပြချက်အရသိရပါသည်။

အစသို့

## ကိုအောင်လှိုင်ဝင်းသေဆုံးခဲ့ရမှု နောက်ဆုံးအယူခံလွှာတင်သွင်းရန်ကြိုးစား

*၃၊အောက်တိုဘာ၊၂၀၀၅*

နိုင်ငံရေးအကျဉ်းသားများ၏ အယူခံလွှာများကို ယခုကဲ့သို့ ပယ်ပယ်ချနေသောကြောင့် လာမည့်သောကြာနေ့တွင် နောက်ဆုံးအယူခံလွှာတင်သွင်းရန်ကြိုးစားနေသည့်၊ လှိုင်မြို့နယ် အဖွဲ့ချုပ်လူငယ် ကိုအောင်လှိုင်ဝင်း၏၊ အမှုအခြေအနေကိုရော လက်ခံနိုင်ဘွယ် ရှိနိုင်မည်လားဟု ရှေ့နေ ဦးအောင်သိန်းကို မေးမြန်းကြည့်ရာတွင်၊

"သူတို့ကနိုင်ငံရေးနဲ့ပတ်သက်တယ်ဆိုတဲ့ အမှုဆိုရင်တော့ အားလုံးလက်ရှောင်တယ်ပေါ့။ တရားရုံးကဆုံးဖြတ်တာ သူ့သမိုင်းနဲ့သူပေါ့။ ကျနော်တို့ရှေ့နေဖက်ကလည်း၊ ကိုယ့်အကြောင်းခြင်းရာအချက်အလက်ကို အဆင့်မြင့်တရားရုံး၊

တရားရုံးချုပ်ထိကို တင်ပြလျှောက်ထားဖို့က ကျနော်တို့တာဝန်ပေါ့နော်။ အဲဒီလို တရားရုံးအဆင့်ဆင့်ကို တက်ရောက်ပြီးတင်ပြတဲ့အခါမှာ၊ လက်ခံဖို့အဆင့်ကိုတောင် မရောက်ပဲ ပလပ်ခံလိုက်ရတယ်ဆိုရင်တော့ ဆရာဇန်းမော်တင်အောင် ပြောခဲ့တဲ့ စကားလို 'ကျနော်တို့ကဘာများရောတတ်နိုင်ပါအုံးမည်နည်း' ဆိုတာလိုဘဲပေါ့။"

ကိုအောင်လှိုင်ဝင်းသည် လွန်ခဲ့သည့် မေလ (၁) ရက်နေ့၌ အဖမ်းခံခဲ့ရခြင်းဖြစ်ပါသည်။ ထို့နောက် မေလ (၁၀) ရက်နေ့တွင်
စစ်ကြောရေးစခန်းမှ အရာရှိတစ်ဦးလာပြီး ကိုအောင်လှိုင်ဝင်း သေဆုံးသွားပြီဖြစ်ကြောင်းလာရောက် အကြောင်းကြားခဲ့ ပြီး၊ အလောင်းသဂြိုဟ်ခွင့်ပင် မရခဲ့ပါ။ ယင်းကဲ့သို့ လူသတ်အလောင်းဖျောက်ခြင်းကို မကျေနပ်သည့်အတွက် ၊ ကိုအောင်လှိုင်ဝင်း၏ ဇနီး မနှင်းစန္ဒာက တရားရုံးအဆင့်ဆင့်သို့အယူခံဝင်ခဲ့သော်လည်း၊ ရန်ကုန်တိုင်းတရားရုံးက လွန်ခဲ့သည့် စက်တင်ဘာလ (၉) ရက်နေ့တွင်ပယ်ချခဲ့ပါသည်။

အစသို့

## ရွှေကျင် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘိုကြီးတို့၏ နောက်ဆုံးအယူခံကို တရားရုံးမှပယ်ချ

*၃၊အောက်တိုဘာ၊၂၀၀၅*

ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းဖြန့်ဝေမှုဖြင့် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသော၊ ရွှေကျင်မြို့နယ် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘိုကြီးတို့၏ နောက်ဆုံးအယူခံကို တရားရုံးမှ ပယ်ချလိုက်ကြောင်းသိရပါသည်။ ၄င်းတို့၏အယူခံကို လက်ခံပါရန် လွန်ခဲ့သည့် သောကြာနေ့က အဖွဲ့ချုပ်ရှေ့နေများမှ လျှောက်ထားခဲ့ခြင်းဖြစ်ပြီး၊ တနင်္လာနေ့တွင် အကျဉ်းနည်းဖြင့် ပယ်ချလိုက်ခြင်းဖြစ်ကြောင်းသိရပါသည်။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ အဖွဲ့ချုပ်ရှေ့နေ ဦးဉာဏ်ဝင်းက ယခုလို ပြောပြပါသည်။

"ဒီနေ့ Date နဲ့ပယ်လိုက်တာ။ အန်ကယ့်လ် အမြင်ပြောရရင်တော့ ဒီအမှုဟာလက်ခံထိုက်တဲ့ အမှုပဲ။ ဘာလို့လဲဆိုတော့ တရားရုံးက ကျင့်ထုံးအရ လိုက်နာရမည့်ကိစ္စကို မလိုက်နာဘူး။ အဲဒီလိုမလိုက်နာရင် အမှုတခုလုံးပျက်တယ်။ အမှုပျက်နေတာကို Admission တောင်မပေးဘူး။ လုံးဝကို တရားဥပဒေနဲ့မညီညွတ်ဘူးလို့ထင်တာဘဲ။ တကယ့်ကို လက်ခံထိုက်ပြီး တင်ပြစဉ်းစားသင့်တဲ့ အမှုမျိုးပါ။"

**ဒီဗွီဘီ** ။ ။ "လက်ခံထိုက်တဲ့ အမှုကို လက်မခံဘဲ ပယ်ချလိုက်တယ်ဆိုတော့၊ အာဏာပိုင်တွေပြောပြောနေတဲ့ တရားဥပဒေ အရာမှာ လူတိုင်း တန်းတူခံစားခွင့်ရှိတယ် ဆိုတဲ့စကားဟာ နိုင်ငံရေးအကျဉ်းသားတွေအတွက်တော့ မှန်နိုင်ပါ့မလား။"

"အဲဒါတွေကို သံသယဖြစ်စရာပေါ့လေ။ ဒါမျိုးတွေဖြစ်လေတွေ့လေပေါ့။ အန်ကယ်လ် လုပ်ခဲ့တဲ့ဟာတွေမှာတော့ တစ်ခုမှ လက်ခံကြားနာခွင့် မရခဲ့ဘူး။ ဒီလိုဘဲ ပယ်တာဘဲ။ အခုလည်း အလားတူ အပယ်ခံရတဲ့ သဘောပဲ တွေ့နေရတယ်။"

ရွှေကျင်မြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘိုကြီးနှင့် စည်းအဖွဲ့ဝင် ဦးဖေတင်တို့အား အဖွဲ့ချုပ်ဗဟိုမှထုတ်ပြန်သော ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက် စာရွက်စာတမ်းများ ဖြန့်ဝေသည်ဟူသော အကြောင်းပြချက်ဖြင့် လွန်ခဲ့သည့် မေလ (၁၅) ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီးနောက်၊ အမှုကို (၂) ပတ်အတွင်း စစ်ဆေးပြီး မေလ (၂၇) နေ့တွင် ထောင်ဒဏ် (၇) နှစ်စီ အသီးသီးချမှတ်ခံခဲ့ကြရသည်။

အစသို့

## အီရတ်နိုင်ငံ အဘူဂါရက်အကျဉ်းထောင်အတွင်းမှလူမဆန်မှုများနှင့် နအဖ အကျဉ်းထောင်

*၄၊အောက်တိုဘာ၊၂၀၀၅*

အီရတ်စစ်ပွဲအတွင်းက အကျဉ်းသားများအား လူ့ဂုဏ်သိက္ခာထိခိုက်စေရန် မဖွယ်မရာပြုမူဆက်ဆံခဲ့သော၊ အမေရိကန် စစ်သမီး လင်ဒီအင်္ဂလန်အား၊ လွန်ခဲ့သည့် (၁၇) ရက်နေ့က ထောင်ဒဏ် (၃) နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံမှ နိုင်ငံရေးအကျဉ်းသားများအား အညှိုးအာဃာတကြီးမားစွာ ညှဉ်းပမ်းနှိပ်စက်လျှက်ရှိသော စစ်အာဏာရှင်ပါးကွက်သားများ၏၊ ရှေ့ရေးကံကြမ္မာနှင့် စပ်လျဉ်း၍ မည်ကဲ့သို့ ဖြစ်လာနိုင်စရာရှိပါသနည်း။

ပြီးခဲ့သည့်နှစ်က ကမ္ဘာ့မီဒီယာများတွင် ဟိုးလေးတကျော် ဖြစ်ခဲ့သော၊ မဖွယ်မရာဇာတ်လမ်း၏ နောက်ဆက်တွဲ အဖြစ်အပျက်များအား ဆက်လက်ထုတ်လွှင့်နေဆဲဖြစ်ပါသည်။ လွန်ခဲ့သည့် နှစ်ဆန်းပိုင်းက အီရတ်နိုင်ငံ အဘူဂါရက်အကျဉ်းထောင်တွင်၊ အကျဉ်းသားများအား မဖွယ်မရာ ဆက်ဆံမှုဖြင့် တရားစွဲဆိုခံနေရသော စစ်သည် (၉) ဦးအနက် အသက် (၂၂) အရွယ်ရှိ အမျိုးသမီးစစ်သည် လင်ဒီအင်္ဂလန်သည် စွဲချက် (၇) ခု အနက် (၆) ခုကို ဝန်ခံခဲ့ပါသည်။ စက်တင်ဘာလ

# စာမျက်နှာ ၄

(၂၇) ရက်နေ့တွင် ထောင်ဒဏ် (၃) နှစ် ကျခံခဲ့ပြီးနောက်၊ သူမ၏ (၁၁) သားအရွယ် သားငယ်လေးကို ခွဲခွါ၍၊ အကျဉ်းထောင်သို့ သွားရတော့မည့်၊ လင်ဒီ၏ ပုံရိပ်များကို ရုပ်မြင်သံကြားသတင်းဌါနများမှ ထုတ်လွှင့်ပြသခဲ့ပါသည်။

ယခုကဲ့သို့ နိုင်ငံတကာတီဗွီချန်နယ်လ်များတွင် အဆိုပါ ကိစ္စကို ထပ်ပြန်တလဲလဲ ထုတ်လွှင့်ပြသနေသည်ကိုမြင်ရသည့်အခါ၊ လက်တစ်ဖက် ခြေတစ်ဖက်မရှိသော်လည်း၊ နိုင်ငံရေးအကျဉ်းသားဘဝဖြင့် စစ်အစိုးရ၏အကျဉ်းထောင်ထဲတွင် နေခဲ့ရသော၊ စစ်သားဟောင်းတစ်ဦးဖြစ်သည့် ကိုမျိုးမြင့်က၊ အတိတ်ကာလစစ်ကြောရေးစခန်း၏၊ ငရဲခန်းအနိဋ္ဌာရုံများကို ပြန်လည် သတိရစေသည်ဟု ပြောပြခဲ့ပါသည်။ ၄င်းသည် စစ်သားဟောင်းတစ်ဦးဖြစ်ပါလျှက်၊ စစ်တပ်ကိုပြန်လည်ဆန့်ကျင်သည် ဟူသောစွပ်စွဲချက်ဖြင့် စစ်ထောက်လှမ်းရေးများ၏ နှိပ်စက်ညှဉ်းပမ်းမှုကို မချိမဆန့်ခံစားခဲ့ရသူလည်းဖြစ်ပါသည်။

"ကျနော့်လိုဘဲ ကိုယ်တုံးလုံးအချွတ်ခံရသူတွေ၊ တစ်ချို့ဆိုရင် ကိုယ်တုံးလုံးချွတ်ရုံတင်မကဘူး၊ ယောကျ်ားချင်းမုဒိန်းကျင့် မယ်လို့ကို ခြိမ်းခြောက်တာမျိုးတွေအထိရှိတယ်။ အဲဒီလို အဆက်ဆံခံရသူတွေအများကြီးရှိတယ်။ အဲ့ါကြောင့် အခု ဘဂ္ဂဒက်ထောင်ထဲမှာ ဖြစ်ခဲ့ကိစ္စတွေကိုမြင်ရတဲ့အခါ ၊ ကျွန်တော်နဲ့ ကျွန်တော့်လို ဘဝတူနိုင်ငံရေးအကျဉ်းသားဟောင်းတွေဟာ၊ အဲဒီလိုမျိုးအဖြစ်ဆိုးတွေကို ဖြတ်သန်းခဲ့ဘူးတဲ့လူတိုင်းဟာ စာနာစိတ်နဲ့ကြေကွဲမိသလို၊ တစ်ဖက်ကလည်း အဲဒီမြင်ကွင်းတွေတွေ့ရတဲ့အခါမှာ၊ ကျနော်တို့ နှိပ်စက်ခံခဲ့ရတဲ့အဖြစ်အပျက်တွေ၊ ဖြတ်သန်းခဲ့ရတဲ့ ခါးသီးဖွယ် အတွေ့အကြုံတွေကို ပြန်ခံစားမိတယ် ။ အသစ်ပြန်ဖြစ်တာပေ့ါ။"

နိုင်ငံရေးအကျဉ်းသူ တစ်ဦးဖြစ်ခဲ့သော မအေးအေးမူ ကလည်း စစ်ကြောရေးစခန်းမှ သူ့အတွေ့အကြုံများကို ယခုလိုပြန်ပြော ပြခဲ့ပါသည်။

"စစ်ကြောရေးကာလမှာ (၄) ရက်လောက် လုံးဝအစာမကျွေးဘူး၊ ရေမတိုက်ဘူး၊ နောက်ပြီးတော့ အိပ်ခွင့်မပေး တာတို့ဘာတို့ပေ့ါ။ သူတို့စစ်ကြောရေးလုပ်နေချိန်မှာ ကိုယ်က မတ်တပ်ရပ်နေနေရတာတို့ အဲဒါမျိုးအများဆုံးခံခဲ့ရတယ်။ စိတ်ဓါတ်ရေးရာအရတော့ အတော်ခံစားခဲ့ရတယ်။ မိန်းကလေးတစ်ယောက်ရဲ့ အရှက်တို့၊ သိက္ခာတို့ဆိုတာလည်း သူတို့မသိဘူး။ အဲဒီအချိန်မှာ ကျွန်မလုံချည်ပေါ်နေတဲ့အချိန်ပေ့ါနော်။ ကျွန်မပစ္စည်းတွေအားလုံး သူတို့ဆုတ်ဖြဲပြစ်တယ်။ မသုံးရသေးတဲ့ ပါကင်တွေကိုပါ ဆုတ်ဖြဲပြီးလွှင့်ပြစ်လိုက်ကြတယ်။"

အဘူဂါရက်အကျဉ်းထောင်နှင့် မြန်မာပြည်အခြေအနေကိုနှိုင်းယှဉ်ပြီး မြန်မာနိုင်ငံရှေ့နေများကောင်စီ အတွင်းရေးမှူး ဦးအောင်ထူးက ယခုကဲ့သို့သုံးသပ်ပြောဆိုသွားပါသည်။

"အခြေခံအားဖြင့်တော့မတရားမှုတွေ လုံးဝကင်းစင်တဲ့ လူ့အဖွဲ့စည်းဆိုတာမျိုးကို မျှော်လင့်လို့တော့မရနိုင်ဘူးလို့ ကျွန်တော်တို့စဉ်းစားဖို့လိုပါလိမ့်မယ်။ ဒီလိုမတရားမှုကို ဘယ်လိုအခြေအနေကြောင့် ဖေါ်ထုပ်အရေးယူနိုင်သလဲ။ ဒီအပေါ်မှာ ခြုံငုံသုံးသပ်လို့ရှိရင် နံပတ် (၁) အချက်ကတော့ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ တိုင်းပြည်စွဲကနေ မကြည့်ဘဲနဲ့ မတရားတဲ့လုပ်ရပ်မှန်သမျှကို၊ မတရားတဲ့လုပ်ရပ်အဖြစ်နဲ့သာ ပြည်သူတွေက ရဲရဲတင်းအကဲဖြတ်ဖို့လိုတယ်ဆိုတဲ့ အချက်ကိုသင်ခန်းစာယူသင့်ပါတယ်။ နောက် ဒုတိယအချက်ကတော့၊ မတရားမှုတစ်ခုဖြစ်လာရင်ဖြစ်လာခြင်းမှာ၊ ချက်ခြင်းဖေါ်ထုတ်ဖို့၊ လွတ်လပ်တဲ့သတင်းမီဒီယာတွေ အားကောင်းကောင်းရှိဖို့လိုတယ်ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ မြန်မာနိုင်ငံမှာမရှိတဲ့၊ ရှိအောင်ကြိုးစားသင့်တဲ့ အချက်လည်းဖြစ်ပါတယ်။ အဲဒီအချက်ကတော့ မတရားမှုကို ဖေါ်ထုတ်ရုံသက်သက်သာမကဘဲနဲ့မတရားမှု ကျူးလွန်သူကို၊ အရေးယူဆောင်ရွက်နိုင်ဖို့အတွက်၊ လွတ်လပ်တဲ့တရားရုံးများနဲ့၊ တရားစီရင်ရေးစနစ်ရှိဖို့လိုတယ် ဆိုတဲ့အချက်ဖြစ်ပါတယ်။ ဒါလည်းကျွန်တော်တို့ နိုင်ငံမှာမရှိသေးပါဘူး"

ဆယ်စုနှစ် နှစ်ခုနီးပါး လူ့အခွင့်အရေး ချိုးဖေါက်ခံနေရဆဲဖြစ်သည့် မြန်မာနိုင်ငံတွင်၊ အထောက်အထားပြစရာ ဓါတ်ပုံများ၊ ပေါ်ထွက်မလာသေးသော်ငြားလည်း၊ တရားမျှတမှုကိုရှာဖွေနိုင်ရန်၊ ရနိုင်သမျှအချက်များအား ယခုအချိန်မှစ၍ ရှာဖွေထားရန် လိုအပ်မည့်အကြောင်း၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအဖွဲ့မှ ဒါရိုက်တာ ကိုအောင်မျိုးမင်းမှ ယခုကဲ့သို့ပြောပြပါတယ်။

"လူ့အခွင့်အရေးချိုးဖေါက်ခံရပြီဆိုရင်၊ သတင်းအားလုံးပေါင်းစုံမှ ကိုင်လို့ရတယ်ဆိုပြီး၊ အဲဒီလိုမထင်စေချင်ဘူး။ လူ့အခွင့်အရေးချိုးဖေါက်ခံရပြီဆိုတာနဲ့ ဘယ်သူ့ဆီမှာ ဘယ်သတင်းအချက်အလက်ရှိလဲ၊ အဲဒါတွေကို အခုထဲကစတင် စုဆောင်းထားဖို့လိုတယ်။ ဓါတ်ပုံရိုက်မှ မဟုတ်ဘူး၊ ဘယ်သူဖြစ်လဲ၊ ဘယ်နေ့ကဖြစ်လဲ၊ သူ့ကိုလုပ်တာဘယ်သူလဲ၊ ဘယ်လိုမြင်လဲ၊ အဲဒီအချက်အလက်တွေအားလုံးကို စုစည်းပြီးတော့၊ အကုန်ဖေါ်လိုက်မယ်ဆိုရင်တော့၊ တကယ့်ကိုခိုင်လုံတဲ့ ရုပ်ပုံတစ်ချပ် ထွက်လာလိမ့်မယ်။ ဓါတ်ပုံကဒီလောက်အရေးမကြီးတော့ဘူး။ ရသမျှသတင်းတွေအားလုံးကိုပေါင်းလိုက်ရင်တော့ ဘယ်လိုမှ ပြေးမလွတ်တဲ့၊ သက်သေအထောက်အထားဖြစ်မယ်။ တစ်ချိန်ကျလို့ရှိရင် အရေးယူနိုင်တဲ့ အချက်အလက်တွေဖြစ်လာနိုင်တယ်။

အချက်အလက်တွေရနိုင်သမျှစုဆောင်းပါ။ အဲဒါတွေဟာ တချိန်အတွက် ကိုင်ဆောင်နိုင်မယ့် တရားဥပဒေဆိုင်ရာလက်နက်တွေပဲ ဖြစ်လိမ့်မယ်။

အစသို့

## ကျူရှင်ဆရာ ကိုအောင်ဖေအား ထောင်အာဏာပိုင်များနှင့် ထောင်လူမိုက်များဝိုင်းဝန်းနှိပ်စက်ညှင်းပန်း

*၅၊အောက်တိုဘာ၊၂၀၀၅*

ဗိုလ်ချုပ်အောင်ဆန်းဓါတ်ပုံ အလေးပြုမှုနှင့် ထောင်ဒဏ် (၃) နှစ်ကျခံနေရသူ တွံတေးမြို့မှကျူရှင်ဆရာ ကိုအောင်ဖေအား အင်းစိန်ထောင်အာဏာပိုင်များနှင့် ထောင်ကျရာဇဝတ်အကျဉ်းသားလူမိုက်အချို့က၊ ရိုက်နှက်ညှဉ်းပန်းခဲ့ကြောင်းသိရပါသည်။ အင်းစိန်ထောင် အိပ်ဆောင်အမှတ် (၅) ၌ကျခံနေရသော ကိုအောင်ဖေအား၊ ထောင်အာဏာပိုင်များက လက်သတ်မွေးထားသော စကော်ပီယံဂိုဏ်းသားလူမိုက်များက၊ လွန်ခဲ့သည့်လ (၃၀) ရက်နေ့မှာ ယခုကဲ့သို့ ရိုက်နှက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကိုအောင်ဖေ့မိသားစုနှင့် ၊ နိုင်ငံရေးမိသားစုအဝန်းအဝိုင်းမှ၊ ဒီဗွီဘီ သို့ပြောကြားခဲ့ပါသည်။ ယင်းရိုက်နှက်ခြင်းအပေါ် သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့်၊ ယခုချိန်ထိ အရေးယူဆောင်ရွက်မှု တစုံတရာမှမရှိသည့်အပြင်၊ ကိုအောင်ဖေအား နောက်ထပ်ပြစ်ဒဏ်တိုးမည်ဟု ခြိမ်းချောက်နေသေးကြောင်း သိရှိရသည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ကိုအောင်ဖေအတွက် အထူးစိုးရိမ်မကင်းဖြစ်နေသည့် ဇနီးဖြစ်သူ မဌေးဌေးလွင်သည်၊ ရန်ကုန်ရှိ နိုင်ငံတကာကြက်ခြေနီအဖွဲ့ **ICRC** ထံ ယနေ့သွားရောက်တိုင်ကြားခဲ့ကြောင်းသိရသည်။

ထိုင်း-မြန်မာနယ်စပ် အခြေစိုက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) မှ၊ ယခုကဲ့သို့ နိုင်ငံရေးအကျဉ်းသားများအား ရိုက်နှက်ညှင်းပန်းနှိပ်စက်လျှက်ရှိသော နအဖ စစ်အစိုးရအား၊ နိုင်ငံတကာအစိုးရများနှင့်၊ အဖွဲ့အစည်းများမှ ဝိုင်းဝန်းဖိအားပေးကြရန် တောင်းဆိုသည့် ကြေညာချက်တစ်စောင်ကို ယနေ့ထုတ်ပြန်လိုက်ပါသည်။

“ထောင်အာဏာပိုင်တွေဆိုတာကတော့ အများအားဖြင့် လာဘ်ပေးလာဘ်ယူမှုတွေ အကြီးအကျယ် ရှိတတ်ကြတယ်။ ချစားမှုတွေရှိတယ်။ အဲဒီတော့ သူတို့က တကယ့်ကို သခင်အားရကျွန်ပါး၀ ပုံစံမျိုးနဲ့လုပ်နေကြတာ။ စကော်ပီယံဂိုဏ်းသားတွေဟာ နိုင်ငံရေးအကျဉ်းသားတွေကို အဲဒီလိုမျိုး မတရားနှိပ်စက်ရိုက်နှက်ခဲ့တာဟာ ဒီအကြိမ်နဲ့ဆို နှစ်ကြိမ်ရှိပါပြီ။ အဲဒီလိုတဖက်သတ်နိုင့်ထက်စီးနင်းပြုမူနေမှုတွေကို နိုင်ငံတကာက သိရှိအောင်နဲ့ နိုင်ငံတကာကနေပြီးတော့ ဒီလိုအခြေအနေမျိုးတွေ ဖြစ်နေတယ်ဆိုတယ် ကိစ္စမျိုးကို နအဖ ကိုပြောပြဖို့ဘဲ။ ဒါမျိုးတွေမဖြစ်အောင်လို့ နအဖ ကို တိုက်တွန်းပေးဖို့လိုပါတယ်။ ဒါကြောင့်ဒီကြေညာချက်ကိုထုတ်ပြန်ရတာဖြစ်ပါတယ်။”

ကိုအောင်ဖေ ဖြစ်စဉ်နှင့် စပ်လျဉ်း၍ **AAPP** မှ ကိုတိတ်နိုင်၏ ဝေဖန်ချက်ဖြစ်ပါသည်။

အသက်လေးဆယ်ဝန်းကျင်ရှိ အင်္ဂလိပ်စာကျူရှင်ဆရာ ကိုအောင်ဖေအား၊ ယခုနှစ်ဖေဖေါ်ဝါရီလ ( ၁၄) ရက်နေ့တွင် စတင်ဖမ်းဆီးခဲ့ပြီး၊ ဩဂုတ် (၂၃) ရက်နေ့တွင် ထောင်ဒဏ် (၃ ) နှစ် ချမှတ်ခဲ့ပါသည်။ ဖမ်းဆီးရခြင်း အကြောင်းပြချက်မှာ ဖေဖေါ်ဝါရီလ (၁၃) ရက် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့တွင်၊ ကျောင်းသားများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းဓါတ်ပုံအား အလေးပြုမှု၊ ဗိုလ်ချုပ်အောင်ဆန်းအား ဂုဏ်ပြုစပ်ဆိုထားသည့်တေးသီချင်း သံပြိုင်သီဆိုမှု တို့ကြောင့်ဖြစ်သည်ဟုသိရပါသည်။ ယင်းကဲ့သို့ မတရားသဖြင့် ပြစ်ဒဏ်ခတ်အရေးယူခြင်းကို အယူခံဝင်နိုင်ရန် အဖွဲ့ချုပ်ရှေ့နေများမှ ကြိုးစားနေချိန်တွင်၊ ယခုလို ရိုက်နှက်ခံရသည့်သတင်းထွက်ပေါ်လာသည့်အတွက် အဖွဲ့ချုပ်ရှေ့နေများက ကိုအောင်ဖေ၏ လုံခြုံရေးပတ်သက်၍ အထူးစိုးရိမ်မကင်း ဖြစ်မိကြောင်း ဒီဗွီဘီသို့ ပြောကြားခဲ့ပါသည်။

အစသို့

## အလုံအဖွဲ့ချုပ် ဥက္ကဌ အမှုကို အဖွဲ့ချုပ် ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့မှလက်ခံ

*၆၊အောက်တိုဘာ၊၂၀၀၅*

လွန်ခဲ့သည့် ဇူလိုင်လက ထောင်ဒဏ်တသက်တကျွန်းချခံထားရသော အလုံမြို့နယ်အဖွဲ့ချုပ် ဥက္ကဌ ဦးဘမြင့်အပါအဝင် (၅) ဦး၏ အမှုတွဲစီရင်ချက်ကို၊ အဖွဲ့ချုပ် ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့မှ ယမန်နေ့ကလက်ခံရရှိခဲ့ကြောင်းသိရပါသည်။ ယင်းအမှုတွဲအရဆိုလျှင် ပြစ်’ဏ်စီရင်ခြင်ခံထားရသော (၅) ဦးထဲမှ ကိုသက်နိုင်အောင်၊ ကိုအောင်မျိုးဆန်း နှင့် ကိုခင်ကျော်တို့ (၃) ဦးမှာ တကျွန်းနှင့် (၈) နှစ်အထိ ထောင်ဒဏ်ချမှတ်ထားကြောင်းသိရပါသည်။ ထိုကဲ့သို့ မတရားသဖြင့်ထောင်ဒဏ်များ

ချမှတ်သည့်အတွက်ကြောင့်၊ အမှုစီရင်ချက်အမိန့်စာထုတ်ပေးရန် အာဏာပိုင်များဖက်မှ၊ ငြင်းဆိုခဲ့ခြင်းဖြစ်နိုင်ကြောင်း မိသားစုဝင်များမှပြောဆိုနေကြပါသည်။

ဇူလိုင်လကတည်းက အမှုစီရင်ချက်အမိန့်စာ ထုတ်ပေးပါရန် အကြောင်းကြားထားသော်လည်း ယခုမှလက်ခံရရှိခြင်း ဖြစ်ကြောင်း အဖွဲ့ချုပ်ရှေ့နေ ဦးဉာဏ်ဝင်းက ပြောပြပါသည်။ အဆိုပါစီရင်ချက်အားလေ့လာပြီး မကြာခင် ဗဟိုတရားရုံးသို့ အယူခံတင်သွင်းမည်ဖြစ်ကြောင်း ဦးဉာဏ်ဝင်းက ဆက်လက်ပြောကြားခဲ့ပါသည်။

အစသို့

## မြောင်းမြထောင်ရှိ နိုင်ငံရေးအကျဉ်းသား ဦးသန်းမောင် ကျန်းမာရေးအခြေအနေဆိုးရွား

*၆၊အောက်တိုဘာ၊၂၀၀၅*

နိုင်ငံရေးအကျဉ်းသား (၃၀)ကျော်ရှိသည့် မြောင်းမြထောင်တွင် တုပ်ကွေးရောဂါ ဖြစ်ပွါးနေကြောင်း သတင်းများရရှိပါသည်။ ယင်းနိုင်ငံရေးအကျဉ်းသားထဲမှ ဦးသန်းမောင်၏ ကျန်းမာရေးအခြေအနေဆိုးရွားလာသဖြင့်၊ မြောင်းမြဆေးရုံသို့ တက်ရောက်ကုသနေရကြောင်း သိရသည်။ အသက်ခြောက်ဆယ်နီးပါးခန့်ရှိ ဦးသန်းမောင်မှာ တောင်ငူမြို့ဇာတိဖြစ်ပြီး၊ ထောင်ဒဏ် (၂၇) နှစ် ချမှတ်ခံထားရသူဖြစ်ကြောင်းနှင့်၊ တောင်ငူမှမိသားစုဝင်များက သူ့အားထောင်ဝင်စာတွေ့ရန် လမ်းခရီးအခက်အခဲ၊ လမ်းစရိတ်ငွေကြေးအခက်အခဲများကြောင့်၊ လာရောက်တွေ့ဆုံပြီး ၊ ပြုစုစောင့်ရှောက်ပေးရန်မတတ်နိုင်ကြောင်းကြားသိရပါသည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ မြောင်းမြမြို့ခံ တစ်ဦးက အောက်ပါအတိုင်းပြောပြခဲ့ပါသည်။

"မြောင်းမြထောင်မှာရှိတဲ့ နိုင်ငံရေးအကျဉ်းသားတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုကအတော့်ကိုဆိုးရွားနေတယ်လို့ဆိုတယ်။ ဦးသန်းမောင်ကတောင်ငူကလေ။ အသက် (၅၇) နှစ်လောက်ရှိပြီ။ အစ္စလာမ်ဘာသာဝင်ပေ့ါ။ မြောင်းမြထောင်ကိုရောက်နေတယ်။ အဖိုးကြီးက ကျန်းမာရေးတော်တော်လေးဆိုးရွားနေလို့ မြောင်းမြဆေးရုံမှာတင်ထားရတယ်။ သူကတော့ လုံးပါး ပါးမယ့်သဘောရှိနေတယ်။သူ့ကိုချထားတဲ့ နှစ်ကလည်း (၂၇) နှစ်လို့ပြောတယ်။ သူတစ်ယောက်ကတော့ ကျန်းမာရေးတော်တော် ဆိုးတယ်။ ကျန်တဲ့သူတွေကတော့ ဒါလောက်မဟုတ်ပါဘူး။ ဆေးဝါးမလုံလောက်တာလည်းပါတယ်။ ကျွန်တော်တို့ အပြင်ကနေ သူတို့လိုတဲ့ဆေးတွေတော့ ပို့ပေးရတာပေ့ါ။ အဓိက ကတော့ ထောင်ဆရာဝန်ပေ့ါ ။ သူက ကျန်းမာရေးစောင့်ရှောက်မှုကို ဂရုမစိုက်ဘူး။ ကျွန်တော်တို့ကလည်းသွားတွေ့ချင်ပေမယ့် သူ့မှာအစောင့်အရှောက်တွေနဲ့ ၊ တွေ့ဖို့အခက်အခဲ နည်းနည်းရှိတယ်။ သူ့ရောဂါကလည်း တစ်ခုတည်း မကဘူး။ နှစ်ခု သုံးခုလောက်ရှိတယ်။ သူ့မိသားစုကဝေးတာကိုး။ တောင်ငူကနေရန်ကုန်၊ အဲဒီကမှတဆင့် မြောင်းမြဆိုတော့၊ လာတော့လာတယ်။ အနီးကပ်တော့ ဘယ်နေနိုင်မှာလဲ။ **ICRC** ကလည်းဒီရက်တွေထဲမှာ မလာတာကြာပြီ။ တစ်ချို့ အပိုင်းတွေကြတော့ ဝင်တွေ့တာ မဟုတ်ဘူးပေ့ါနော်။ အကျဉ်းသားတွေအတွက် လိုအပ်တဲ့ဆေးဝါးတို့၊ အထောက်အကူ ပစ္စည်းတွေတော့လာပေးတယ်။ ဝင်တွေ့တာတွေတော့ မရှိဘူးပေ့ါနော်။"

အလားတူ တောင်ငူ၊ မော်လမြိုင်၊ သရက်၊ ပူတာအို နှင့် သာယာဝတီထောင်များတွင်လည်း နိုင်ငံရေး အကျဉ်းသားများ ကျန်းမာရေး အခြေအနေဆိုးရွားလျှက်ရှိကြောင်း သိရပါသည်။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်းမှ ကိုတိတ်နိုင် က ယခုလိုရှင်းပြခဲ့ပါသည်။

"ဦးသန်းမောင်လိုပေ့ါလေ။ အတော့်ကို ကျန်းမာရေး ဆိုးရွားနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေ အခြားထောင်တွေမှာတွေလည်း ရှိပါတယ်။ မော်လမြိုင်ထောင်မှာဆိုရင် ကိုသက်နောင်စိုး၊ တောင်ငူထောင်မှာဆိုရင် ကိုညီညီဦး၊ သာယာဝတီထောင်မှာ ကိုသန်းဝင်းလှိုင်၊ ပူတာအိုထောင်မှာဆိုရင် ကိုခင်မောင်လွင် သူကျန်းမာရေးကတော့်တော့်ကိုဆိုးနေတယ်လို့သိရတယ်။ ဆေးရုံတင်ဖို့တောင် လုပ်နေတယ်လို့ကြားတယ်။ မုံရွာအောင်ရှင်ဆိုရင်လည်း ကျန်းမာရေး တော်တော်မကောင်းဘူးလို့ ကျွန်တော်တို့သိရတယ်။"

အလားတူ အကျဉ်းထောင်များမှ ပြန်လည်လွတ်မြောက်လာကြသော နိုင်ငံရေးအကျဉ်းသားအချို့မှာလည်း ကျန်းမာရေး အခြေအနေချို့ယွင်းလျှက်ရှိကြောင်းကြားရပါသည်။ အဆိုပါ မြောင်းမြထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သည့် ၊သင်္ဃန်းကျွန်းမြို့နယ် အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဒေါ်အေးမြင့်သန်း ဆိုလျှင်ထောင်မှလွတ်ပြီးမကြာမီ လေဖြတ်သွားခဲ့ကြောင်း၊ မျက်စေ့နှစ်ဖက်စလုံး အရေးပေါ်ခွဲစိတ်ကုသရန်လိုအပ်နေကြောင်း၊ မိသားစုဝင်များနှင့် နီးစပ်သူများထံမှတဆင့်သိရပါသည်။

အစသို့

## နိုင်ငံရေးအကျဉ်သားကိုအောင်ဖေကိုထောင်ဝင်စာတွေ့ခွင့်ပြု

*၇၊ အောက်တိုဘာ၊ ၂၀၀၅*

အင်းစိန်ထောင်တွင်ရိုက်နှက်ခံခဲ့ရသော နိုင်ငံရေးအကျဉ်းသား ကိုအောင်ဖေအား၊ ယမန်နေ့က ထောင်ဝင်စာပေးတွေ့ခဲ့ကြောင်းသိရပါသည်။ ယင်းသို့တွေ့ဆုံရာ၌ သူ့အားမည်ကဲ့သို့ အရိုက်ခံရကြောင်းကို ကိုအောင်ဖေမှဇနီးဖြစ်သူ မဌေးဌေးလွင်အား ရှင်းပြခဲ့ကြောင်း ဇနီးဖြစ်သူမှ ယခုကဲ့သို့ ပြန်လည်ပြောပြခဲ့ပါသည်။

"မနေ့ကဆရာ့ကိုသွားတွေ့တယ်။ (၃) ရက်နေ့ပေါ့။ ဖြစ်ပုံကဒီလိုတဲ့။ ထမင်းစားတန်းစီချိန်မှာ ဆရာလည်း တန်းဝင်စီရတာပေါ့။ အဲဒီမှာထမင်းဝေတဲ့ လူက ဆရာ့ကိုရှေ့ကျော်တက်တယ်ထင်ပြီး မတက်ဖို့ပြောတယ်တဲ့။ ဘာလို့တက်တာလဲပေါ့။ ဆရာကလည်း သူ ကျော်မတက်တဲ့အကြောင်း၊ ပုံမှန်ပဲ ရပ်နေကြောင်း ပြန်ပြောတယ်။ ဒါနဲ့ အဲသလိုပြန်ပြောရမလားဆိုပြီး ဆရာထမင်းစားပန်းကန်ကိုဆွဲယူပြီး လွှင့်ပြစ်လိုက်တာတဲ့။ ဆရာက မင်းတို့ဒီလိုမလုပ်ကောင်းဘူး။ မင်းတို့ တော်တော်ရိုင်းပါလား၊ လို့ပြောတယ်။ ဒါနဲ့ဘဲ ၊ သူတို့ကိုပြန်ခံပြောတယ်ဆိုပြီး ဝိုင်းနှိပ်စက်ကြတာ။ သူတို့ အုပ်စုနဲ့ ဝိုင်းပြီး ထိုးကြ ကြိတ်ကြတာ။"

မဌေးဌေးလွင်က အဆိုပါကိစ္စကို **ICRC** ထံတိုင်ကြားထားသကဲ့သို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့မှလည်း ကူညီဆောင်ရွက်ပေးရန် ပြင်ဆင်နေသည်ဟု သိရပါသည်။ အသက် လေးဆယ်ဝန်းကျင်ရှိ တွံတေးမြို့မှ ကျူရှင်ဆရာ ကိုအောင်ဖေအား ဗိုလ်ချုပ်အောင်ဆန်းဓါတ်ပုံ အလေးပြုမှုဖြင့် ဖမ်းဆီးခဲ့ပြီးနောက်၊ ထောင်ဒဏ် (၃) နှစ်ချမှတ်ခံခဲ့ရသူဖြစ်ပါသည်။

အစသို့

## အင်းစိန်ထောင်မှ နိုင်ငံရေးအကျဉ်းသား ကိုဖြူလေးအား ဖခင်ဈာပနသို့သွားခွင့်မပြု

*၇၊ အောက်တိုဘာ၊ ၂၀၀၅*

နအဖ စစ်ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ရန် ကြံစည်သည်ဟူသော စွပ်စွဲချက်ဖြင့် ထောင်ဒဏ် တသက်တကျွန်း ကျခံနေရသော မွန်ပြည်သစ်ပါတီမှ၊ ကိုဖြူလေးအား ၄င်းဖခင်ဈာပနအခမ်းအနားသို့ သွားခွင့်မပြုသည့်အတွက်၊ ရန်ကုန်ရှေ့နေ အသိုင်းအဝန်းနှင့်၊ နိုင်ငံရေးအကျဉ်းသားဟောင်းများက မကြေမနပ် ဝေဖန်နေကြကြောင်း သိရပါသည်။ ကိုဖြူလေး၏ဖခင် ဦးသိန်းဝင်းသည် ရန်ကုန်ဆေးရုံကြီးကျောက်ကပ်ဆောင်၌ ဆေးဝါးကုသနေစဉ် ယမန်နေ့ကသေဆုံးသွားခဲ့သည်။ ဖခင်သေဆုံးသွားပြီ ဖြစ်ကြောင်းနှင့် ၊ အပြင်ထွက်ပြီးအလောင်းကြည့်ခွင့်တင်ပြခဲ့သော်လည်း ၊ အာဏာပိုင်များကခွင့်ပြုခဲ့ခြင်းမရှိပါ ဟု မိသားစုနှင့် နီးစပ်သောသူများမှ ဒီဗွီထံပြောပြခဲ့ပါသည်။

မွန်ပြည်သစ်ပါတီဝင်တစ်ဦးဖြစ်သော ကိုဖြူလေးသည် ၊ လွန်ခဲ့သည်ာနှစ်က ပြန်လည်လွတ်မြောက်လာခဲ့သော၊ အားကစားဂျာနယ်အယ်ဒီတာ ကိုဇော်သက်ထွေး၊ အိုင်လ်အယ်လ်အို သတင်းပေးမှုဖြင့် ဖမ်းဆီးခြင်းခံခဲ့ရသော ရှေ့နေဦးအေးမြင့်၊ တို့နှင့်အတူ (၂၀၀၃) ခုနှစ်တွင် ဖမ်းဆီးခြင်းခံရပြီး၊ ယခုထက်တိုင်အင်းစိန်ထောင်တွင် ကျခံနေရဆဲဖြစ်ပါသည်။ ကိုဖြူလေးအပါအဝင် ယခုလက်ရှိကျခံနေရသူအားလုံးသည်၊ သက်သေမခိုင်လုံပဲ၊ မတရားအမှုဆင် ဖမ်းဆီးခံထားရခြင်းဖြစ်သည့်အတွက်၊ အမြန်ဆုံးလွှတ်ပေးပါရန် နအဖဥက္ကဋ္ဌ ထံ၊ မွန်ပြည်သစ်ပါတီဥက္ကဋ္ဌကိုယ်တိုင်က စာရေးတင်ပြထားသော်လည်း ယခုအချိန်အထိ မည်သည့် အကြောင်းပြန်ကြားချက်ကိုမှမရသေးဟုသိရပါသည်။

အစသို့

## ထောင်တွင်းမှ အဖွဲ့ချုပ် တိုင်းဥပဒေအထောက်အကူပြု ဥက္ကဋ္ဌ ဦးစိုးဟန် ကျန်မာရေးအခြေအနေဆိုးရွား

*၁၀၊အောက်တိုဘာ၊ ၂၀၀၅*

မော်လမြိုင်ထောင်တွင် နှစ်ရှည်ထောင်ဒဏ်ကျခံနေရသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တိုင်းဥပဒေအထောက်အကူပြု ဥက္ကဋ္ဌ ဦးစိုးဟန်၏ ကျန်းမာရေးအခြေအနေ ဆိုးရွားနေကြောင်းသိရပါသည်။ မျက်စေ့ဝေဒနာဆိုးဆိုးရွားရွား ခံစားနေရပြီး ခွဲစိတ်ရမည့် အခြေအနေဖြစ်သည်ဟု ဆိုပါသည်။ လွန်ခဲ့သည့်လက ဦးစိုးဟန်အနေဖြင့် အပြင်ထွက်ပြီး မျက်စေ့အထူးကုဆရာဝန်နှင် တွေ့ဆုံကုသရန်၊ ထောင်အာဏာပိုင်များအား တင်ပြခဲ့သည်ကို၊ အာဏာပိုင်များဖက်မှ အပေါ်ယံအားဖြင့် သဘောတူသော်လည်း၊ နိုင်ငံရေးအကျဉ်းသားအဖြစ် အခွင့်အရေးမပေးနိုင်ကြောင်း၊ အခြားရာဇဝတ်သားများနည်းတူ ခြေကျဉ်း၊ လက်ထိတ်ခတ် ခံရမည်ဖြစ်ကြောင်း၊ အကြောင်းပြန်ခဲ့သည်ဟုဆိုသည်။ ရာဇဝတ်အကျဉ်းသားသဖွယ် ခြေကျဉ်းလက်ထိတ်တန်းလန်းနှင့် ဆေးကုသခံရမည်ဆိုလျှင် ဆေးကုသမှုမယူနိုင်ကြောင်း

ဦးစိုးဟန်မှ အကြောင်းပြန်ကြားခဲ့ကြောင်းသိရပါသည်။ ထို့ကြောင့် မျက်စေ့ဝေဒနာမှာ၊ ပိုမိုဆိုးရွားလာကြောင်း၊ ထောင်နှင့်နီးစပ်သူတစ်ဦးမှ ဒီဗွီဘီအားပြောပြခဲ့ပါသည်။ ဦးစိုးဟန်နှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်းနိုင်းတို့အား (၂၀၀၀) ခုနှစ်တွင်ဖမ်းဆီခဲ့ပြီးနောက် ထောင်ဒဏ် (၂၀) ချမှတ်ခဲ့ပါသည်။ ဦးစောနိုင်းနိုင်းမှာ လက်ရှိအင်းစိန်ထောင်တွင်ရှိနေပြီး၊ ဦးစိုးဟန်အား ယမန်နှစ်က မော်လမြိုင်ထောင်သို့ ပြောင်းရွှေ့ချုပ်နှောင်ခဲ့ခြင်းဖြစ်သည်ဟု မိသားစုမှ ဒီဗွီဘီအားပြောပြခဲ့ပါသည်။

အစသို့

## မစုစုနွေးအမှု လာမည့် (၁၃) ရက်နေ့တွင် အမိန့်ချမည်

*၁၀၊အောက်တိုဘာ၊၂၀၀၅*

ရပ်ကွက်အာဏာပိုင်များအား ကြိမ်းမောင်းခြိမ်းခြောက်ခဲ့သည်ဟူသော စွဲချက်များနှင့်တရားစွဲဆိုခံနေရသော၊ ရန်ကုန်တိုင်း ထန်းမနိုင်ကျေးရွာမှ၊ မစုစုနွေးအမှုကို ယခုလာမည့် ကြာသာပတေးနေ့ (၁၃) ရက်နေ့တွင် အမိန့်ချမှတ်တော့မည်ဟုသိရပါသည် အဖွဲ့ချုပ်ရှေ့နေ ဦးဉာဏ်ဝင်းမှ တရားသူကြီးအနေနှင့် အမှုကို ဥပဒေနှင့်အညီစီရင်ဆုံးဖြတ်မည်ဆိုလျင် မစုစုနွေးကိုမည်ကဲ့သို့မှ အပြစ်ပေး အရေးယူ၍ မရနိုင်ကြောင်း အောက်ပါအတိုင်းပြောကြားပါသည်။

"စုစုနွေးအမှုက အမှုသွားအမှုလာအရဆိုရင်၊ ကျွန်တော့်အမြင်အရ အပြစ်မရှိဘူးထင်တာဘဲ။ ကျွန်တော်ဆိုလိုတာက ဥပဒေအမြင်အရ သိပ်ပြီးတော့ သက်သေမထင်ရှားဘူး။ အဲဒီလိုမြင်တယ်။ အဲဒီနေ့ကျရင် အဖြေဘယ်လိုထွက်မလဲ တော့မသိဘူး။ ကျွန်တော်လည်း နည်းနည်းတော့စိုးရိမ်တယ်။"

အဖွဲ့ချုပ်ရှေ့နေများနည်းတူ၊ မစုစုနွေးအပေါ် စိုးရိမ်ကြ၊ စာနာထောက်ခံကြသူ ၊ ထန်းမနိုင်ရွာသူ ရွာသားများမှာလည်း၊ မစုစုနွေးအတွက် ဘုရားသွားဆုတောင်းပေးခြင်း၊ အိမ်တိုင်ယာရောက် လာရောက်အားပေးစကားပြောခြင်းများ ပြုလုပ်လျှက်ရှိကြောင်း သိရပါသည်။ အမိန့်ချမည့်နေ့တွင်၊ မစုစုနွေးအားထောက်ခံကြသည့် အမှန်တရားမြတ်နိုးသူများ အများအပြားလာရောက် နားထောင်ဖွယ်ရာရှိကြောင်း ထန်းမနိုင်ရွာခံတစ်ဦးမှ ပြောပြပါသည်။ မစုစုနွေးသည် အဓမလုပ်အားပေးခိုင်းစေသည့် ကျေးရွာအာဏာပိုင်များကို ရဲရဲဝံ့ဝံ့ တရားစွဲဆိုခဲ့သူဖြစ်သည်။ ထို့ကြောင့် အာဏာပိုင်များက သူ့အပေါ် အညိုးအတေးထားပြီး၊ ယခုကဲ့သို့ ခြိမ်းခြောက် ကြိမ်းမောင်းသည်ဟူသော စွဲချက်များနှင့် ပြန်လှန်တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အစသို့

## အလုံအဖွဲ့ချုပ်ဥက္ကဌ ဦးဘမြင့်နှင့်အဖွဲ့ဝင် (၅) ဦး အယူခံလွှာတင်

*၁၀၊အောက်တိုဘာ၊၂၀၀၅*

နိုင်ငံတော်လုံခြုံရေးဥပဒေများနှင့် ထောင်ဒဏ်တသက်တကျွန်းချမှတ်ခံထားရသော ရန်ကုန်တိုင်း အလုံမြို့နယ်ဥက္ကဌ ဦးဘမြင့်အပါအဝင် အဖွဲ့ဝင် (၅) ဦး၏အယူခံလွှာကို၊ အဖွဲ့ချုပ်ရှေ့နေကြီးများက၊ ယနေ့တွင် ဗဟိုတရားရုံးသို့တင်ခဲ့ကြောင်း သိရပါသည်။ ဦးဘမြင့်၊ ဦးဘတင့်၊ ကိုသက်နိုင်အောင်၊ ကိုခင်ကျော် ၊ ကိုအောင်မျိုးဆန်း တို့ (၅) ဦးအား ပြီးခဲ့သည့် ဇူလိုင်လက ထောင်တသက်တကျွန်း နှင့် (၈) နှစ် စသည်ဖြင့်ချမှတ်ခဲ့ပါသည်။ အဆိုပါအမှုကိုလိုက်ပါဆောင်ရွက်ပေးနိုင်ရန်အဖွဲ့ချုပ်ရှေ့နေများမှ ကြိုးစားခဲ့သော်လည်း၊ အာဏာပိုင်များက ခွင့်မပြုဘဲ အထူးတရားရုံးဖြင့် တံခါးပိတ်စစ်ဆေးပြီးစီရင်ချက်ချခဲ့ခြင်းဖြစ်သည်။ အမှုစီရင်ချက်မိတ္တူ ပေးပါရန်တောင်းခံသည့် အခါတွင်လည်း၊ အကြောင်းအမျိုးမျိုးပြ အချိန်ဆွဲထားပြီး၊ လွန်ခဲ့သည့် အပတ်ကမှ ပေးခဲ့ကြောင်းဆိုပါသည်။ အဆိုပါစီရင်ချက်ရသည့် အခါကျမှ ဦးဘမြင့်တို့အား တကျွန်းပြစ်ဒဏ်အပြင် ထောင် (၈) နှစ်ပါချထားသည်ကို သိရကြောင်းပြောပြခဲ့ပါသည်။ ယနေ့တင်ခဲ့သည့် အယူခံကို ၊ လက်ခံ ၊ မခံ ဗဟိုတရားရုံးမှရှေ့လာမည့် အပတ်လောက်တွင် ဆုံးဖြတ်လိမ့်မည်ဟုမျှော်လင့်ရကြောင်း အဖွဲ့ချုပ်ရှေ့နေတစ်ဦးမှ ဒီဗွီသို့ပြောကြားခဲ့ပါသည်။

အစသို့

## အောင်လှိုင်ဝင်း အယူခံ ဗဟိုတရားရုံးသို့ ယနေ့တင်သွင်း

*၁၁၊အောက်တိုဘာ၊၂၀၀၅*

နအဖ စစ်ကြောရေးစခန်းအတွင်း သေဆုံးခဲ့ရသည့်၊ အဖွဲ့ချုပ်လူငယ် ကိုအောင်လှိုင်ဝင်း၏၊ အမှုမှန်ကို

# စာမျက်နှာ ၉

စုံစမ်းဖော်ထုတ်ပေးရန်၊  ဗဟိုတရားရုံးထံ ယနေ့ အယူခံတင်သွင်းလိုက်ကြောင်း သိရပါသည်။ ထိုအယူခံကို မြို့နယ်၊ ခရိုင်နှင့် တိုင်းတရားရုံးများမှ၊ အဆင့်ဆင့်ပယ်ချခဲ့ခြင်းကြောင့် မိသားစုမှ ယခုနောက်ဆုံး ဗဟိုတရားရုံးသို့ တင်သွင်းလိုက်ခြင်း ဖြစ်ပါသည်။ ယင်းကိစ္စနဲ့ပတ်သက်၍၊ ကိုအောင်လှိုင်ဝင်း၏ ရှေ့နေဦးအောင်သိန်းက ယခုလိုပြောပြခဲ့ပါသည်။

“တရားဆွဲတဲ့ ဦးတိုက်လျှောက်တဲ့ အလုပ်ကိုလုပ်တဲ့အခါမှာ၊ ဘယ်ပေါ်မှာ ဆက်ပြီး အခြေခံလဲဆိုတော့ ၊ မှုခင်းဆိုင်ရာ ဆရာဝန်ရဲ့ ပထမပိုင်းထွက်ဆိုချက်တွေပေါ့နော်။ သူတွေ့ရှိချက်တွေ၊ ထွက်ဆိုချက်တွေမှာ အောင်လှိုင်ဝင်းမှာ ဒဏ်ရာဏ်ချက်တွေရှိနေတယ်။ ဒဏ်ရာဒဏ်ချက် (၂၄)ချက် ရှိတယ်။ နံရိုးနှစ်ဖက်စလုံးမှာ တစ်ဖက်တစ်စုံဆီ ကျိုးနေတယ်။ အဲ့ဒီလိုတွေတော့ အဲ့ဒီထွက်ဆိုချက်တွေအရကိုပဲ၊ မနှင်းစန္ဒာရဲ့ ဦးတိုက်လျှောက်လွှာကို မရမ်းကုန်းမြို့နယ် တရားရုံးက၊ လက်ခံနိုင်လောက်တဲ့ သက်သေခံချက်တွေ ရှိနေတယ်လို့ ဆိုလိုတာပါ။ အဲ့ဒါကို တရားရုံးက သေမှုသေခင်း စုံစမ်းမှုမှာ ဆုံးဖြတ်ပြီးပြီ။ အဲဒါ သဘာဝအတိုင်းသေဆုံးတဲ့အမှု ဖြစ်တယ်ဆိုပြီးတော့၊ ပိတ်လိုက်တဲ့အတွက် သေပြီးသားဖြစ်တယ်။ ဒီအမှုကို ဆက်ပြီးတော့ ဆောင်ရွက်စရာ မလိုဘူးဆိုပြီးတော့ မရမ်းကုန်းမြို့နယ် တရားရုံးက ပလပ်လိုက်တာပေါ့လေ။ (၂၀၃) အရ ပလပ်လိုက်တာပေါ့။ အဲဒီအမှုအပေါ်မှာ အနောက်ပိုင်းခရိုင်တရားရုံးကို တက်တယ်။ ရန်ကုန်တိုင်း တရားရုံးကိုတက်တယ်။ အဲဒီရုံးတွေကလဲ အသီးသီးနဲ့ ဆက်လက်ပလပ်လိုက်တဲ့အတွက် အခု အန်ကယ်တို့က တရားရုံးချုပ်ကို တက်ရောက်လာခြင်းဖြစ်ပါတယ်။ “

ဦးအောင်သန်း ဖြစ်ပါသည်။ မရမ်းကုန်းမြို့နယ် အဖွဲ့ချုပ်လူငယ် ကိုအောင်လှိုင်ဝင်းကို အကြောင်းပြချက်တစုံတရာမရှိဘဲ၊ ပြီးခဲ့သည့်မေလ (၁) ရက်နေ့တွင်၊ နယ်မြေခံရဲက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထို့နောက် ကိုအောင်လှိုင်ဝင်း နှလုံးရောဂါနှင့်၊ သေဆုံးသွားပြီးဖြစ်ကြောင်း (၁၀) ရက်နေ့တွင်၊ စစ်တပ်အရာရှိ တစ်ဦးက၊ မိသားစုထံလာရောက်အကြောင်းကြားခဲ့ခြင်း ဖြစ်ပါသည်။ ထိုကိစ္စကို မကြေနပ်သည့်အတွက် အမှုမှန်ကို စုံစမ်းဖော်ထုပ်ပေးရန် တရားရုံးအဆင့်ဆင့်ထံ မိသားစုက အယူခံ တင်သွင်းခဲ့ ခြင်းဖြစ်သည်။

အစသို့

## ရယကဥက္ကဌနှင့် ကြံ့ဖွတ်မှ ဦးအေးမြင့် အမှုတွင်အမှန်အတိုင်းထွက်ဆို

*၁၁၊အောက်တိုဘာ၊၂၀၀၅*

အိုင်အယ်လ်အို ထံ မမှန်သတင်းပေးသည်ဟုဆို၍ ဖမ်းဆီးခံထားရသည့်၊ ပဲခူးမြို့မှရှေ့နေ ဦးအေးမြင့်၏အမှုအား ယမန်နေ့က ဒိုက်ဦးတရားရုံးတွင် ထပ်မံစစ်ဆေးခဲ့ကြောင်းသိရပါသည်။ ရုံးချိန်းတွင် တရားလိုပြသက်သေများဖြစ်သော၊ ဖေါင်တော်သီကျေးရွာ ဥက္ကဌနှင့် ကြံ့ဖွတ်အဖွဲ့ဝင်များက ဦးအေးမြင့်တွင် အပြစ်မရှိကြောင်း၊ မတရားဖမ်းဆီးခံရခြင်းဖြစ်ကြောင်း၊ အမှန်အတိုင်းထွက်ဆိုခဲ့ကြသည်။ ဦးအေးမြင့်အား အရေးပေါ်စီမံချက် အက်ဥပဒေ (၅–၈) ဖြင့်ရုံးတင်တရားစွဲခဲ့သူမှာ ဒိုက်ဦးမြို့နယ် ရဲစခန်းမှ ဒုရဲအုပ် ဝင်းတင်ဦးဟု သိရပါသည်။ ဝင်းတင်ဦးဖက်မှ ပထမဦးဆုံး တင်ခဲ့သည့် သက်သေများမှာ ဖေါင်တော်သီကျေးရွာ ဥက္ကဌနှင့်ကြံ့ဖွတ်ဥက္ကဌအဖြစ် နှစ်ခုလုံးတာဝန်ယူထားသည့် ၊ ဦးကြီးမောင်၊ အဖွဲ့ဝင်ဦးလှမင်း၊ မြို့နယ် ကြံ့ဖွတ် အဖွဲ့ဝင် ဦးတင်လှ ဆိုသူများဖြစ်ကြပါသည်။ သို့သော်လည်း ဒုရဲအုပ်ဝင်းတင်ဦးမှ လွဲ၍ ကျန်သက်သေအားလုံးက ဦးအေးမြင့်တွင် အပြစ်မရှိကြောင်း၊ အမှန်အတိုင်းထွက်ဆိုခဲ့ကြသည်ဟု ၊ဆိုပါသည်။ အမှုအခြေအနေနှင့်စပ်လျဉ်း၍ ဦးအေးမြင့်၏ ရှေ့နေ ဦးစန်းမောင်အား ဆက်သွယ်မေးမြန်းကြည့်ရာ – – –

“ရဲက ပဌမထွက်တာ။ ရဲထွက်ချက်က လယ်သမားတွေမကျေနပ်ကြဘူးဆိုတာ မဟုတ်ဘူး။ ကျေနပ်တယ်။ ကျေနပ်ရဲ့သားနဲ့ ဦးအေးမြင့်က လယ်သမားတွေကို စည်းရုံးပြီး၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်က ရစ်ချတ်ဟိုဆေးကို မေလ (၆) ရက်နေ့မှာ တိုင်စာပို့တယ်။ ဒီလုပ်ရပ်ဟာ မမှန်သတင်းပေးမှု ဖြစ်တယ်ဆိုပြီး၊ စွပ်စွဲတယ်။ သူကအဲသလို စွပ်စွဲပေမည့်၊ သူတင်တဲ့ သက်သေ (၃) ယောက်စလုံးက ၊ သူ့ထွက်ချက်နဲ့ တခြားစီထွက်သွားကြတယ်။ မထောက်ခံဘူးပေါ့။ ပြတာကတော့ ရဲဘက်ကပြတဲ့သက်သေ၊ သို့သော် သူတို့က ဦးအေးမြင့်ရဲ့ သက်သေထောက်ခံသူတွေဖြစ်သွားတယ်။ ရဲကစွပ်စွဲသလို လယ်သမားတွေကျေနပ်နေပါရက်နဲ့ ဦးအေးမြင့်ကနေ၊ မကျေမနပ်ဖြစ်အောင် စည်းရုံးပြီး တိုင်တယ်ဆိုတာကို၊ သူတို့ကမထောက်ခံဘူး။ လယ်သမားတွေဖက်က မကျေနပ်ဘူး။ အခုထက်ထိကို မကျေနပ်ကြဘူး။”

“ဗွီဘီ။  ။ ရဲက မမှန်သတင်းပေးမှုနဲ့ စွဲတယ်ဆိုတော့ ဖေါင်တော်သီကျေးရွာမှာ အမှန်တကယ် ဖြစ်ပျက်ခဲ့တာ တွေကဘာတွေများပါလဲ။

“အမှန်တကယ် ဖြစ်ခဲ့တာက ၊ လယ်သမားတွေရဲ့ မြေယာတွေကို မြို့နယ် မယက ကနေသိမ်းပြီးတော့ စစ်တပ်ရယ်၊ စစ်မှုထမ်းဟောင်းအဖွဲ့ရယ်၊ အသက်မွေးမှုတပ်ရယ်၊ အဲ”ါတွေကို ချပေးလိုက်တယ်။ သိမ်းတုန်းက (၄၅၂) ဧကအနက် (၁၂၃)

ကေပဲပြန်ပေးတယ်။ဆိုတော့ လယ်သမားတွေမလောက်ဘူး။သူတို့ရွာမှာက န္တားကောင်ရေ (၇၀၀ – ၈၀၀) လောက်ရှိတယ်။ အဲလိုမကျေနပ်တဲ့ အခါကျတော့ ၊  ဦးအေးမြင့်ကလည်း ရှေ့နေဆိုတော့၊ လယ်သမားတွေက တိုင်ချင်တယ်ဆိုတော့အခါ၊ ရစ်ချတ်ဟိုဆေးဆီ သူတို့ကိုယ်တိုင် လက်မှတ်ထိုးပြီးတိုင်တာ။ သူတို့ကိုယ်တိုင် တိုင်တာ။ ဖေါင်တော်သီကျေးရွာ သံဃာ့နာယကဉက္ကဌ ဦးဓမ္မပါလရယ်၊နောက် ဦးကံရ ရယ် အပါအဝင် (၂၅) ဦးလက်မှတ်ထိုးပြီး သူတို့ကိုယ်တိုင် တိုင်ကြတာ။ အဲဒါ ဦးအေးမြင့် က ကြားထဲကနေ တရားစွဲခံရတာ။”

ဒီဗွီဘီ။ ။ ရန်ကုန်က အိုင်အယ်လ်အို အရာရှိကိုရော ဦးအေးမြင့်ဘက်ကနေ သက်သေထွက်ပေးဖို့ တောင်းဆို အကြောင်းကြားတာမျိုးမလုပ်ဘူးလား။

“ဒါက ကျွန်တော်တို့ ကို စွဲချက်တင်ပြီဆိုရင်တော့ တရားခံပြသက်သေပေါ့လေ။ အမှုထဲမှာပေါ်နေတာဘဲ။ ဦးအေးမြင့်နဲ့တိုင်ပင်ပြီးလုပ်ရမှာပေ့ါ။ သူကအဓိကဖြစ်နေတာကိုး။ ဆက်သွယ်ရေးအရာရှိ ရစ်ချတ်ဟိုဆေးက ဒဂုံမြို့ အလုံလမ်း၊ ပထမထပ်၊ အမှတ (၃၃၀) မှာနေတယ်။ အဲဒီတိုင်စာကိုလည်း သူတို့သက်သေခံ အဖြစ်သိမ်းထားတယ်။ ရစ်ချတ်ဟိုဆေးကို စစ်လိုက်ရင် ပေါ်သွားမှာပါ။ သူကိုယ်တိုင်က စာကိုလက်ခံထားတာကိုး။ ကျွန်တော်တို့ဖက်က ရစ်ချတ်ဟိုဆေးကို သက်သေအဖြစ် တင်ပြသင့်ရင်တင်ပြရမှာပေ့ါလေ။”

ဦးအေးမြင့် လွှတ်မြောက်ရေးအတွက် အာဏာပိုင်များနှင့် တစုံတရာဆွေးနွေးမှုများ ရှိပါသလားဟု ရစ်ချတ်ဟိုဆေးကိုမေးမြန်းကြည့်ရာ – – –

““ဇကိစ္စကိုဆွေးနွေးနေတယ်ဆိုတာမှန်ပါတယ်။ ခင်ဗျားတို့ကြားတဲ့အတိုင်း လယ်သမားတွေဆီက အစီရင်စာကိုလည်း ကျွန်တော်တို့ရထားပါတယ်။ ဒီပြဿနာကိုဖြေရှင်းဖို့ ကျွန်တော်တို့ တတ်နိုင်သမျှအကောင်းဆုံး လုပ်ပေးနိုင်အောင်ကြိုးစားနေပါတယ်။ ဒါပေမယ့်ကိစ္စအဝဝမပြီးပြတ်သေးတော့ သတင်းမီဒီယာတွေကို ဘာမှမပြောနိုင်သေးဘူးပေ့ါ။ “

ရစ်ချတ်ဟိုဆေးမှ ရှင်းလင်းပြသွားခြင်းဖြစ်ပါသည်။

အစသို့

## ဦးကျော်ဆန်း အယူခံ ဗဟိုတရားရုံးမှလက်ခံ

*၁၁၊အောက်တိုဘာ၊၂၀၀၅*

အင်းစိန်ထောင်တွင် နှစ်ရှည်ထောင်ချခံထားရသည့် စစ်ကိုင်းတိုင်း တန့်ဆည်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၏၊ နောက်ဆုံးအယူခံကို လက်ခံရန် အခုလ (၆)ရက် နေ့က ဗဟိုတရားရုံးတွင် လျှောက်လဲခဲ့ကြောင်း သိရပါသည်။ အဓိကအချက် (၃)ချက် ပေါ်မှာမူတည် လျှောက်လဲခဲ့သည့်အကြောင်း အဖွဲ့ချုပ်ရှေ့နေတဦးဖြစ်သော ဦးသိန်းညွှန့်မှ ယခုကဲ့သို့ပြောပြပါသည်။

“အချက်(၃)ချက်အပေါ်မှာ အခြေခံပြီးတော့ တရားရုံးကိုတင်ပြတယ်။ တချက်ကတော့ မူလရုံးရဲ့ အချက်အလက်ဆိုင်ရာအပေါ်မှားယွင်းမှု။ အဲဒါက ဘာလဲဆိုရင်၊ အကောက်ခွန်မဲ့ပစ္စည်းတွေဟာ **DKBA** ကသူ့ပစ္စည်းလို့ အင်းစိန်မြို့နယ်တရားရုံးကို စာရေးပြီးတင်ပြတယ်။ ကားကလည်း ကယားအထူးဒေသက ၊ ငြိမ်းချမ်းရေးအဖွဲ့ပိုင်ကားဆိုတာ၊ အဲဒီစာထဲမှာ ဖော်ပြထားတယ်။ ဒါဟာ ဦးကျော်ဆန်းနဲ့ မပတ်သက်ဘူးလို့ ဒီစာမှာ ရေးထားရဲ့သားနဲ့ ဦးကျော်ဆန်းကို အောက်ရုံးက ထောင်ဒဏ် (၇)နှစ်ပေးခဲ့တာ အချက်အလက် မှားယွင်းတယ်။ နောက် ဒုတိယက လုပ်ထုံးလုပ်နည်း ပြဿနာပေ့ါ။ လုပ်ထုံးလုပ်နည်း မှားယွင်းမှုက **DKBA** ကပုဂ္ဂိုလ်တွေကို ခေါ်ယူစစ်ဆေးပေးဖို့ တရားခံများက သက်သေအဖြစ်တင်တယ်။ အဲဒါကို ခေါ်မစစ်ပေးတဲ့အတွက် ဒါလုပ်ထုံးလုပ်နည်း မှားယွင်းတယ်။ တတိယအချက်ကတော့ ဥပဒေဆိုင်ရာမှားယွင်းမှုပေ့ါ။ ဒါက ဘာလည်းဆိုတော့ အဲဒီမှာနောက်ဆုံးသက်သေ၊ အကောက်ခွန်ဦးစီးကိုယ်တိုင်ကနေ ဘယ်ပစ္စည်းတွေသာ အကောက်အခွန်မဲ့ပစ္စည်း၊ ဘယ်ပစ္စည်းတွေဟာ အကောက်အခွန်မဲ့မဟုတ်တဲ့ပစ္စည်းဆိုတာ သာမန်လူတွေမသိဘူး။ အကောက်အခွန်အရာရှိတွေသာ ခွဲခြားသိနိုင်တယ်တဲ့။ အဲဒါတော့ အဲဒီဥပဒေ အချက်အလက်တွေကို ထည့်မစဉ်းစားတဲ့အတွက် ဥပဒေအရ မှားယွင်းတယ်။ ပြင်ဆင်မှုကို လက်ခံပြီး တရားခံဘက်က ကြားနာပေးသင့်တယ် ဆိုပြီးတော့ (၆) ရက် နေ့က လျှောက်လဲခဲ့တယ်။

တကယ်လို့ အမြင့်ဆုံးတရားရုံးကသာ ဥပဒေနဲ့အညီ ဆုံးဖြတ်မယ်ဆိုရင်တော့ သင့်တင့်မျှတတဲ့ အဆုံးအဖြတ်တခုခုကို ရရှိဖို့ မျှော်လင့်ထားတယ်လို့ည်း ဦးသိန်းညွှန့် က အခုလိုဆက်ပြောသွားပါတယ်။

“အကျဉ်းနည်းနဲ့ မပယ်လိုက်ဘူးဆိုရင် သူ့ကို ရှေ့နေရုံးက ရှေ့နေရယ်၊ ကျနော်ရယ် တရားသူကြီးရှေ့မှာ နောက်တကြိမ်၊

နှစ်ဖတ်ကြားနာပြီး လျှောက်လဲရတော့မှာ။ ကျနော့်အတွေ့အကြုံအရ ဒါကတော့ ရှားရှားပါးပါးပါပဲ။ ကျနော်လိုက်ခဲ့တဲ့ နိုင်ငံရေးအမှုတွေထဲမှာ များသောအားဖြင့် ကျနော်လည်း အကျဉ်းနည်းနဲ့ ရင်ဆိုင်ခဲ့ရတာများပါတယ်။ တရားသူကြီးက နှစ်ဖက်ကြားနာပြီးမှ၊ အယူခံကို သူလက်ခံတယ်ဆိုရင် အပြစ်ကို ကွင်းလုံးကျွတ်လွတ်တာလည်း ရှိနိုင်တယ်။ ပြစ်ဒဏ်တစိတ်တဒေကို လျှော့ပေါ့ပေးနိုင်တာလဲ ရှိနိုင်တယ်။ အခုကျပြီးတဲ့ ချုပ်ရက်တွေနဲ့ လွတ်ပြစ်တာလည်း ရှိနိုင်တယ်။ အယူခံလက်ခံပြီးရင်တော့ ပြင်ဆင်မှုလျှောက်ထားတဲ့သူရဲ့၊ အသက်အရွယ်တို့၊ နောက်ကြောင်းရာဇဝင်တို့ အားလုံးကို ထည့်စဉ်းစားပြီးတော့ သင့်တင့်မျှတဲ့ အဆုံးအဖြတ်တစ်ခုကို ရမယ်လို့ကျနော်မျှော်လင့်ပါတယ်။”

တန့်ဆည်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းသည်၊ အသက် (၇၄) နှစ်အရွယ် ရှိပြီဖြစ်သောကြောင့် ထောင်(၇) နှစ်ချမှတ်ထားသည်မှာ၊ တည်ဆဲဥပဒေအရများလွန်းနေ သည်ဟု ဦးသိန်ညွန့်မှ ပြောပါသည်။ ဦးကျော်ဆန်း၏ အယူခံကို ယခုလိုလျှောက်လဲခွင့်ပေးသော်လည်း၊ ထောင်အနှစ် (၄၀) ကျော်ချမှတ်ထားခံရသော **CRPP** အဖွဲ့ဝင် ဦးကျော်မင်း၏ အယူခံကိုမူ ရန်ကုန်တိုင်း တရားရုံးမှ ပယ်ချလိုက်သည်ဟုသိရပါသည်။

အစသို့

## လူထုသတ္တိရှင်ဆု ပူးတွဲရရှိသူ အင်ဒိုနီးရှားမှ ကွယ်လွန်သူ မုနီး၏ ဇနီးမှ မင်းကိုနိုင်အားချီးကျူး

*၁၁၊အောက်တိုဘာ၊၂၀၀၅*

အမေရိကန်နိုင်ငံတွင် ယနေ့ချီးမြှင့်မည့် Civil Courage ခေါ် လူထုသတ္တိရှင်ဆု ရရှိသူ သုံးဦးအနက်၊ မင်းကိုနိုင်နှင့်အတူ အင်ဒိုနီးရှားနိုင်ငံမှ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်ရင်း၊ အဆိပ်ခတ်လုပ်ကြံခံရသူ မုနီးဆိုသူလည်း တဦးအပါအဝင် ဖြစ်ပါသည်။ အဆိုပါ မုနီးရဲ့ဇနီးသည်ည်းဖြစ်၊ လူ့အခွင့်အရေးအတွက် ခင်ပွန်းသည်ကိုယ်စား ဆက်လက်တိုက်ပွဲဝင်နေသည့် မစ္စဆူဇီပူထရောကို၊ ဒီဗွီဘီ သတင်းထောက် ကိုခင်မောင်စိုးမင်းက ဆက်သွယ်မေးမြန်းထား ပါသည်။ ပထမဆုံးဆက်သွယ်မေးမြန်းထားချက်မှာ (၈)လေးလုံး ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်နှင့်အတူ ခင်ပွန်းသည် ထိုဆုကိုရရှိသည့်အတွက် မည်သို့ခံစားရပါသနည်းဟု မေးမြန်းသည့်အခါ ဆူဇီက ဘာသာပြန်တဆင့် ယခုလို အင်ဒိုနီးရှားစကားဖြင့် ဖြေကြားခဲ့ပါသည်။

“ကျမရဲ့ ခင်ပွန်းသည် မုနီးအနေနဲ့ လူထုသတ္တိရှင်ဆုကို ကြီးမြတ်တဲ့ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်လို ပုဂ္ဂိုလ်မျိုးနဲ့ ပူးတွဲရရှိတဲ့အတွက် ဂုဏ်ယူလို့ကို မဆုံးနိုင်တော့ပါဘူး။ မင်းကိုနိုင်ရဲ့ လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်မှုတွေကိုလဲ ကျမတို့က ထောက်ခံအားပေးသွားမှာပါ။ မင်းကိုနိုင်ဟာ အာဏာပိုင်တွေရဲ့ ဖိနှိပ်မှုကနေ ကိုယ်လွတ်ရုန်းမထွက်ဘဲ မြန်မာပြည်သူတွေရဲ့ လူ့အခွင့်အရေးအတွက်၊ အညံ့မခံဘဲ တိုက်ပွဲဝင်နေတာ ကျမတို့အားလုံး သိရှိသလို အတုယူစရာတဲ့ သူရဲကောင်းတဦးဖြစ်ပါတယ်။” ဟုပြောသွားပါသည်။

ဆက်လက်ပြီး လူ့အခွင့်အရေးအတွက် ဆူဇီပူထရာသည်၊ ခင်ပွန်းသည်နည်းတူ နေရာမရွေး၊ အချိန်မရွေး တိုက်ပွဲဝင်နေသူတဦးဖြစ်တယ်ဟု နာမည်ကြီးပါသည်။ ထို့ကြောင့် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၏ လူ့အခွင့်အရေး လှုပ်ရှားမှုများနှင့် ဆက်စပ်ဆောင်ရွက် သွားရန် ရှိပါသလားဆိုသည့် အမေးအား – – –

“ကျမတို့အနေနဲ့ မြန်မာ့ဒီမိုကရေစီရေးအတွက် လှုပ်ရှားဆောင်ရွက်နေသူတွေ မြန်မာပြည်သူတွေနဲ့ သွေးစည်းညီညွတ်မှုတွေ ပြသလုပ်ဆောင်သွားမှာပါ။ မြန်မာနိုင်ငံအခြေအနေကတော့ တော်တော်ကြီးကို ဆိုးရွားလွန်းပါတယ်။ ဒါကြောင့် ကျမတို့အနေနဲ့ ပူပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်ဖို့လိုပါသေးတယ်။” ဟုဖြေကြားပါသည်။

ဆူဇီပူထရာနှင့် ခင်ပွန်းသည် မုနီးတို့သည် ဒေါ်အောင်ဆန်းစုကြည်အား အထူးလေးစားကြသူများ ဖြစ်ကြပါသည်။ ယင်းတို့၏ (၃)နှစ်အရွယ် သမီးလေး၏အမည်တွင်၊ ဒေါ်အောင်ဆန်းစုကြည်၏ အမည်ကိုပါ ဖြည့်စွက်မှည့်ထားကြောင်း ဆူဇီ၏ လုပ်ဖော်ကိုင်ဘက်လည်းဖြစ်၊ ဘာသာပြန်ပေးသူလည်းဖြစ်သည့်၊ မစ္စဘွန်ကီးက ဒီဗွီဘီကို ဖြည့်စွက်ပြောပြပါသည်။

“သူတို့ရဲ့သမီးလေးနာမည်က အောင်ဆန်းစုကြည် နာတာဆာကီပါ။ ဒေါ်အောင်ဆန်းစုကြည်ဟာလဲ မုနီးရဲ့ စံပြုခေါင်းဆောင်တဦး ဖြစ်ပါတယ်။ သူတို့ သမီးလေးကိုလဲ ဒေါ်အောင်ဆန်းစုကြည်လိုပဲ လူသားတွေလွတ်လပ်ဖို့အတွက် တိုက်ပွဲဝင်သူတဦးဖြစ်ဖို့ ရည်ရွယ်ထားပါတယ်။”ဟုဆိုပါသည်။

အင်ဒိုနီးရှားတွင် နာမည်အကြီးဆုံး လူ့အခွင့်အရေးတိုက်ပွဲဝင်သူတဦးဖြစ်သော၊ ဆူဇီပူထရာ၏ ခင်ပွန်းသည် မုနီးသည် ယမန်နှစ် စက်တင်ဘာလအတွင်းက နယ်သာလန်နိုင်ငံသို့အသွား လေယာဉ်ပေါ်တွင်၊ အစာထဲအဆိပ်ခတ်ပြီး လုပ်ကြံသတ်ဖြတ်ခြင်း ခံခဲ့ရပါသည်။ မုနီးသည် (၁၉၉၇) ခုနှစ်တွင် ပန်ထရပ်ဆိုသည့်၊ လူ့အခွင့်အရေးအဖွဲ့ ဖွဲ့စည်းပြီး၊ ဆူဟာတို စစ်အစိုးရ၏ လက်ချက်ကြောင့် သေဆုံးပျောက်ဆုံးသူများ၏ စာရင်းများကိုဖော်ထုတ်ပေးခဲ့ပါသည်။ ထို့အပြင် (၁၉၉၉) ခုနှစ်

ပတ်ဝန်းကျင်က အရှေ့တီမော၌၊ အင်ဒိုနီးရှားမှထောက်ခံအားပေးသည့် စစ်သွေးကြွများ၏ လူသတ်ပွဲကြီး လုပ်နေစဉ်တွင်၊ အင်ဒိုနီးရှားစစ်တပ်မှ လက်နက်တပ်ဆင်ပေးခြင်းကိစ္စကိုလည်း ဖော်ထုတ်ပေးခဲ့သည်။ ထို့ကြောင့် ထိုအချိန်က၊ နာမည်ကြီး အင်ဒိုနီးရှားစစ်ဗိုလ် ဝမ်တိုအပါအဝင် စစ်ဗိုလ်ချုပ် (၆) ဦး၏ မတရားလုပ်ရပ်များကို ကမ္ဘာတဝှမ်းကသိရှိခဲ့ရသည်။ အနောက်ပါပူဝမ်နှင့် အာချေးနယ်တွင်၊ အင်ဒိုနီးရှားအစိုးရ၏၊ လူ့အခွင့်အရေး ချိုးဖောက်မှုများအား ဆန့်ကျင်ခဲ့သည့်အတွက် အင်ဒိုနီးရှားအစိုးရ၏ အာဃာတ ထားခြင်းကို ခံခဲ့ရကြောင်းသိရပါသည်။

အစသို့

## အရပ်သားသတ္တိရှင် ဆုရှင် ကိုမင်းကိုနိုင်နှင့်ဆက်သွယ် မေးမြန်းချက်

*၁၂၊အောက်တိုဘာ၊၂၀၀၅*

(၈) လေးလုံးမျိုးဆက် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်အား အမေရိကန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့ကြီးတခုမှ၊ ယခုနှစ်အတွက် အရပ်သားသတ္တိရှင်ဆုရှင်အဖြစ်ရွေးချယ်ပြီး ယမန်နေ့ကဆုပေးလိုက်ပြီးဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ မင်းကိုနိုင်ကိုယ်တိုင် အဆိုပါဆုကို မယူနိုင်ဘဲ သူ့ကိုယ်စား နိုင်ငံရေးအကျဉ်းသားဟောင်းတဦးဖြစ်သူ ကိုဘိုကြည်က တက်ရောက်လက်ခံယူခဲ့ရပါသည်။ ဆုကို ကိုယ်တိုင်တက်ရောက်မယူနိုင်ခြင်းနှင့်ပတ်သက်၍ မင်းကိုနိုင်အား မေးကြည့်သည့်အခါ – – –

“အဲဒါကတော့ တကယ်လို့ ပြန်လာလို့ မရဘူးဆိုလို့ရှိရင်၊ ကျနော်တို့ ပြည်သူတွေနဲ့ ကျနော် ဝေးကွာသွားမှာပေ့ါ။ ကျနော်ပြောပြီးပြီ။ ပြည်သူတွေနဲ့ကံတရားက တဘက်ထဲပဲဖြစ်ချင်တယ်။ ကောင်းလဲအတူ ဆိုးလဲအတူပေ့ါ။ ဘာမဆိုအတူနေချင်တယ်။ ပြည်သူတွေနဲ့ထပ်တူ သူတို့ရဲ့ခံစားချက်၊ သူတို့ရဲ့မျှော်လင့်ချက်၊ သူတို့လိုလားချက်တွေကိုပဲ ကျနော်တို့အတတ်နိုင်ဆုံး ဖော်ထုတ်မယ်။ ပြည်သူတွေမှာ အကြောင်းမျိုးမျိုးကြောင့် နှုတ်ပိတ်နေတဲ့ ပြည်သူတွေရဲ့ကိုယ်စား ကျနော်တို့ဟာ ပြောသင့်ပြောထိုက်တာ ဆိုရင်တော့ ကျနော်တို့ပြောရလိမ်မယ်။ ဒါ ကမ္ဘာသိအောင်လို့ ပြည်သူတွေရဲ့နစ်နာချက်တွေ၊ လိုလားချက်တွေကို ကျနော်တို့ပြောရမှာပဲ။ အဲဒါကြောင့် ကျနော်တို့က အပြင်မှာတော့ ကျနော်တို့ဆီက သွားကြတဲ့ ညီအကိုမောင်နှမတွေ အတော်တော်များများ ရှိနေပြီး ဆိုတဲ့အခါကျတော့၊ လုံလောက်ပြီလို့ ကျနော်ထင်တယ်။ အဲဒီတော့ ကိုယ်တာဝန်ကိုယ် ကျေကြဖို့ပဲ အရေးကြီးပါတယ်။ နိုင်ငံပြင်ပရောက်နေကြတဲ့ ကျနော်တို့ရဲ့ ကျောင်းသားတွေ၊ ကျနော်တို့ရဲ့ ဒီမိုကရေစီ ဘက်တော်သားတွေလဲ ကိုယ့်တာဝန်ကို ကျေအောင်လုပ်ကြပါ။ ပြည်တွင်းမှာလဲ ကျနော်တို့ ကိုယ့်တာဝန်ကိုကျေဖို့ ကြိုးစားပါ့မယ်။ အဲဒီလောက်ပဲ ကျနော်ပြောနိုင်မယ်။”

အရပ်သားသတ္တိရှင် ဆုရှင် မင်းကိုနိုင်ဖြစ်ပါသည်။ အရပ်သားသတ္တိရှင်နှင့် စစ်သားသတ္တိရှင် ကွာခြားပုံကိုလည်း မင်းကိုနိုင်ကယခုလို ရှင်းပြခဲ့ပါသည်။

“အရပ်သားတွေရဲ့ သတ္တိဆိုတဲ့နေရာမှာ ဒါ ကျနော်ပြောခဲ့ပြီးပါပြီ။ တရားမျှတခြင်းကို လိုလားတဲ့သူတွေ ဖြစ်ရပါလိမ့်မယ်။ အဲဒီတော့ တရားမျှတတဲ့ လူ့ဘောင်တခု ဖြစ်ဖို့အတွက် ဘာမဆိုရင်ဆိုင်ရဲရမယ်။ အဲဒီလို ရင်ဆိုင်ရဲတာက သတ္တိပါ။ အဲ့ဒီတော့ စစ်မြေပြင်မှာ ဘွဲ့တံဆိပ်တွေ ရလာခဲ့တဲ့သူတွေဟာ၊ ကျနော်တို့လို အစိမ်းသက်သက် ဘာလက်နက်မှ မရှိဘဲနဲ့ တိုက်ခန်းတခုထဲမှာ ပိတ်ပြီးတော့ထည့်ထားလိုက်မယ်။ နှစ်ပေါင်းအကန့်အသတ်မရှိ ဆိုရင်နေကြည့်ပါ။ မထူးဘူး။ မိမိရဲ့ သတ္တိဟာ ကိုယ်ကိုင်ထားတဲ့ လက်နက်အပေါ်မှာရုပ်ဝတ္ထုပစ္စည်းအပေါ်မှာ သွားပြီးတော့ တည်မှီနေတယ် ဆိုလို့ရှိရင် ရုပ်ဝတ္ထုမရှိတော့ဘူး ဆိုတဲ့အခါမှာ သူသတ္တိမရှိတော့ဘူး။ အဲဒီလို ရှိတာကိုး။ အဲဒီတော့ စိတ်ရဲ့စွမ်းအား ယုံကြည်မှုနဲ့ ရပ်တည်ရဲတဲ့ လူကတော့ ဘာဝတ္ထုမှ မလိုတော့ဘူး။ အဲ့ဒီလိုတော့ ကွာတယ် ။ အနာကင်းတဲ့ သစ်သီးမှသာလျှင် အရသာမှန်ကို ပေးစမြဲဖြစ်သလို ယုံမှားသံသယကင်းတဲ့ သတ္တိမှသာ မှတ်ကျောက်တင်ခံ ပါလိမ့်မယ်။ ကျနော်တို့ မြန်မာပြည်သူတွေရဲ့ သတ္တိဟာ လိုအပ်တဲ့ အချိန်မှာ လိုအပ်သလို ထုတ်ပြနိုင်ခဲ့တယ်။ ရင်ဆိုင်နိုင်ခဲ့တယ် ဆိုတာကို (၈၈) ကနေ တလျှောက်လုံးပေ့ါ ဒီကနေထိ ရွေးကောက်ပွဲ ကာလမှာဆိုရင်လဲ ရဲရဲရင့်ရင့် သတ္တိရှိရှိ လုပ်သင့်လုပ်ထိုက်တာကို လုပ်ခဲ့ကြတယ်။ မလုပ်သင့် မလုပ်ထိုက်တာကို မလုပ်ခဲ့ကြဘူး။ အဲဒီလို သတ္တိတွေကို ပေးလိုတဲ့ ဆုပဲလိုကျနော်နားလည်ပါတယ်။”

နိုင်ငံတကာမှ ယင်းဆု ချီးမြှင့်သည့်အတွက် မြန်မာ့ဒီမိုကရေစီအရေးလုပ်ရှားမှုကို မည်သို့ အထောက်ကူ ဖြစ်စေမည်နည်းဟု မေးသည့်အခါ – – –

“နိုင်ငံတကာကနေပြီးတော့ ကျနော်တို့ပြည်သူတွေရဲ့ လှုပ်ရှားရုန်းကန်မှုတွေ အပေါ်မှာ သတ္တိဆု ပေးတယ်ဆိုတဲ့ အခါကျတော့၊ တကယ်တော့ တဦးတယောက်ကောင်းနဲ့ ရတာမဟုတ်ဘူးဆိုတာကို ကျနော်ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား ဝန်ခံချင်ပါတယ်။ အားလုံးသော ပြည်သူတွေ ကျရာတာဝန်မှာကျေခဲ့လို့ပါ။ အဲဒီကျရာတာဝန်ကို ဆက်ပြီးတော့ ကျေကြအုံးမယ်

လို့လည်း ကျနော်မျှော်လင့်ပါတယ်။ အဲဒီလိုအသိအမှတ်ပြုတာမျိုး စိတ်ဓာတ်ရဲ့ ခွန်အားကို ဖြစ်စေတဲ့ အကူအညီပေးမှုမျိုးပါ။ အဲဒါမျိုးသည်သာလျှင် ကျနော်တို့ သွားနေကြတဲ့၊ ဆက်လက်ပြီး ရုန်းကန်လှုပ်ရှားနေကြရတဲ့၊ ခရီးကြမ်းကြီးမှာ အင်မတန်မှအင်အားကိုဖြစ်စေပါတယ်။ ငါတို့ဟာ အထီးကျန်မဟုတ်ပါလားဆိုတဲ့ အချက်ကိုတော့ ကျနော်တို့ ပြည်သူတွေ ပိုင်ပိုင်နိုင်နိုင်ကြီးရသွားတယ်လို့ ပြောချင်ပါတယ်။ အဲဒါသည်သာလျှင် ရှေ့ဆက်ရမယ့် ကျနော်တို့ ခရီးအတွက် အကောင်းဆုံးသော ခွန်အားဖြစ်နေပါတယ်။''

အစသို့

## ထန်းမနိုင်ကျေးရွာသူ မစုစုနွေးအား ထောင်တနှစ်ခွဲ ချမှတ်

*၁၃၊အောက်တိုဘာ၊၂၀၀၅*

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာမှ၊ မစုစုနွေးအား မြို့နယ်တရားရုံးက ပုဒ်မနှစ်ခုဖြင့် ယနေ့ ထောင်တနှစ်ခွဲ ချမှတ်လိုက်ကြောင်း သိရပါသည်။ ကျေးရွာ အာဏာပိုင်များအား ခြိမ်းခြောက်ကြိမ်းဝါးခဲ့သည်ဆို၍၊ ယခုလို ထောင်ချလိုက်ခြင်း ဖြစ်ပါသည်။ ယနေ့ အမိန့်ချရာမှတ်ရာတွင် မစုစုနွေး၏ရှေ့နေ ဦးမြင့်သောင်းနှင့် အဖွဲ့ချုပ်ဝင်များအပြင် မင်းကိုနိုင်၊ ကိုကိုကြီး စသည့် (၈) လေးလုံး ကျောင်းသားခေါင်းဆောင်များ၊ ထန်းမနိုင် ရွာသူရွာသားများ (၃၀၀)နီးပါး လာရောက်ခဲ့ကြသည်ဟုသိရပါသည်။

အဓမ္မ အလုပ်ခိုင်းစေခဲ့သည့် အာဏာပိုင်များအား၊ မစုစုနွေးမှ တရားစွဲအမှုနိုင်ခဲ့ရသည့် အပေါ် အာဏာပိုင်များဘက်က အပြိုးအတေးနှင့် ပြန်ပြီးအမှုဆင် တရားစွဲခဲ့ခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ မစုစုနွေးအား ထောင်ချလိုက်သည့်အပေါ် အဖွဲ့ချုပ်ရှေ့နေ ဦးဉာဏ်ဝင်း၏ အဆိုအရ အမှုဆီလျော်မှုမရှိကြောင်း ရှင်းပြခဲ့ပါသည်။

''သူက တနှစ်နဲ့ခြောက်လပေါ့။ ပုဒ်မနှစ်ခုနဲ့။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၅၀၆) ဆိုတာက ခြိမ်းခြောက်မှုပေါ့။ နောက် (၂၉၄–ခ) ဆိုတာက ညစ်ညစ်ညမ်းညမ်းဆဲဆိုတာပေါ့။ ဒီအမှု အမိန့်ချမှတ်တာ မှန်ကန်မှုမရှိဘူးလို့ ကျတော် တို့ယုံကြည်တယ်။ ဥပဒေရေးရာမှာ မစုစုနွေး အပြစ်ရှိကြောင်း ခိုင်ခိုင်လုံလုံသက်သေမပြနိုင်ဘူး။ နောက် ဆဲဆိုတယ်။ ခြိမ်းခြောက်တယ်ဆိုတဲ့ အချိန်၊ အဲဒီနေရာ၊ အဲဒီအချိန်မှာရှိနေတဲ့ အဲဒီလူတွေက တရားရုံးလာပြီးတော့ ဒါမမှန်ပါဘူး။ ဒီလိုပြောတာ မရှိပါဘူး၊ ခြိမ်းခြောက်တာလဲ မရှိဘူးလို့၊ ထွက်တယ်။ ထွက်တဲ့ ထွက်ဆိုချက်တွေလဲ ရှိတယ်၊ ဒီလိုအခြေအနေမှာ အပြစ်တွေ့ရှိတာ မှန်ကန်မှုမရှိဘူးလို့ ကျနော် ယုံကြည်တယ်။''

ဦးဉာဏ်ဝင်းပြောခဲ့သလိုပင် မစုစုနွေးနှင့်အတူ၊ အာဏာပိုင်များအား အမှုနိုင်ရခဲ့သည့် ထန်းမနိုင်မှ ကိုအောင်ဇင်မိုးနှင့် ရွာသားတယောက်ကလည်း၊ မစုစုနွေးအား ယခုကဲ့သို့ ထောင်ချလိုက်ခြင်းသည် တရားမျှတမှုမရှိကြောင်း ယခုလို ပြောပြပါသည်။

''ထောင်ချလိုက်တာ မတရားဘူးလို့ ကျနော့်အနေနဲ့ ယူဆတာပေါ့။ အမှန်တကယ်လဲ မတရားပါးဘူး၊ မြို့နယ် အာဏာပိုင်တွေကနေပြီးတော့ မစုစုနွေးကို ပြစ်ဒဏ်မကျကျအောင်၊ မြို့နယ်တရားရုံးကနေ အခုလိုလုပ်လိုက်တာပါ၊ မစုစုနွေးဟာတကယ်တော့ မိန်းမပျိုလေးတယောက်၊ မိန်းမပျိုလေးတယောက်ဟာ အာဏာပိုင် ယောကျ်ားတယောက်ကို ကြိမ်းဝါးတယ်ဆိုတာမျိုးက၊ နိုင်ငံတကာကလည်း လေ့လာသုံးသပ်လို့ ရပါတယ်။ အဲဒီအပေါ်မှာ အခုလိုထောင်ချ လိုက်တယ်ဆိုတော့ မြို့နယ်တရားရုံးက မတရားဘူးလို့ ကျနော့်အနေနဲ့ ပြောချင်ပါတယ်။''

''မိန်းကလေးတယောက်က ယောကျ်ားကြီးတစ်ယောက်ကို ကြိမ်းဝါးတယ်ဆိုတာက ကျတော်တို့လည်း မဖြစ်နိုင်ဘူးဆိုတာသိတယ်။ မဖြစ်နိုင်တာကို သူတို့က အဖြစ်လုပ်ပြီးတော့ အခုလိုလုပ်လိုက်တာပေါ့။''

''မစုစုနွေးနဲ့ ပတ်သက်ပြီး ပြောချင်တာက မစုစုနွေးက တကယ်တော်တဲ့ မိန်းကလေးတယောက်ပေါ့။ အများအကျိုးအတွက် သူတယောက်ထဲအနစ်နာခံတယ်။ သူ့ကိုယ်သူလည်း သူဟာဘယ်လိုပဲ ဖြစ်နေဖြစ်နေ၊ အမှန်တရားဘက်က ရပ်တည်ပြီးတော့ ကျေးရွာအပေါ်မှာ အနစ်နာခံတယ်။ ထောင်ကျမယ် ဆိုတဲ့အရာကို မစဉ်းစားဘူး။ အမှန်တရား ပေါ်ပေါက်ရင် ပြီးရော။ အဲဒီလိုပဲ''

''မစုစုနွေး မှန်တယ်၊ မှားတယ်ဆိုတာ ဘုရားရှင်နဲ့တကွ လူသူတော်ကောင်း၊ နတ်သူတော်ကောင်း အားလုံးသိပါတယ်၊ တရွာလုံးကတော့ မစုစုနွေးဒီလိုဖြစ်သွားတာ စိတ်မကောင်းကြဘူးပေါ့နော်။ ဘာလို့လဲဆိုတော့ သူဟာ အမှန်တရားကိုမြတ်နိုးတယ်။ အမှန်တရားဘက်က ရပ်တည်တယ်။ ရွာသားအားလုံးဘက်က ရပ်တည်တယ်ဆိုတဲ့ အခါကျတော့ သူ့ကို တော်တော်လေးလည်း ချစ်ခင်လေးစားကြတယ်ပေါ့။ သူကြောင့်လည်း တော်တော်များများ ပြောမယ်ဆို မစုစုနွေးက အမှန် တရားဘက်က ရပ်တည်တဲ့အခါ ကျတော့ ကျနော်တို့ရွာရဲ့ အုတ်တံတိုင်းသဖွယ်ဖြစ်နေတာပေါ့။''

အစသို့

## နှစ်ရှည် နိုင်ငံရေးအကျဉ်းသား ကိုသက်ဝင်းအောင် ကျန်းမာရေးတိုးတက်မှုမရှိ

*၁၄၊အောက်တိုဘာ၊၂၀၀၅*

မန္တလေးထောင်၌ နှစ်ရှည်ထောင်ချခံထားရသည့် (၉၈) ကျောင်းသားခေါင်းဆောင် ၊ ကိုသက်ဝင်းအောင်၏ ကျန်းမာရေး သိသိသာသာတိုးတက်လာခြင်းမရှိဟု သိရပါသည်။ ထိုသတင်းအသေးစိပ် သိနိုင်ရန် ယမန်နေ့က ထောင်ဝင်စာတွေ့ ပြန်လာခဲ့သော အကိုဖြစ်သူ ကိုပြုံးချိုကို ဆက်သွယ်မေးမြန်းကြည့်ရာ – – –

"သူ့ကိုအခန်းထဲကနေပြီးထောင်ဝင်စာခန်းကိုလာတော့ ၊ သူ့ကိုပေးထားတဲ့ Wheel chair နဲ့ ထုတ်လာတယ်။ အရင်အတိုင်းပဲ ကျန်တဲ့အကျဉ်းသားတွေက တွဲခေါ်လာတယ်၊ အဲဒါနဲ့ ထိုင်ခုံမှာ ထိုင်စကားပြော၊သူလိုချင်တဲ့ ပစ္စည်းတွေ၊ ဘာတွေမှာပေါ့။ စာတွေ၊ ဘာတွေတော့ ပြန်ဖတ်နေပြီ၊ စိတ်ပိုင်းဆိုင်ရာတော့ နည်းနည်းတိုးတက်မှုတွေ ဖြစ်လာပြီ။ ဒါပေမယ့် သူကတခုဖြစ်တာက ခြေထောက်က၊ တခါတခါမှာ ညွတ်ညွတ်ပြီး ကျသွားတယ်။ control မဲ့နေတာပေါ့။ အဲ့ဒီလို ညွတ်ကျသွားတဲ့အချိန်မှာ ကျန်တဲ့ခန္ဓာကိုယ် အစိတ်အပိုင်းတွေ မထိခိုက်အောင် သူတော်တော်သတိထားပြီးနေရတယ်။ လမ်းလျှောက်ချင်တဲ့အချိန်မှာ လျှောက်ချင်တဲ့ အသိစိတ်ဝင်လာပြီး၊ တခါခါမှာ control မရဘဲနဲ့ ဒူးညွတ်ပြီးတော့ ပြုတ်ကျသွားတယ်။ အဲဒီအချိန်မှာ အရမ်းသတိထားရတယ်လို့ ပြောတယ်။"

ဒီဗွီဘီ။ ။ ဆိုလိုတာက သိသိသာသာတိုးတက်မှု ရှိသေးဘူးဆိုတဲ့ သဘောလား၊

"ဟုတ်ပါတယ်၊ ထူးထူးခြားခြား တိုးတက်လာမှု မရှိပါဘူး၊ ကျနော်တို့က ဒီဘက်မှာ တတ်နိုင်သလောက် အစားအသောက်ကို ပြည့်ပြည့်နစ်နစ်ပြန်စားပြီးတော့ ကျန်းမာရေး ပြန်ကောင်းအောင်လုပ်ဖို့ တတ်နိုင်သလောက် လုပ်နေပါတယ်။ တခုရှိတာကတော့ စိတ်ပိုင်းဆိုင်ရာမှာတော့ တော်တော်တည်ငြိမ်သွားတယ်။ စာတွေပြန်ဖတ်နေတဲ့ အနေအထားရှိပါတယ်။"

ဒီဗွီဘီ။ ။ ကျနော်တို့သိသလောက် ကိုပြုံးချိုတို့ (၈၈) မျိုးဆက် ကျောင်းသားတွေက နိုင်ငံရေးအကျဉ်းသားတွေနဲ့ ပတ်သက်လို့ပေါ့လေ၊ နအဖဆီကို စာရေးတင်ပြခဲ့တယ်လို့ သိရပါတယ်။ ဒီကြေညာချက်နဲ့ ပတ်သက်လို့ရော နအဖဘက်က ဘယ်လိုတုန့်ပြန်မှုတွေရခဲ့လဲ။

"ပြီးခဲ့တဲ့ (၆) ရက်နေ့အသုတ်လွှတ်ပြီးတဲ့ နောက်ပိုင်းကျတော့၊ အခုနောက်ပိုင်း အဲဒီကောင်က ရပ်သလိုဖြစ်နေတယ်။ လွှတ်ပေးမှုမျိုး ထပ်မတွေ့လာတဲ့အပြင်ကို ၊ မနေ့ကဆိုရင်ပဲ ထန်းမနိုင်ရွာက မစုစုနွေးပေါ့နော် ILO ကိစ္စနဲ့ ပတ်သက်ပြီးတော့ မစုစုနွေးကို တနှစ်နဲ့ ခြောက်လ ချလိုက်တယ်။ ဒါမျိုးတွေဟာ ဒီအချိန်မှာ ပြုပြင်ပြောင်းလဲရေး ကိုဦးတည်နေတဲ့ အချိန်မှာ ဒီဟာတွေဟာ၊ မဖြစ်သင့်တဲ့ကိစ္စတွေဖြစ်နေတယ်။ အဲဒါတွေနဲ့ ပတ်သက်ပြီး အလေးနက်ထားပြီးတော့၊ သက်ဆိုင်ရာတာဝန်ရှိတဲ့လူတွေကလဲတတ်နိုင်သလောက် လျော့လျော့ပေါ့ပေါ့ အကောင်းဘက်ကို ဦးတည်ပြီးတော့ စဉ်းစားပေးချင်တယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးအရ ယုံကြည်ချက်ကြောင့် လုပ်နေတဲ့သူတို့ရဲ့၊ ရင်ထဲမှာ တကယ်ဖြစ်စေချင်တဲ့ ဆန္ဒက တိုင်းပြည်ကောင်းစေချင်တဲ့ ဆန္ဒတွေသာ ဦးတည်နေတယ်။ အဲ့ဒီဆန္ဒတွေကို ကျနော်တို့ တန်ဖိုးထားရမယ်။ ဒါကြောင့်မို့လို့ အားလုံးဟာ တိုင်းပြည်အတွက် အကျိုးရှိနိုင်မယ်လို့ ဦးတည်နေတဲ့အတွက် ၊ ထိန်းထိန်းသိမ်းသိမ်း လုပ်ပေးစေချင်ပါတယ်။"

ကိုပြုံးချိုဟာ ထောင်ထဲမှာ (၁၄) နှစ်နီးပါး နေခဲ့ရသူဖြစ်သလို ညီဖြစ်သူ ကိုသက်ဝင်းအောင်ကတော့ အနှစ် (၅၀) ကျော် ထောင်ချခံထားရသူ ဖြစ်ကြောင်းပါ။

အစသို့

## မစုစုနွေးလိုအပ်သည့် ဆေးဝါးအသုံးဆောင်များကို အာဏာပိုင်များက ထောင်ထဲယူခွင့်မပြု

*၁၄၊အောက်တိုဘာ၊၂၀၀၅*

ထောင်တနှစ်ခွဲ ချမှတ်ခံခဲ့ရသော ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ထန်းမနိုင်ရွာသူ၊ မစုစုနွေး နေ့စဉ်ပုံမှန်သောက်နေရသည့် ဆေးဝါးများအား၊ ထောင်အာဏာပိုင်များမှသိမ်းယူပြီး မိသားစုဝင်များထံ ပြန်ပို့ပေးခဲ့ကြောင်း သိရပါသည်။ ယမန်နေ့က အင်းစိန်ထောင်သို့အပို့တွင်၊ မစုစုနွေးအတွက် မရှိမဖြစ်လိုအပ်သည့် ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများအား၊ မိသားစုဝင်များနှင့် မစုစုနွေးကို ထောက်ခံအားပေးသူများမှ ပေးသဖြင့်၊ မစုစုနွေးကလည်းယူဆောင်သွားခဲ့ခြင်းဖြစ်ပါသည်။ အထူးသဖြင့် ကျန်းမာရေးမကောင်းသည့် မစုစုနွေးအနေဖြင့်၊ ပုံမှန်သောက်နေရသော ဆေးဝါးများကို အဓိကယူဆောင်သွားခြင်းဖြစ်ပါသည်။ သို့သော် ယနေ့ မနက်ပိုင်းက ကော့မှူးမြို့နယ်ရဲတပ်ဖွဲ့မှ၊

မစုစုနွေးယူဆောင်သွားသည့်ပစ္စည်းအားလုံးကို၊ အဖွဲ့ချုပ်ပြည်သူ့ကိုယ်စားလှယ် မြောင်းမြဘဆွေမှတဆင့် မိသားစုများထံ ပြန်ပေးခဲ့ခြင်းဖြစ်ပါသည်။ မရှိမဖြစ်လိုအပ်သည့် အမျိုးသမီး အသုံးအဆောင်များ၊ ထောင်ထဲယူခွင့်မပေးသည့်အပေါ် မိသားစုများနှင့် ထန်းမနိုင်ရှာသားများမှ မစုစုနွေးအတွက် အထူးစိုးရိမ်နေကြသည်ဟုဆိုပါသည်။ အာဏာပိုင်များအနေနှင့် မစုစုနွေးအပေါ် အာဃာတကြီးကြီးဖြင့်၊ ဆေးဝါးများယူခွင့် ပိတ်ပင်ခဲ့သလားဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပါ။

အစသို့

## CRPP အဖွဲ့ဝင် ဦးကျော်မင်းကို ထောင်ဝင်စာတွေ့ သူမရှိဖြစ်နေဟု သိရ

*၁၅၊အောက်တိုဘာ၊၂၀၀၅*

CRPP အဖွဲ့ဝင်တဦးဖြစ်သူ ဘူးသီးတောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနှင့်၊ မိသားစုတစုလုံးအား ဖမ်းဆီးထောင်ချထားသည့်အတွက် ထောင်ဝင်စာတွေ့မည့်သူမရှိ ဖြစ်နေကြောင်း သိရပါသည်။ အသက် (၆၀) နီးပါးအရွယ်ရှိ ဦးကျော်မင်းကို၊ နိုင်ငံရေး ပုဒ်မ(၅–ည)၊ နိုင်ငံသားပုဒ်မ (၁၈)တို့ဖြင့် ထောင်(၄၇) နှစ်ချမှတ်ထားခြင်း ဖြစ်ပါသည်။ ဇနီးဒေါ်တီဇာနှင့်သားသမီး (၃) ဦးကို၊ ထောင် (၁၇) နှစ်စီ ချမှတ်ထားပါသည်။ ထို့အပြင် တာမွေမြို့နယ်မှ ဦးကျော်မင်းပိုင် တိုက်ခန်းကို ရောင်းချခြင်းမပြုနိုင်ရန် ၊ အမိန့်စာလာကပ်သွားပြီး သားအကြီးဆုံးကို ဖမ်းဝရမ်းထုတ်ထားသည့်အတွက် ရှောင်တိမ်းနေရသည်ဟု၊ မိသားစုနှင့် နီးစပ်သူများကပြောပါသည်။ ထိုမျှမက ဘူးသီးတောင်ရှိ၊ ဦးကျော်မင်းနေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ပြီး ဆွေမျိုးသားချင်းများအား၊ စစ်ဆေးမေးမြန်းမှုလုပ်နေသည့်အတွက်၊ ဆွေမျိုးတချို့ ရှောင်တိမ်းနေကြရသည်ဟုသိရပါသည်။ ထို့ကြောင့်မိတ်ဆွေတချို့မှလွဲ၍၊ ဦးကျော်မင်းအား ပုံမှန်ထောင်ဝင်စာ တွေ့မည့်သူမရှိ ဖြစ်နေကြောင်းသိရပါသည်။

ဦးကျော်မင်းသည် ရခိုင်ပြည်နယ် ဘူးသီးတောင် အမှတ် (၁) မဲဆန္ဒနယ်မြေမှ အရွေးကောက်ခံ ကိုယ်စားလှယ်ဖြစ်ပြီး လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးပါတီ အလုပ်အမှုဆောင်ကော်မတီဝင် တစ်ဦးဖြစ်ပါသည်။ ထို့ပြင် ပြည်သူ့လွှတ်တော်ကိုယ်စားပြု ကော်မတီ **CRPP** အဖွဲ့ဝင်တဦးလည်း ဖြစ်ပါသည်။ ယခုလ မတ်လ (၂၇) ရက်နေ့တွင်၊ ရန်ကုန်မြို့နေအိမ်မှ ဖမ်းဆီးသွားခြင်းဖြစ်ပြီး၊ ဇနီးနှင့် သားသမီး(၃) ဦးကို၊ မေလ (၁၅) ရက်မှာ ဖမ်းဆီးခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက် ဦးကျော်မင်းအား၊ နိုင်ငံရေး ပုဒ်မ (၅–ည) ဖြင့် (၇) နှစ်၊ ဇနီးနှင့် သားသမီး (၃)ဦးအား နိုင်ငံသားမှတ်ပုံတင်ကာဒ် ရရှိအောင် ကြိုးစားပေးမှု၊ နိုင်ငံသားပုဒ်မ (၁၈) နှင့် အနှစ် (၄၀)။ စုစုပေါင်း ထောင်ဒဏ် (၄၇) နှစ် ချမှတ်ထားခြင်း ဖြစ်သည်။ ဦးကျော်မင်း ပြန်လွှတ်ရေးအတွက် မိတ်ဆွေဖြစ်သူ ရှေ့နေများက အဆင့်ဆင့်အယူခံဝင်ခဲ့သော်လည်း ၊ ပြီးခဲ့သည့် လထဲတွင်၊ ရန်ကုန်တိုင်း တရားရုံးက ပယ်ချခဲ့ပါသည်။ ယခုနောက်ဆုံး ဗဟိုတရားရုံးသို့ အယူခံဝင်ရန် ပြင်ဆင်နေကြောင်း မိသားစုဝင်များနှင့် နီးစပ်သူများ၏ ပြောပြချက်အရ သိရပါသည်။

အစသို့

## မစုစုနွေးအားမတရားသဖြင့် အကွက်ဆင်ထောင်ချလိုက်ခြင်းကို ပြည်သူများမကျေနပ်ဖြစ်

*၁၅၊အောက်တိုဘာ၊၂၀၀၅*

လုပ်အားပေးခိုင်းသည့် အာဏာပိုင်များအား၊ ပြန်တရားစွဲဆိုခဲ့သည့် မစုစုနွေးအား၊ ထောင်ဒဏ်တစ်နှစ်ခွဲ ချလိုက်သည့်အပေါ်၊ အလားတူအမှုများ ဖြစ်ပွားခဲ့သော တောင်ကုတ်နှင့် အောင်လံမြို့ခံများက၊ အတော်လေးမကျေနပ် ဖြစ်နေကြောင်းသိရပါသည်။ ထိုအကြောင်း တောင်ကုတ်မြို့မှ ဒေသခံတစ်ဦးက ယခုလိုပြောပြထားပါသည်။

"မြန်မာနိုင်ငံဟာ ILO အဖွဲ့ချုပ်ကြီးရဲ့ အဖွဲ့ဝင်နိုင်ငံ တနိုင်ငံဖြစ်တယ်။ ကွန်စတီကျူးရှင်း (၂၉)မှာ အဓမ္မလုပ်အားပေးမခိုင်းပါဘူးဆိုတဲ့ ILO ရဲ့ ပဋိညာဉ်စာချုပ်ပါ အချက်အလက်တွေကို လက်မှတ်ထိုးထားတဲ့ နိုင်ငံဖြစ်တယ်။ နောက်ပြီးတော့ မြန်မာနိုင်ငံလက်ရှိအစိုးရကလဲ ( ၁/၉၀) မှာ အမိန့်ထုတ်ထားတာ ရှိတယ်။ အဲဒီလို အဓမ္မလုပ်ခိုင်းစေခြင်းမပြုရဘူးလို့ အမိန့်ထုတ်ထားတဲ့ ဥစ္စာကို ၊သူတို့က ဒီလိုမျိုး၊ ဦးစိန်ပေါက ခိုင်းတယ်ဆိုတာကို၊ ဒါကို မစုစုနွေးက မကျေနပ်လို့တရားစွဲတာ။ ဒါကြောင့် ပြန်ပြီးတော့ မစုစုနွေးရဲ့အပေါ်မှာ မတရားတဲ့နည်းနဲ့၊ ရမည်ရှာပြီးတော့ အပြစ်ဒဏ်ပေးတယ်လို့၊ ဒီလိုပဲယူဆတယ်။ ဒါနဲ့ပတ်သက်လို့ကတော့ ကျနော်တို့က မကျေနပ်ဘူးလေ။ ဒါဟာ မှန်ကန်တဲ့လုပ်ရပ်မဟုတ်ဘူး။ ဥပဒေစိုးမိုးတဲ့ လုပ်ရပ်မဟုတ်ဘူးလို့မြင်ပါတယ်။ ဒီဟာကို ကြားရတဲ့ လူတိုင်းလူတိုင်းကနေပြီးတော့ ဒီဥစ္စာ မတော်မတရားဘူး ဆိုတဲ့ဟာကို အားလုံးရှင်းနေတယ်လေ။ ပြည်သူလူထုကလဲ ဘယ်ကြေနပ်မလဲ၊ ပြည်သူလူထုကည်း ဒီဥစ္စာ မတရားလုပ်တဲ့ ကိစ္စဖြစ်တဲ့အတွက် လုံးဝမကျေနပ်ဘူးလေ။"

အလားတူ မကွေးတိုင်းအောင်လံမြို့နယ် ငပြင်းရွာ၊ အဓမ္မအလုပ်ခိုင်းစေမှုအတွင်း သေဆုံးခဲ့ရသူ ကိုဝင်းလွင်၏အမှုတိုင်ကြားရေးအတွက်၊ အကူအညီပေးခဲ့သူ အောင်လံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးညွန့်ဝေမှ အောက်ပါအတိုင်း မှတ်ချက်ပေး ပြောကြားထားပါသည်။

"ဒါကတော့ လုပ်ကြံမှုတခုပဲလေ။ တရားနည်းလမ်းကျတာမဟုတ်ဘူးလို့ ကျနော်တို့မြင်တယ်။ ဘာလို့လဲဆိုတော့ ဒီကလေးမလေးကို ကျနော်ကိုယ်တိုင် တွေ့ဖူးနေတာပဲ။ သူတို့စွဲထားတဲ့ အမှုနဲ့ ဒီကလေးရဲ့ရုပ်ရည်၊ အပြောအဆို၊ သူစကားပြောတာလည်း ကျနော်တို့နဲ့ မျက်နှာချင်းဆိုင်၊ ပြီးတော့ နားထောင်ဖူးတော့ ခပ်ဆပ်ဆပ်ရိုင်းရိုင်း မိန်းကလေးမျိုး မဟုတ်ဘဲနဲ့ အခုလက်ရှိဥပဒေက၊ ချလိုက်တဲ့ကိစ္စနဲ့ဆိုရင်တော့ သိပ်မဆီလျော်ဘူးလို့ မြင်တာပဲလေ။ အနှိမ်ခံနေရတဲ့လူတွေက ဒုက္ခရောက်နေတဲ့လူတွေ၊ ပြည်သူတွေ၊ လူ့အခွင့်အရေးချိုးဖောက်ခံရတဲ့ဘက်က ကူညီတဲ့သူ ကာကွယ်တဲ့သူမှန်သမျှ ဒီလိုအန္တရာယ်နဲ့ရင်ဆိုင်ရမယ်ဆိုတာကို ကျနော်တို့ကသိတယ်။ ဒီနေ့ ဒီမိုကရေစီ နိုင်ငံတော်ဖြစ်အောင် လုပ်နေတဲ့ NLD အဖွဲ့ဝင်မှန်သမျှ နားလည်သဘောပေါက်ပြီးသားလေ။ ပုဂ္ဂိုလ်ရေးရာ သံယောဇဉ် မရှိတာတော့မဟုတ်ဘူးပေါ့။ ဒီခေတ်ကြီးမှာ ဒီမိုကရေစီလိုလားတဲ့လူတိုင်း ၊ ဒီမိုကရေစီရချင်သူတိုင်း ဒါကို မလိုလားဘူးပေါ့။ ဒီလိုဖြစ်ရတာ၊ ကြားရတာ အော့နှလုံးနာစရာကောင်းတယ်လို့ပဲ ခံစားရတာပေါ့လေ။"

ကော့မှူးဘက်မှ ရရှိသည့် သတင်းများအရ၊ မစုစုနွေးယူသွားသော ဆေးဝါးများ၊ အဖွဲ့ချုပ်ပါတီဝင်များက ပေးလိုက်သောဆေးဝါးများကို၊ အာဏာပိုင်များမှ သိမ်းဆည်းပြီး ပြန်ပေးလိုက်သည်ဟု သိရပါသည်။ မစုစုနွေးသည် နှလုံးရောဂါခံစားနေရသူ ဖြစ်သည့်အတွက်၊ အဆိုပါဆေးဝါးများသာ အချိန်မီပြန်မရခဲ့လျှင်၊ မစုစုနွေး၏ ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်ရာ ဖြစ်သည်ဟု ကော့မှူးမြို့သူမြို့သား များမှ ဒီဗွီဘီကို ပြောကြားသွားခဲ့ပါသည်။

အစသို့

## မတ္တရာ ဒီချုပ်မှ မစုစုနွေးကို ဂုဏ်ပြုချီးမြင့်

*၁၆၊အောက်တိုဘာ၊၂၀၀၅*

အဓမ္မလုပ်အားပေးကိစ္စ တိုင်ကြားမှုဖြင့် ထောင်ဒဏ်တစ်နှစ်ကျခံရသည့်၊ မစုစုနွေးအား ဂုဏ်ပြုကြောင်းနှင့် အလှူငွေများလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်း မတ္တရာမြို့နယ်အဖွဲ့ချုပ်က ယနေ့ ပြောဆိုလိုက်ပါသည်။ မတ္တရာမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင် နေအိမ်၌၊ ယမန်နေ့ကကျင်းပခဲ့သည့် (၂) လတကြိမ် ပုံမှန်အစည်းအဝေးတွင် ယခုကဲ့သို့ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး၊ အခြားဒေသမှ သူများကိုလည်း အလားတူဂုဏ်ပြုကြရန် တိုက်တွန်းလိုက်ပါသည်။

"မြို့နယ်စည်းရုံးရေး ကော်မတီရယ်၊ အထောက်အကူပြု ကော်မတီရယ်၊ လူငယ်စည်းရုံးရေးကော်မတီရယ်၊ ပူးပေါင်းပြီးတော့ ဂုဏ်ပြုပွဲလုပ်ကြတယ်။ မှတ်တမ်းတင်ချက် (၄)ချက် ရှိတယ်။ (၁) အန္တရာယ်ရှိမှန်းသိလျက် ပြည်သူများအတွက် ကိုယ်ကျိုးစွန့်အနစ်နာခံပြီး သတ္တိရှိရှိ ဆောင်ရွက်ခဲ့သည့်၊ မစုစုနွေးအား ထူးခြားပြောင်မြောက်သော ဂုဏ်ယူဖွယ် အမျိုးသမီးတယောက်အဖြစ် မှတ်တမ်းတင်ကြသည်။ (၂) မစုစုနွေးအား ဂုဏ်ပြုသောအားဖြင့် မတ္တရာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်စည်းရုံးရေးကော်မတီလူမှုအထောက်အကူပြုအဖွဲ့မှ၊ သောင်းငါးထောင် နှစ်ရာကျပ်နှင့်၊ မြို့နယ်စည်းရုံးရေးကော်မတီမှ ငါးထောင်ကျပ်၊ စုစုပေါင်း နှစ်သောင်းနှစ်ရာကျပ်ကို မစုစုနွေးထံ ပေးပို့ ဂုဏ်ပြုရန်၊ (၃) ဆန္ဒရှိသူ ပြည်သူများမှ ဂုဏ်ပြုလိုသူများထံမှ ဂုဏ်ပြုမှုများကို လက်ခံဆောင်ရွက်ပေးကြရန်။"

မှတ်တမ်းတင်ခြင်း နံပါတ် (၄) အချက်လေးကတော့၊ အဖွဲ့ချုပ်ကထုတ်ပြန်တဲ့ကြေညာချက်နဲ့ CRPP က ထုတ်ပြန်ကြေညာချက်တွေကို ကြိုဆိုခြင်းဖြင့်ပါတယ်။ မတ္တရာမြို့နယ်အတွင်း ကျေးလက်သေဒလုပ်ရှားမှု အခြေအနေနဲ့ ပတ်သက်ပြီး ထပ်မေးကြည့်တဲ့ အခါမှာတော့ ဦးသန်းလွင်က အခုလိုရှင်းပြပါတယ်။

"ကျနော်တို့ ရုံးတွင်းပုံမှန်ဆွေးနွေးပွဲတွေတော့ လုပ်လို့ရတယ်။ ရုံးတွင်းဆိုတာ ကျနော်တို့ ဆက်သွယ်ရေးရုံး သတ်မှတ်ထားတဲ့နေရာလေးတွေပေါ့။ ကျနော်တို့ ရုံးတွေကတော့ ချိတ်ပိတ်ထားတာကိုး။ ကျနော်တို့ မြို့နယ်ဆိုရင် ဥက္ကဋ္ဌအိမ်မှာ ရုံးဖွင့်ခဲ့တယ်။ သူ့အိမ် ချိတ်ပိတ်ထားတော့ ကျနော့်အိမ်ကို ဆက်သွယ်ရေးရုံးအနေနဲ့ လုပ်ပြီးတော့၊ ကျနော့် အိမ်မှာပဲ ဆွေးနွေးပွဲတွေလုပ်တယ်။ ဒါပေမယ့် နယ်သွားတာကြတော့ သူတို့ခွင့်ပြုချက်ရမှ သွားရမယ်လို့ သတ်မှတ်ထားတယ်။ သွားတဲ့အချိန်မှာ တင်ပြတယ်။ ခွင့်ပြုချက်ရမှ ထွက်ပါဆိုတော့၊ တင်လိုက်တော့လည်း ခွင့်ပြုချက်ကမကျလာဘူး။ နယ်သွားတဲ့ ကိစ္စကြတော့ အဲဒီလိုဖြစ် နေတယ်။ "

ယမန်နေကကျင်းပခဲ့သော အဖွဲ့ချုပ်မြို့နယ်အဆင့် ဆွေးနွေးပွဲနှင့် ပတ်သက်၍ မတ္တရာမြို့နယ်

လွှတ်တော်ကိုယ်စားလှယ် ဦးသန်းလွင်ပြောကြားသွားခြင်းဖြစ်ပါသည်။

အစသို့

## မစုစုနွေးအမှုတွဲကို UNWGAT ထံသို့ AAPP တင်သွင်း

*၁၇၊ အောက်တိုဘာ၊ ၂၀၀၅*

မတရားဖမ်းဆီးထောင်ချခံထားရသော ကော့မှူးမြို့နယ်၊ ထန်းမနိုင်ကျေးရွာက အဖွဲ့ချုပ်လူငယ်ခေါင်းဆောင် မစုစုနွေး လွှတ်မြောက်ရေးအတွက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း AAPP ကကြိုးပမ်းဆောင် ရွက်နေကြောင်း သိရပါသည်။ ကုလသမဂ္ဂအဖွဲ့အစည်း တခုဖြစ်သည့် မတရားသဖြင့်ဖမ်းဆီးထိမ်းသိမ်းခြင်းဆိုင်ရာ လုပ်ငန်းအဖွဲ့ UNWGAT ထံ မစုစုနွေး၏အမှုတွဲကို ယနေ့တင်သွင်းလိုက်ပြီး၊ သူမ၏ ကျန်းမာရေး အခြေအနေအရ အမှုကိုအရေးကြီး အဆင့်အဖြစ် သတ်မှတ်စစ်ဆေးပေးရန် AAPP မှ မေတ္တာ ရပ်ခံထားသည်ဟု သိရပါသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ AAPP အတွင်းရေးမှူး ကိုတိတ်နိုင်အား၊ ဆက်သွယ်မေးမြန်း ကြည့်ရာ – – – "အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းတွေ၊ နိုင်ငံသားနဲ့ နိုင်ငံရေးလုပ်ရှားမှုဆိုင်ရာ အခွင့်အရေး၊ သဘောတူညီချက်၊ ဒီလိုအချက်အလက်တွေအရ အခုလိုဖမ်းဆီးထောင်ချခြင်းဟာ လုံးဝမတရားသဖြင့် ဖမ်းဆီး ထောင်ချခြင်းဖြင်တယ်ဆိုတာကို အဓိကထားပြီးတော့၊ မတရားသဖြင့်ဖမ်းဆီးထိမ်းသိမ်းခြင်းလုပ်ငန်းအဖွဲ့ WGAT ကို ဒီကနေ့ ဒီအမှုကို တင်သွင်းလိုက်တာ။"

ယခုကဲ့သို့ ကုလသမဂ္ဂအဖွဲ့အစည်းတခုကို တင်သွင်းလိုက်သည့်အတွက် မည်သို့သောအကျိုးဆက်များ ဖြစ်ထွန်းနိုင်ပါသလဲဟု ဆက်လက်မေးမြန်းကြည့်ရာ ကိုတိတ်နိုင်မှ ယခုလို ဖြေကြားသွားခဲ့ပါသည်။

"WGAT ကို တင်သွင်းလိုက်တဲ့အတွက် ရက်ပေါင်း (၃၀) အတွင်းမှာ တင်သွင်းတဲ့ အဖွဲ့အစည်းကိုရော တင်သွင်းခံရတဲ့ နအဖပေ့ါ။ သူတို့က ပြန်ပြန်အလှန်လှန် မေးခွန်း မေးပါတယ်။ ရက်ပေါင်း (၃၀) အတွင်းမှာ ကျတော်တို့က ပြန်လည်တင်သွင်းခွင့် ရှိပါတယ်။ နအဖလည်း ဖြေရှင်းခွင့် ရှိပါတယ်။ တကယ်လို့ ရက်ပေါင်း (၃၀) ကျော်သွားရင်တော့ သူတို့က တင်ထားတဲ့အပေါ်မှာ ပြန်လည်ဖြေရှင်းချက်တွေအပေါ်မှာ ကြည့်ပြီးတော့၊ ဒါဟာ မတရားသဖြင့် ဖမ်းဆီးထိမ်းသိမ်းခြင်း ခံထားရခံသလား၊ မခံထားရဘူးလား ဆိုတာကိုသူတို့ဆုံးဖြတ်ချက်တွေချမှာပါ။"

အစသို့

## အင်းစိန်ထောင်မှ ဘူးသီးထောင်အမတ် ဦးကျော်မင်းနှင့်ဇနီး ကျန်းမာရေးဆိုးရွား

*၁၈၊အောင်တိုဘာ၊၂၀၀၅*

ထောင်ဒဏ် (၄၇)နှစ် ချမှတ်ခံထားရသော၊ ဘူးသီးတောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းနှင့်ဇနီး ဖြစ်သူတို့ အင်းစိန်ထောင်ထဲတွင်၊ ကျန်းမာရေးချို့ယွင်းနေသည်ဟု သိရပါသည်။ ထိုကိစ္စနှင့် ပတ်သက်၍ ဦးကျော်မင်း၏ မိတ်ဆွေတဦးမှ ယခုကဲ့သို့ပြောပြပါသည်။

"ဦးကျော်မင်း ကျန်းမာရေးအခြေအနေကတော့ အယူခံတင်တဲ့ကိစ္စ စိတ်ပူတာလည်းပါတယ်။ ဥပုတ်လလည်း ဖြစ်တာကြောင့် သူ့ကျန်းမာရေးဒီကြားထဲမကောင်းဘူး။ စိတ်ဓါတ်ကတော့ ကြံ့ခိုင်တယ်ပေ့ါ။ ဒါပေမယ့် ဥပုတ်လမှာ အစား အသောက်ဆင်းရဲတာလည်းပါတယ်။ နောက် အစားအသောက် မကောင်းတာပေ့ါ။ ထောင်ဝင်စာ ဆိုတဲ့ဟာက စိတ်တိုင်းကျ မရှိတဲ့ အတွက်ကြောင့် ကျန်းမာရေးနည်းနည်းကျသွားတယ်လို့ပြောရမှာပေ့ါ။ စိတ်ဓါတ်ကတော့ ကြံ့ခိုင်တယ်ပြောပါတယ်။ သူ့အမျိုးသမီးကတော့ အစကတည်းက ကျန်းမာရေးနည်းနည်းချူချာတယ်။ အခု ထောင်ထဲရောက်ပြီး (၆) လ (၇)လလောက် ရှိပြီဆိုတော့။ အမျိုးသမီးပိပိပေ့ါ၊ စိတ်ကတော့ဆင်းရဲနေတာပေ့ါ။ တအားပူတာများနေတယ်။ သမီးနှစ်ယောက်ကလည်း ထောင်ထဲမှာဆိုတော့ သားတွေကလည်း ဖရိုဖရဲ ဖြစ်သွားတယ်။ စိတ်ဓါတ်က ကျနေတယ်။ အမျိုးသမီးကတော့။"

ဦးကျော်မင်း၏မိတ်ဆွေဖြစ်ပါသည်။ မိသားစုဝင်အားလုံးနီးပါး ထောင်ထဲရောက်နေသောကြောင့်၊ ဦးကျော်မင်း၏ နေအိမ်ကိစ္စနှင့် အယူခံကိစ္စများ ထပ်မေးကြည့်သည့်အခါ – – –

"ကျနော်တို့ အယူခံတင်တာပေ့ါလေ။ ဒီကနေ့ (၁ ၊ ၁၀ ၊ ၂၀၀၅) ရန်ကုန်တိုင်း တရားရုံးမှာ ကျနော်တို့ တင်ထားတယ်။ ကျနော်တိုဘက်ကရှေ့နေကတော့ ဦးဖေတင်ရယ်၊ ဦးလှတင့်ရယ် ဗဟိုတရားရုံး ရှေ့နေတွေပေ့ါ၊ အစိုရရှေ့နေနဲ့ ကျနော်တို့ရှေ့နေ လျှောက်လဲချက်ကြားနာမှာကတော့ (၂၇) ရက်နေ့၊ ဒီလ (၂၇)ရက်နေ့ပေ့ါ၊ အိမ်ကိစ္စကတော့ ဘာမှမဖြစ်ပါဘူး။ အရင်တုန်းက

စာကပ်တယ်။ အခုတော့ အဲဒီစာတွေပါမရှိတော့ဘူး။ သူ့အိမ် သူပိုင်ဆိုင်မှုနဲ့ သူ့လက်ထဲမှာရှိတယ်ပေါ့။ ဒါကတော့ နိုင်ငံတော်က လက်ထဲဘာမှမထည့်ပါဘူး။ နိုင်ငံခြားရောက်သွားပြီ။ ဝရမ်းထုတ်တဲ့ သားအကြီးပေါ့လေ။

အရင်တုန်းကတော့ သားတယောက်ပေါ့။ မန္တလေးမှာ စီးပွားရေးလုပ်နေတယ်။ အဖမ်းခံသွားရတယ်။ အဖမ်း ခံရပြီးတော့ သူ့ကိုဒီပုဒ်မထဲမှာ တခါထည်း ဆွဲထည့်လိုက်တယ်။ သားအကြီး ကိုလည်း အဲ့ဒီလို အမြင်ကပ် ပုဒ်မနဲ့ ပေါ့။ ဝရမ်းထုတ်ထားတယ်။”

အင်းစိန်ထောင်၌ ဖမ်းဆီးခံထားရသည့် CRPP အဖွဲ့ဝင် ဘူးသီးတောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၏မိတ်ဆွေပြောပြသွားခြင်းဖြစ်ပါသည်။ ဦးကျော်မင်းအား နိုင်ငံရေးပုဒ်မ (၅–ည)၊ နိုင်ငံသားပုဒ်မ (၁၈) တို့ဖြင့် ထောင် (၄၇) နှစ် ချမှတ်ထားပြီး၊ ဇနီးနှင့် သားသမီး (၃) ဦးအား (၁၇)နှစ် စီချမှတ်ထားပါသည်။

ဦးကျော်မင်းသည် ပညာရေးဝန်ကြီးဌာနတွင် မြို့နယ်ပညာရေးမှူးအဆင့်ထိ နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး အရွေးကောက်ခံကိုယ်စားလှယ်တဦးဖြစ်သည့်အတွက်၊ ယခုကဲ့သို့နိုင်ငံသားပုဒ်မဖြင့် ထောင်ချထားခြင်းသည် ဥပဒေနှင့်မညီညွတ်ကြောင်း၊ ပြည်ပရောက် ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီဝင်များမှ ထောက်ပြဝေဖန်ထားပါသည်။ ထို့အပြင် အမေရိကန်အခြေစိုက် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး ပါတီဝင်များမှ၊ ဦးကျော်မင်း ပြန်လွတ်ရေး ကူညီဆောင်ရွက်ပေးရန် အတွက် ဂျနီဗာရှိ နိုင်ငံတကာကြက်ခြေနီရုံးထံ ယခုလ (၇) ရက်နေ့တွင်စာရေးတောင်းဆိုခဲ့သည်ဟု သိရပါသည်။

အစသို့

## မစုစုနွေးအတွက် ဂုဏ်ပြုအလှူငွေများ မန္တလေးတိုင်း အဖွဲ့ချုပ်မှတဆင့် ပေးပို့ရန်စီစဉ်

*၁၉၊အောက်တိုဘာ၊၂၀၀၅*

အာဏာပိုင်များ၏ မတရားဖမ်းဆီးထောင်ချခံထားရသည့်၊ ကော့မှူးမြို့နယ်၊ ထန်းမနိုင်ရွာသူ မစုစုနွေးအား ဂုဏ်ပြုသည့်အနေဖြင့်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်း အဖွဲ့ချုပ်ဝင်များမှ ငွေကြေးအကူအညီထောက်ပံ့ပေးရေးကိစ္စများ စတင်ဆောင်ရွက်နေကြပြီဟုသိရပါသည်။ အချို့သောမြို့နယ်များသည် ကောက်ခံရရှိထားသောငွေများအား၊ မန္တလေးတိုင်း အဖွဲ့ချုပ်မှတဆင့် မစုစုနွေး ဆီ ပို့ပေးရန် စီစဉ်နေကြသည်ဟု သိရပါသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ တိုင်း/စည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြမှ ယခုကဲ့သို့ပြောပြပါသည်။

“မစုစုနွေးကတော့ လုံးဝသတ္တိရှင်၊ သတ္တိခဲ အမှန်တရားအတွက် ရပ်တည်ရမယ်ဆိုရင်၊ သူဟာ ကြောက်အရွံ့မရှိ ကိုယ်ကျိုးစွန့်ပြီးတော့ ၊နှလုံးရောဂါ ရှိပါလျက်နဲ့ သူ့ရပ်ရွာ လူတွေရဲ့အကျိုးကို အနစ်နာခံသွားတဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက် အားလုံးက မလေးစားဘဲမနေနိုင်ကြဘူး။ ဒါကြောင့်မို့လို့ ကျမတို့ မန္တလေးတိုင်းက၊ မစုစုနွေး ထောင်မကျခင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နှစ်ပတ်လည်အခမ်းအနားနေ့မှာ မန္တလေးအရှေ့မြောက်မြို့နယ်က ဦးစိန်လှအောင်တို့ လေးငါးဦးကနေပြီးတော့၊ အရှေ့မြောက်မြို့နယ် ကိုယ်စားပြုပြီးတော့ငွေ (၄)သောင်း၊ မစုစုနွေးကို ပေးခဲ့တယ်။ အခုလည်း မစုစုနွေး အကျဉ်းကျပြီးတဲ့နောက်ပိုင်းမှာဆိုရင်၊ တနေ့က မတ္တရာမြို့နယ်ကနေ အစည်းအဝေးဆုံးဖြတ်ချက်နဲ့ (၂)သောင်း နှစ်ရာ၊ အခု တိုင်းစည်းများရဲ့ လက်ထဲမှာငွေရောက်နေပြီ။ ထိုနည်းလည်းကောင်းပဲ စစ်ကိုင်းတိုင်းမှာလည်းပဲ စစ်ကိုင်းတိုင်း ကန့်ဘလူ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်လှိုင်နဲ့ စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် တိုင်းစည်းများက၊ ဦးဆောင်ပြီးတော့ မစုစုနွေးကို ပံ့ပိုးမယ့်ငွေတွေကို လက်ခံနေတာဟာဆိုရင် ရွှေဘိုမြို့ပေါ်က (၃) သောင်း၊ ကန့်ဘလူမြို့နယ်က (၁)သောင်းကို လက်ခံရရှိပါတယ်။ ဒီငွေတွေကို ဒေါက်တာမြင့်လှိုင် ဦးစီးပြီးတော့ ရန်ကုန်မှာ မစုစုနွေးဆီကို ပံ့ပိုးဖို့ရာ အစီစဉ်လုပ်နေပါတယ်။”

အလားတူ မန္တလေးတိုင်းအတွင်းရှိ အခြားမြို့နယ်များလည်း မစုစုနွေးအတွက် အလှူငွေ ကောက်ခံနေကြပုံကို ဒေါ်ဝင်းမြမြမှ ဆက်လက်ပြောပြပါသည်။

“မြို့နယ်တိုင်းလိုလိုကနေ မစုစုနွေးကို ဂုဏ်ပြုသောအားဖြင့် ထောက်ပံ့ဖို့ရာအတွက် အကုန်လုံး စိုင်းပြင်းနေပါတယ်။ ဒီနေ့ဆို ကျမတို့ဆီကို၊ မေမြို့က ဖုန်းဆက်ပါတယ်။ တံတားဦးမြို့နယ်ကလည်း ဖုန်းဆက်ပါတယ်။ သူတို့ဟာဆိုရင် မစုစုနွေးအတွက်ကို ငွေတွေစုနေကြပါပြီ။ ပံ့ပိုးဖို့ရာ အဆင်သင့်ဖြစ်နေကြပါပြီ။ တိုင်းရုံးကို လာပြီးတော့ အဲဒီငွေတွေကို ပို့ပေးပါမယ်။ တိုင်းကနေတာဝန်ယူပြီးတော့ မစုစုနွေးဆီကို ပို့ပေးပါဆိုပြီး၊ ကျမတို့တိုင်းကို တယ်လီဖုန်းတွေဆက်ပြီး တာဝန်တွေပေးနေပြီ။ တခြားမြို့နယ်တွေက ပံ့ပိုးတာရော၊ ပြည်သူလူထုက ပံ့ပိုးတာရောကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကနေ ၊ မိမိ ဆန္ဒနဲ့မိမိ လာပြီးတော့ ပံ့ပိုးမယ်ဆိုရင် ကျမတို့လက်ခံနေပါတယ်။”

အင်းစိန်ထောင်တွင် ဖမ်းဆီးထောင်ချခံရသည့်၊ မစုစုနွေးအတွက် ငွေကြေးအကူအညီပေးရေး အစီအစဉ်များ ဆောင်ရွက်နေသည့်အကြောင်း မန္တလေးတိုင်း/စည်းအဖွဲ့ဝင် ဒေါ်ဝင်းမြမြ၏ ပြောပြချက် ဖြစ်ပါသည်။ အလားတူပြည်ပ အခြေစိုက်

ဒီမိုကရေစီအင်အားစုများမှလည်း တက်အားသရွေ့ ငွေကြေးထောက်ပံ့ကူညီကြရန် စီစဉ်နေကြသည်ဟုသိရပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ **NCUB** က မစုစုနွေးအား၊ ထောင်တနှစ်ခွဲ ချမှတ်လိုက်သည့်အပေါ် ဆန့်ကျင်ရှုံ့ချကြောင်း၊ ယနေ့နေ့စွဲဖြင့် ကြေညာချက်ထုတ်ပြန်လိုက်ပါသည်။ **UK** အခြေစိုက် မြန်မာအမျိုးသမီးများအဖွဲ့မှ ထုတ်ပြန်သည့် ကြေညာချက်တွင်၊ အမှန်တရားအတွက် ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့သော မစုစုနွေးအား ဖမ်းဆီးထောင်ချလိုက်သည့်အပေါ် အထူးစိုးရိမ်မကင်း ဖြစ်မိကြောင်း ဖော်ပြထားပါသည်။

အစသို့

## ILO ထံ သတင်းပေးမှုနှင့်ဖမ်းခံထားရသည့် ဦးအေးမြင့် အမှုဆက်လက်စစ်ဆေး

*၁၉၊အောက်တိုဘာ၊၂၀၀၅*

ကမ္ဘာ့ အလုပ်သမားအဖွဲ့ချုပ် **ILO** ထံ သတင်းပေးမှုဖြင့် ဖမ်းဆီးခံရသည့် ၊ ပဲခူးမြို့မှ ရှေ့နေ ဦးအေးမြင့်၏ အမှုအား၊ ဒိုက်ဦးမြို့နယ် တရားရုံးတွင်၊ ယမန်နေ့က ဆက်လက်စစ်ဆေးနေကြောင်း သိရပါသည်။ ယမန်နေ့က တရားလိုပြသက်သေ (၆) ဦးကို စစ်ဆေးခဲ့ရာတွင် သူတို့အားလုံးက ဦးအေးမြင့်မှာလုံးဝအပြစ် မရှိကြောင်း၊ တညီတညွတ်တည်း ထွက်ဆိုခဲ့ကြသည်ဟု သိရပါသည်။ ထိုသူများထဲမှ **ILO** ထံ စာရေးတိုင်ကြားခဲ့သော လယ်သမားများ၏ ခေါင်းဆောင်ဖြစ်သူ ဦးကံရ၏ ထွက်ချက်များနှင့်စပ်လျဉ်း၍၊ ဦးအေးမြင့်၏ ရှေ့နေ ဦးစန်းမောင်က ယခုကဲ့သို့ပြောပြပါသည်။

"သူ့ထွက်ချက်က ဒီအမှုအတွက်ကတော့၊ တရားဥပဒေအရ အဆုံးအဖြတ်ပေးတာပေါ့။ ဦးကံရ က (၆ ၊ ၆ ၊ ၂၀၀၅) မှာ၊ စာပါတိုင်ကြားလွှာနဲ့ ပတ်သက်ပြီးတော့ ထွက်ဆိုတဲ့အခါမှာ၊ လယ်သမား (၁၅) ဦးကတဲ့ ဘယ်သူကမှ သူတို့ကို ဖြားယောင်းတာတို့၊ သွေးဆောင်တာတို့၊ ခြိမ်းခြောက်တာတို့၊ မလိုသြဇာသုံးတာတို့မရှိဘူး၊ အခြားနည်း သြဇာလွှမ်းမိုးမှုအရ အဲဒီစာကို သူတို့ရေးသားတိုင်ကြားတာ မဟုတ်ပါဘူးတဲ့။ သူတို့ သဘောဆန္ဒအလျောက်သာ တိုင်ကြားခြင်းဖြစ်တယ်တဲ့။ ရှေ့နေဦးအေးမြင့်က **ILO** နဲ့ဆက်သွယ်ပေးခဲ့ခြင်းသာဖြစ်တဲ့အတွက်၊ အဲဒီစာတွေအတွက် လယ်သမားတွေမှာ လုံးဝတာဝန်ရှိပါတယ်တဲ့။ မစ္စတာရစ်ချတ်ဟိုဆေးကလည်း၊ မိမိတို့ရဲ့လက်မှတ်နဲ့ သဘောထားဆန္ဒ တွေကို ကိုယ်တိုင်လက်ခံတွေ့ဆုံမေးမြန်းပြီးတော့၊ အတည်ပြုခဲ့ပါတယ်။ ဦးအေးမြင့်မှာ တာဝန်လုံးဝမရှိဘူး အပြစ်မရှိဘူးလို့ သူက ထွက်ဆိုသွားတယ်။ အဲ့ဒီသူ့ထွက်ဆိုချက်ကိုလည်း ကျန်တဲ့ (၅) ဦးက ထောက်ခံထွက်ဆိုသွားကြတယ်။"

အမှုသွားအမှုလာကောင်းသော်လည်း၊ ဦးအေးမြင့်ကို အာမခံပေးရန် လျှောက်လဲချက်ကို တရားရုံးက ပယ်ချခဲ့သည်ဟု ဦးစန်းမောင် ဆက်လက်ပြောပြပါသည်။

"ကနေ့ ထွက်ချက်တွေအရ ဦးအေးမြင့်မှာ စွပ်စွဲထားတဲ့ စွဲချက်တွေက အခြေအမြစ်မရှိ ဖြစ်သွားတယ်။ အဲဒါနဲ့ ဒီဥစ္စာကတော့ ဥပဒေ (၂၅၃–၂) အရ သူတို့မှာ လျှောက်ထားခွင့် ရှိတယ်ပေါ့။ အဲဒါနဲ့ပတ်သက်လို့ အနိမ့်ဆုံးပေါ့၊ သူ့ကို အချုပ်လွတ် ၊ ထုတ်ခွင့်ပြုဖို့ အမှုကိုထပ်လျှောက်တယ်။ အာမခံလျှောက်လွှာကိုဒုတိယအကြိမ်တင်ခဲ့တာပေါ့။ ဦးအေးမြင့် အမှုက (၇) နှစ်ပဲ ရှိတဲ့အတွက် တရားရုံးကပေးမယ်ဆို ပေးလို့ရတာမျိုးဖြစ်တယ်။ အာမခံပေးခွင့် ရှိတယ်။ (၁၀) ရက်နေ့က တခါ လျှောက်တာ အပယ်ခံရတယ်။ လျှောက်လဲချက်ပေးရတယ်။ အခုတခါဒုတိယအကြိမ်လျှောက်တော့လည်း အပယ်ခံရတယ်။"

ဦးအေးမြင့်၏ အမှုအခြေနေအကြောင်း၊ ရှေ့နေဦးစန်းမောင်၏ ပြောပြချက်များဖြစ်ပါသည်။ ကျန်သည့်သက်သေများကို လာမယ့် တနင်္လာနေ့တွင် ဆက်လက်စစ်ဆေးသွားမည်ဟု ဆိုပါသည်။ ထိုအမှုတွင် သက်သေအဖြစ်ထွက်ဆိုပေးရန်၊ ရန်ကုန် **ILO** ရုံးတာဝန်ခံ ရစ်ချတ်ဟိုဆေးထံ၊ အကူအညီတောင်းခံခဲ့သော်လည်း၊ ထွက်ဆိုခွင့်မရှိကြောင်း၊ အကြောင်းပြန်ခဲ့သည်ဟု၊ ဦးစန်းမောင်မှ ပြောပါသည်။ ဖောင်တော်သီကျေးရွာမှ လယ်သမားများ၏ နွားစားကျက်မြေများကို၊ မြို့နယ် မယက ဥက္ကဌက သိမ်းယူပြီး၊ နယ်မြေအခြေစိုက်စစ်တပ်နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များထံ ချပေးခဲ့သည့် ကိစ္စကို၊ ဦးအေးမြင့်က လယ်သမားများ အား **ILO** ထံတိုင်ကြားရန်၊ ဆက်သွယ်ပေးသည်ဟုဆို၍၊ ဒိုက်ဦးမြို့နယ် ရဲစခန်းမှုဒုရဲအုပ် ဝင်းတင်ဦး ဆိုသူက၊ အရေးပေါ် စီမံချက် ဥပဒေပုဒ်မ (၅–င) ဖြင့် ရုံးတင် တရားစွဲခဲ့ခြင်းဖြစ်သည်ဟု သိရပါသည်။ လွန်ခဲ့သည့် ရုံးချိန်းတွင် ဖောင်တော်သီကျေးရွာ၊ ရယက ဥက္ကဌနှင့် ကြံ့ဖွတ်အဖွဲ့ဝင်များကိုယ်တိုင်က ဦးအေးမြင့်တွင် အပြစ်မရှိကြောင်း၊ မတရားဖမ်းဆီးခံရခြင်းသာဖြစ်ကြောင်း ၊အမှန်တိုင်းထွက်ဆိုခဲ့ကြသည်ဟု ဆိုပါသည်။ ထို့ကြောင့် အမှုကို တရားဥပဒေကြောင်းအရ မှန်မှန်ကန်ကန် ဆုံးဖြတ်မယ်ဆိုလျှင် ဦးအေးမြင့်မှာ၊ ကွင်းလုံးကျွတ်လွတ်မည်ဟု မျှော်လင့်ရကြောင်း ရှေ့နေဦးစန်းမောင်က ဒီဗွီဘီကို ပြောကြားခဲ့ပါသည်။

အစသို့

## ပြင်ဦးလွင် အဖွဲ့ချုပ်မှ မစုစုနွေးအားဂုဏ်ပြု

*၂၀၊အောက်တိုဘာ၊၂၀၀၅*

အင်းစိန်ထောင်တွင် ဖမ်းဆီးထောင်ချခံနေရသော၊ ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာမှ မစုစုနွေးအတွက် ပြင်ဦးလွင်မြို့နယ်အဖွဲ့ချုပ်မှ ထောက်ပံ့ကျေးငွေ (၁) သောင်းကျပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာကို၊ ယနေ့တွင် မန္တလေးတိုင်း တိုင်းစည်းရုံးရေးကော်မီတီထံသို့ပေးပို့ခဲ့ကြောင်းသိရပါသည်။ အမှန်တရားအတွက် ကိုယ်ကျိုးစွန့်လွှတ် အနစ်နာခံပြီး တိုက်ပွဲဝင်နေသူ ၊ မစုစုနွေး၏ လုပ်ဆောင်ချက်နှင့် ရပ်တည်ချက်ကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ဂုဏ်ပြုလွှာမှာ ဖေါ်ပြထားကြောင်း တိုင်း/စည်း အဖွဲ့ဝင် ဒေါ်ဝင်းမြမြမှပြောပြခဲ့ပါသည်။ အများပြည်သူ အကျိုးအတွက် ရဲဝံ့ပြတ်သားစွာတိုက်ပွဲဝင်နေသော မစုစုနွေးအသုံးပြုနိုင်ရန် ငွေကျပ် (၁) သိန်းကိုလည်းပေးပို့ခဲ့ကြောင်းဆိုပါသည်။

အစသို့

## ပြေင်းရွာသား ကိုဝင်းလွင် အမှုအားကူညီဆောင်ရွက်ပေးခဲ့ (၃) ဦးအား နအဖ မှ တရားစွဲပြီ

*၂၀၊အောက်တိုဘာ၊၂၀၀၅*

နအဖ အာဏာပိုင်များ၏ အဓမ္မလုပ်အားခိုင်းစေမှုကြောင့် သေဆုံးခဲ့ရသူ ၊ မကွေးတိုင်း အောင်လံ မြို့နယ် ပြေင်းရွာမှ ကိုဝင်းလွင်သေဆုံးခဲ့ရမှု၊ နှင့်စပ်လျဉ်း၍ အိုင်အယ်လ်အို ထံတိုင်ကြားရာ၌၊ ကူညီဆောင်ရွက်ပေးခဲ့သူများအား နယ်မြေအာဏာပိုင်များက မမှန်သတင်းပေးမှုဖြင့်တရားစွဲလိုက်ကြောင်း၊ တရားစွဲခံရသူများမှာ အောင်လံမြို့နယ် အဖွဲ့ချုပ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ ဦးသိန်းဇံ အပါအဝင် ၊ အဖွဲ့ဝင် (၃) ဦးတို့ဖြစ်ကြောင်းသိရပါသည်။

အောင်လံမြို့နယ် ပြေင်းရွာသားများအား ယမန်နှစ်ဒီဇင်ဘာလတွင်၊ အာဏာပိုင်များက အဓမ္မလုပ်အားပေးစေခိုင်းခဲ့သဖြင့် ရွာသား ကိုဝင်းလွင်သေဆုံးခဲ့ရသည်။ နောက်ပိုင်းတွင် မိသားစုဝင်များကမကြေနပ်သဖြင့်၊ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်ထံ တိုင်ကြားခဲ့ကြပါသည်။ ထို့နောက် အာဏာပိုင်များက သေဆုံးသူ၏ မိသားစုဝင်များကို အမျိုးမျိုး ဖိအားပေးပြီး ၊ တိုင်စာကိုပြန်လည်ရုပ်သိမ်းစေခဲ့ပြီးနောက်၊ လိုက်ပါကူညီဆောင်ရွက်ပေးခဲ့သူများအား ယခုကဲ့သို့ ပြန်လှန် တရားစွဲဆိုသည်အထိ ဖြစ်ခဲ့ကြောင်းသိရပါသည်။ ယင်းသိစ္စနှင့် စပ်လျဉ်း၍ ကိုယ်တိုင်တရားစွဲခံနေရသူ အောင်လံမြို့နယ် အဖွဲ့ချုပ်အဖွဲ့ဝင် ကိုဇော်ဌေးမှ – –

“ (၁၄) ရက်နေ့က ကျွန်တော့်ကို သမ္မန်စာထုတ်တယ်။ အမှုနံပတ်က (၈၁၁) ။ ကျနော်တို့ကို ကူညီတယ်လို့ စွပ်စွဲထားတယ်။ မမှန်သတင်းပေးတယ်ပေ့ါ။ ခြိမ်းခြောက်မှုလို့ဘဲယူဆရမှာပါ။ ဦးသိန်းဇံ၊ ဦးအောင်သန်းထွန်းနဲ့ ကျွန်တော်။ ဥပဒေအရ ရင်ဆိုင်သွားရမှာပဲလေ။”

တရားစွဲဆိုမှု သမ္မန်စာကို မြို့နယ် တရားသူကြီး ဒေါ်ခင်ခင်ဆွေလက်မှတ်နဲ့ ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး၊ တရားလို မှာသရက်ခရိုင်ရဲမှူးကြီးဦးစိန်ဝင်းဖြစ်သည်ဟုဆိုသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ အောင်လံမှ ဒေသခံတစ်ဦးက ၊ ကိုဝင်းလွင် မိသားစုကသာတိုင်ကြားခဲ့ခြင်းဖြစ်ပြီး၊ ကိုဇော်ဌေးအပါအဝင် ကျန်သူများနှင့် မသက်ဆိုင်ကြောင်း ယခုကဲ့သို့ ပြောပြပါသည်။

“ကိုဝင်းလွင်မိသားစုက သူတို့ညီ ၊ သူတို့မောင်၊ သူတတို့အစ်ကို သေဆုံးခဲ့ရမှုအတွက် သူတို့ကိုယ်တိုင်၊ တိုင်ကြားခဲ့တာ။ ဦးသိန်းဇံ၊ ဦးအောင်သန်ထွန်း၊၊နဲ့ ကိုဇော်ဌေးတို့နဲ့ဘာမှမဆိုင်ဘူး။ တိုင်တာက ကာယကံရှင်ကိုယ်တိုင်။ ကာယကံရှင်က မသွားတတ်မလာတတ်ဖြစ်နေလို့ သူတို့ကလိုက်ပါ သူညီတာဘဲဖြစ်တယ်။ အဲဒီလိုက်ပါဆောင်ရွက်ပေးတာကို မမှန်သတင်းပေးတယ်ဆိုပြီး ပုဒ်မ (၁၈၂) နဲ့တရားစွဲတာလို့ ကျွန်တော်တို့သိရတယ်။”

ထို့အပြင် အစီးရသည်၄င်း၏အပြစ်ကိုဖုန်းကွယ်ပြီးတရားဝင်အဖွဲ့အစည်းများ၏လုပ်ပိုင်ခွင့်ကိုကန့်သတ်လိုသော ကြောင့်တရား စွဲခဲ့ခြင်းဖြစ်ကြောင်း ဆက်လက်ပြောကြားသွားပါသည်။

“ဒီကိစ္စနဲ့ပတ်သက်ပြီး အာဏာပိုင်အဖွဲ့စည်းတွေဟာ တရားဝင်အဖွဲ့အစည်းများ၏ ရပ်တည်မှုကို ၊ သေးသိမ်မှေးမှိန် စေပြီး သူတို့ရဲ့တရားမဝင်ကိစ္စတွေကို တရားဝင်ဖြစ်စေလိုတဲ့သဘောနဲ့ ၊ အကောင်အထည်ဖေါ်နေတာလို့မြင်ပါတယ်။ သူတို့ရဲ့ (၁/ ၉၀) အရ အဓမ္မခိုင်းစေမှုတွေကိုရုပ်သိမ်းပေးပါ့မယ်ပြောပြီး ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့ဓလေ့ထုံးတမ်းနဲ့အညီ လုပ်ကိုင်နေတာဟာဖြင့် တရားတယ် ၊ မှန်တယ်ပေ့ါလေ။ ဒီလိုပြောချင်တာကိုး။”

အစသို့

## သာယာဝတီထောင်ထောင်အာဏာပိုင်များက အကျဉ်းသားများကိုရိုက်နှက်ညှဉ်းပန်း

*၂၀၊အောက်တိုဘာ၊၂၀၀၅*

သာယာဝတီအကျဉ်းထောင်မှ ထောင်အာဏာပိုင်များသည်၊ အကျဉ်းသားများအား ရှေ့ခေတ်က ကျေးကျွန်များ သဖွယ် ရိုက်နှက်ခိုင်းစေလျက်ရှိကြောင်း၊ ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ၊ စီစဉ်ထားသည့် စပါးစိုက်ခင်းများနှင့် အခြားလုပ်ငန်းများ၌၊ ခိုင်းစေနေကြောင်း၊ သာယာဝတီထောင်၏ ဂတ်စတာပိုများဟု နာမည်ကြီးနေသည့်၊ ထောင်ပိုင် ဦးမြင့်ဆွေ ဒုထောင်ပိုင် ဦးမြင့်စိုး ၊ ထောင်မှူးကြီး လှမြင့်ဦး၊ ထောင်မှူးမျိုးဝင်းတို့မှ ဦးစီး၍ နှိပ်စက်ညှဉ်းနေကြောင်းသိရပါသည်။ ရာဇဝတ် အကျဉ်းသားများကိုတင်မကဘဲ နိုင်ငံရေးအကျဉ်းသားကိုပါ တင်းတင်းကျပ်ကျပ်ကိုင်တွယ်နေသောကြောင့် နေ့စဉ်ဆိုသလို ပြဿနာများကြုံနေကြောင်း သိရပါသည်။ ဗိုလ်ချုပ်ခင်ညွန့်၏ အမှုတွဲ ၊ ထောက်လှမ်းရေးဟောင်းများအား ထောင်ပိုင်မြင့်ဆွေနှင့် အဖွဲ့က လွတ်လွတ်လပ်လပ်ထားပြီး အခွင့်အရေးများပေးထားကြောင်းသိရပါသည်။ အောက်ခြေဝန်ထမ်းများမှလည်း ထောင်ပိုင်မြင့်ဆွေ အပါအဝင် (၄) ဦးအား ကျေနပ်မှုမရှိကြောင်း။ ထောင်ပိုင်မြင့်ဆွေနှင့် အဖွဲ့သည် ထောက်လှမ်းရေးဟောင်း များထံမှ၊ ငွေများယူပြီး အဆင်ပြေနေကြသော်လည်း၊ အောက်ခြေဝန်ထမ်းများကို အခွင့်အရေးများပိတ်ထားပြီး ထင်သလိုလုပ် နေကြောင်း၊ ယခုအတိုင်းသာ ဆက်သွားမည်ဆိုလျှင် ထောင်တွင်းဆူပူမှု သို့မဟုတ်ထောင်ဝန်ထမ်းများ၏ ပုန်ကန်မှုပင် ဖြစ်လာ နိုင်စရာရှိကြောင်း အမည်မဖော်လိုသည့် အကျဉ်းထောင်ဝန်ထမ်းတစ်ဦးပြောပြခဲ့ပါသည်။

အစသို့

## မန္တလေးတိုင်းအဖွဲ့ချုပ်မှ မစုစုနွေးအား ဂုဏ်ပြုအလှူငွေပေးအပ်

*၂၁၊အောက်တိုဘာ၊၂၀၀၅*

အဓမ္မ လုပ်အားပေးခိုင်းစေမှုကို တိုင်ကြားခဲ့သည့်အတွက်ကြောင့်၊ ဖမ်းဆီးထောင်ချခံလိုက်ရသော မစုစုနွေး အတွက်ဂုဏ်ပြုပေးအပ်သည့် အလှူငွေများ အဆက်မပြတ်ဝင်လာနေလျက်ရှိကြောင်း၊ မန္တလေးတိုင်း အဖွဲ့ချုပ်မှ ဒီဗွီသို့ပြော ကြားပါသည်။ အဖွဲ့ချုပ်ပါတီဝင်များအပြင် အမည်မဖော်လိုသည့် မန္တလေးမှ စာရေးဆရာ တစ်ဦးမှ မစုစုနွေးအတွက် အလှူငွေ (၁) သောင်းကျပ်ထည့်ဝင်သွားကြောင်း ၊ ယနေ့ညနေပိုင်းထိ ကောက်ခံရရှိထားသည့် ငွေစာရင်းကို ဒေါ်ဝင်းမြမြ မှ ပြောပြခဲ့ ပါသည်။

“အခုရထားတဲ့ငွေစာရင်းကိုပြောရမယ်ဆိုရင်၊ မတ္တရာမြို့နယ်က (၂၀၂၀၀) ကျပ်၊ မေမြို့မြို့နယ်က (၁) သောင်း ၊ တောင်သာမြို့နယ်က ဇဂျမ်းရွာ၊ စံပြရွာနဲ့ ကျောင်းအိုရွာ (၃) ရွာက ကျပ် (၁၆၀၀၀) ၊ နောက်မန္တလေးက နာမည်ကြီး စာရေးဆရာတစ်ဦး ကျပ် (၁၀၀၀၀) ၊ မန္တလေးတိုင်းစည်းရုံးရေးအဖွဲ့က ကျပ် (၁၅၀၀၀)၊ တိုင်း/စည်း ဒေါ်စန်းစန်းအေးနဲ့ သူ့ခင်ပွန်း ဦးဝင်းက (၁၀၀၀၀)၊ အရှေ့မြောက်မြို့နယ်က (၅၀၀၀)၊ စဉ့်ကူမြို့နယ်က (၁၅၀၀၀)၊ မိုးကုတ်မြို့နယ်က (၁၅၀၀၀)၊ ဆိုတော့ အခုဆိုရင် (၁၆၆၂၀၀) ရှိနေပါပြီ။ အခုတင်ဘဲ တံတားဦးမြို့နယ်က ဥက္ကဋ္ဌ ဦးကြင်မောင်းရောက်လာပြီး ကျပ်ငွေ (၁၀၀၀၀) နဲ့၊ တံတားဦးမြို့နယ် စည်းက (၈၀၀၀) ကျပ်လာရောက်ပေးအပ်သွားပါတယ်။

ယခုညနေပိုင်း အလှူငွေများ လာရောက်ထည့်ဝင်ကြသည့်၊ တံတားဦးမြို့နယ်မှ ဦးကြင်မောင်နှင့် မိုးကုတ်မြို့နယ်မှ ဦးမင်းသူတို့အား ၊ အဘယ့်ကြောင့် ယခုကဲ့သို့အလှူငွေများထည့်ဝင်ရပါသနည်းမေးမြန်းကြည့်ရာ – – –

“ကျွန်တော်တို့အနေနဲ့ မစုစုနွေးရဲ့သတ္တိကို ချီးကျူးဂုဏ်ပြုသောအားဖြင့်၊ ငွေကျပ် (၁၈၀၀၀) ကို ကူညီတာပါ။ သူဟာသတ္တိရှိရှိနဲ့ပြည်သူတွေဖက်ကရပ်တည်ပြီး၊ အာဏာပိုင်တွေကို ပြန်လည်တိုက်ပွဲဝင်ခဲ့တာကို ဂုဏ်ပြုတဲ့အနေနဲ့ လှူတာဖြစ်ပါတယ်။”

မစုစုနွေးရဲ့ လုပ်ရပ်နဲ့ မတရားမှုကို မခံတဲ့ သူ့စိတ်ဓါတ်ကို ဂုဏ်ပြုတာ။ ပြည်သူတွေရဲ့စံပြ မစုစုနွေးကို ချီးကျူးတဲ့အနေနဲ့၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံကာလမှာ၊ အဆင်ပြေစွာအသုံးပြုနိုင်အောင်လို့ဖြစ်ပါတယ်။”

အလားတူ ကန့်ဘလူမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြင့်နိုင်မှ ဦးဆောင်၍ ၊ လှူပ်ရှားနေသကဲ့သို့၊ အခြားပြည်နယ်နှင့်တိုင်းများတွင်လည်း၊ လှုပ်ရှားမှုများစတင်နေပြီဟုသိရပါသည်။ ထိုအမှုကို ကမ္ဘာ့အလုပ် သမားအဖွဲ့ချုပ်အပါအဝင်၊ နိုင်ငံတကာလူ့အခွင့်အဖွဲ့အစည်းများမှလည်း၊ ဝေဖန်ထားကြပါသည်။ အမှုအစအဆုံး လိုက်ပါဆောင်ရွက်ပေးနေသည့်၊ အဖွဲ့ချုပ် ဥပဒေအထောက်အကူပြုက တိုင်းတရားရုံးထံ အမြန်ဆုံးအယူခံဝင်နိုင်ရန် ပြင်ဆင်မှု များပြုလုပ်နေကြောင်းသိရပါသည်။

အစသို့

## တောင်တွင်းကြီးမြို့နယ် အဖွဲ့ချုပ် မှ စုစုနွေးအားဖမ်းဆီးထောင်ချခြင်းအားကန့်ကွက်

*၂၁၊အောက်တိုဘာ၊၂၀၀၅*

အဓမ္မလုပ်အားပေးခိုင်းစေမှုနှင့် နယ်မြေအာဏာပိုင်များအား၊ တရားစွဲဆိုခဲ့သည့် မစုစုနွေးအား မတရားဖမ်းဆီးထောင်ချခဲ့ခြင်းကို၊ မကွေးတိုင်းတောင်တွင်းကြီးမြို့နယ် အဖွဲ့ချုပ်မှ ကန့်ကွက်ရှုတ်ချလိုက်ကြောင်းသိရပါသည်။ ယနေ့ပြုလုပ်ခဲ့သည့် မြို့နယ် လပတ်တွေ့ဆုံပွဲတွင်၊ ယခုကဲ့သို့ ပြစ်တင်ရှုတ်ချခဲ့ခြင်းဖြစ်ကြောင်းနှင့်၊ အလှူငွေကောက်ခံနေသည်မှာလည်း (၂) သောင်းကျော်ရပြီဖြစ်ကြောင်း၊ မြို့နယ်စည်း အဖွဲ့ဝင် ဦးပါလေးက ပြောပြခဲ့ပါသည်။ ဆက်လက်၍ အစည်းအဝေးဆုံးဖြတ်ချက် (၅) ရပ်အနက်၊ မစုစုနွေးနှင့်ဆိုင်သော အချက်ကို ရှင်းပြပါသေးသည်။ ယုံကြည်ချက်အတွက် တိုက်ပွဲဝင်ခဲ့တဲ့ မစုစုနွေးကို ထောက်ပံ့ဖို့ အဖွဲ့တွင်းမှာငွေကောက်ခံပေးမယ်ပေါ့။ နောက်ပြီး မိမိတို့ဆန္ဒသဘောအလျောက် သူ့အတွက် ငွေကြေးထည့်ဝင်မယ်ဆိုရင်လည်း၊ ကျွန်တော်တို့ဆီလာရောက်ထည့်ဝင်နိုင်ကြောင်း၊ (၃၁) ရက်နေ့ အရောက်ငွေပို့ပေးမည့်အကြောင်းဖြစ်ပြီး၊ ဆုံးဖြတ်ချက်အမှတ် (၄) ကတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင် မစုစုနွေးသည်၊ အဓမ္မအလုပ်ခိုင်းစေခြင်းအား ၊ တရားဥပဒေအရ အမှန်တရား ပေါ်ထုတ်နိုင်ခြင်းအတွက် တန်ပြန်တရားစွဲဆိုခံရပြီး ပြစ်ဒဏ်ချမှတ်လိုက်ခြင်းကို အမျိုးသာဒီမိုကရေစီအဖွဲ့ချုပ်က ပြင်းထန်စွာကန့်ကွက်ခြင်းအားထောက်ခံကြောင်းဆုံးဖြတ်ပါတယ်။”

အစသို့

## နအဖက ဒေါ်စုအား နေအိမ်မှ အကျယ်ချုပ်ထားခြင်း (၁၀) နှစ်ပြည့်

*၂၄၊အောက်တိုဘာ၊၂၀၀၅*

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျဉ်းချထားခြင်းသည်၊ ဥပဒေနှင့်ကိုက်ညီမှု လုံးဝမရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယနေ့ထုတ်ဖော်ပြောဆိုလိုက်ပါသည်။ (၂၀၀၃) ခုနှစ်၊ မေလ (၃၀)ဒီပဲယင်း အကြမ်းဖက်တိုက်ခိုက်မှုပြီးကတည်းက၊ ဒေါ်စုကိုလုံခြုံရေးအရ ကာကွယ်ပေးထားတာပါလို့၊ နအဖက ပြောခဲ့ပါသည်။ သို့နောက်ပိုင်းမှာ နိုင်ငံတော်ကိုနှောက်ယှက်ဖျက်ဆီးလိုသူများဘေးမှ ကာကွယ်သည့်ဥပဒေ ပြောင်းတပ်ပြီး နေအိမ်အကျဉ်းချထားခြင်းသည် ဥပဒေကြောင်းအရ ဆီလျော်မှုမရှိကြောင်း အဖွဲ့ချုပ်ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့မှ ဦးဉာဏ်ဝင်းက ယခုလို ပြောပါသည်။

“အခုလက်ရှိချုပ်ထားတဲ့ နိုင်ငံတော်အားနှောက်ယှက်ဖျက်ဆီးလိုသူများ၏ဘေးမှကာကွယ်တဲ့ဥပဒေ၊ ဒီဥပဒေနဲ့ဆိုရင် အန်ကယ်တို့ဘက် ရှုဒေါင့်ကပြောရင်တော့ ဒါမလုံလောက်ဘူး။ ဥပဒေနဲ့ မညီဘူးလို့ အန်ကယ်တို့ မြင်ပါတယ်။”

ဒီပဲယင်းအကြမ်းဖက် တိုက်ခိုက်ခံရပြီးချိန်က ဒေါ်စုလုံခြုံရေးအရဆိုခဲ့ပြီး၊ နောက်ပိုင်းတွင် ပုဒ်မပြောင်း တပ်ခဲ့သည့်အပေါ် ဦးဉာဏ်ဝင်းက၊ ဥပဒေအမြင်အရ ယခုလို ပြောပြသွားပါသည်။

“အခု သူတို့ပြောတာ မမှန်ဘူးပေါ့လေ၊ အခုချိန်ထိ ဒေါ်စုလုံခြုံရေးက ဘာအန္တရာယ်မှမရှိတာ။ အဲဒါ ဘယ်လိုအန္တရာယ်လဲ။ အလွယ်တကူပြောတာက ဒေါ်စုလုံခြုံရေး၊ ဒေါ်စုလုံးခြုံရေးက ဘာအန္တရာယ်မှမရှိဘူး။ ဒေါ်စုလုံခြုံရေးနဲ့ထိမ်းသိမ်းတဲ့ (၁၀–ခ) ကလည်း ဘာမှမိပွယ်မရှိဘူး။ မသက်ဆိုင်ဘူး။ ဒေါ်စုလုံခြုံရေးအတွက်ဆို အဲဒီဥပဒေနဲ့ထိမ်းသိမ်ခွင့်မရှိဘူးလေ။ အဲဒီဥပဒေမှာ ပြောတဲ့စကားလုံးက နိုင်ငံတော်ကိုအနှောက်အယှက်ပြုတဲ့သူတွေကိုထိမ်းသိမ်းတာ။ သူတို့က ထိမ်းသိမ်းခြင်းပြောတာ။ ဒေါ်စုလုံခြုံရေးအတွက်လို့ပြောတာ။ အဲဒါတော့ဒီဥပဒေနဲ့ ဘယ်လိုမှ မပတ်သက်ခြင်း မရှိဘူးလို့။”

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ နေအိမ်အကျယ်ချုပ်ချထားခံရသည့်၊ စုစုပေါင်း အချိန်ကာလများအားတွက်ကြည့်မည်ဆိုလျှင်၊ ယနေ့သည် (၁၀) တင်းတင်းပြည့်ခဲ့ပြီဖြစ်သည်။ (၁၉၈၉ – ၁၉၉၈ – ၂၀၀၀ ) ခုနှစ်နှင့် ၊ မေ (၃၀) (၂၀၀၃) ဒီပဲယင်း အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရသည့်အချိန် (၁၀) နှစ်ပြည့်သည့် ယနေ့၌၊ ဆန္ဒပြပွဲ၊ ဆုတောင်းပွဲများ ကမ္ဘာ့နေရာ အနှံ့အပြား၌၊ ကျင်းပခဲ့ကြပါသည်။

အစသို့

## မစုစုနွေးအား ထန်းမနိုင်ရွာသူရွာသားများမှ ငွေကျပ် (၅၀၀၀၀) ဂုဏ်ပြုချီးမြှင့်

*၂၄၊အောက်တိုဘာ၊၂၀၀၅*

အာဏာပိုင်များ၏ မတရားဖမ်းဆီးထောင်ချခြင်းကို ခံနေရသည့်၊ မစုစုနွေးအား ထန်းမနိုင်ရွာသူရွာသားများက ဂုဏ်ပြုအလှူငွေ (၅၀၀၀၀) သောင်းကျပ်ကို လွှန်ခဲ့သည့်အပတ်ကပေးအပ်ခဲ့ကြောင်း သိရပါသည်။ အိမ်ခြေ (၅၀၀) နီးပါးရှိ ထန်းမနိုင်ရွာမှ အိမ်ခြေ (၄၀၀) နီးပါးမှ ထည့်ဝင်ခဲ့ကြခြင်းဖြစ်ကြောင်း သိရပါသည်။ မစုစုနွေး၏ ရဲ့ဝံ့ပြတ်သားလှသော၊

လုပ်ရပ်ကြောင့် ထန်းမနိုင်အပါအဝင် အနီးအပါးမှ ရွာများတွင် အဓမ္မလုပ်အားပေးစေခိုင်းမှုများရပ်ဆိုင်းပေးခဲ့ရသည့် အတွက်ကြောင့် ထိုကျေးဇူးကို ဘယ်လိုမှမေ့မရနိုင်မှာဖြစ်ကြောင်း၊ ရွာသူရွာသားများမှပြောဆိုကြပါသည်။ အရက်ရောင်း၊ အသုဘဖဲဝိုင်းအကောက်ကောက်ပြီး၊ ရယက ဥက္ကဋ္ဌ လုပ်နေသည့် ၊ ဦးသံလုံးလို အာဏာပိုင်များကိုလည်း မေ့တော့မှာ မဟုတ်ကြောင်း ပြောဆိုနေကြသည်။ ရွာသူရွာသားများဖက်က ရပ်တည်ပြီး သတ္တိရှိရှိနှင့်၊ အာဏာပိုင်များအား ရင်ဆိုင်ဝံ့ခဲ့သော မစုစုနွေးအား ၊ ဂုဏ်ပြုသည့်အနေဖြင့် စေတနာအလျောက် ထည့်ဝင်ခဲ့ကြခြင်းဖြစ်ကြောင်းနှင့် ၊ အနီးအပါးမှ ရွာများမှလည်း၊ ဂုဏ်ပြုအလှူငွေများထည့်ဝင်နေလျက်ကြောင်း သိရပါသည်။

အစသို့

## ပြည်ပရောက် ဒီမိုကရေစီအင်အားစုများမှ မစုစုနွေးအတွက် ဂုဏ်ပြုငွေ ထည့်ဝင်

*၂၄၊အောက်တိုဘာ၊၂၀၀၅*

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှာ၊ မစုစုနွေးအတွက် ဂုဏ်ပြုအလှူများထည့်ဝင်ရန် လှုံ့ဆော်မှုများစတင်နေပြီး၊ လောလောဆယ် မြန်မာငွေ (၁)သန်းနီးပါး ထည့်ဝင်ခဲ့ပြီးဖြစ်သည်ဟုသိရသည်။ ယနေ့ ဒေါ်အောင်ဆန်းစုကြည်အတွက် မီးထွန်းဆုတောင်းပွဲ ကျင်းပခဲ့သည့်နည်းတူ မစုစုနွေးအတွက် ဂုဏ်ပြုအလှူငွေ ထည့်ဝင်ခဲ့ပုံများကို ညွန့်ပေါင်းအစိုးရ အဖွဲ့ဝင်ဝန်ကြီး ဒေါက်တာစန်းအောင်မှ အောက်ပါအတိုင်း ပြောပြပါသည်။

“ဒေါ်စုအတွက် ကျနော်တို့ဆုတောင်းပွဲလုပ်တယ်။ ဒီမှာရှိတဲ့ ဘုန်းကြီးကျောင်းမှာပါ။ သာရိသုခ ဆိုတဲ့ကျောင်းပေါ့။ ပြောမယ်ဆိုရင်ငြိမ်းချမ်းရေးဘုန်းကြီးကျောင်း။ ဘုန်းကြီးကဆုတောင်းပေးတယ်။ နောက်တော့ ကျွန်တော်တို့ ဖယောင်းတိုင်ထွန်းပြီးဆုတောင်းကြတယ်။ မစုစုနွေးနဲ့ အခြားနိုင်ငံရေးအကျဉ်းသားတွေအတွက်ပေါ့။ မစုစုနွေးရဲ့ ကိုယ်ကျိုးမဖက်ဘဲ ၊ အဓမ္မလုပ်အားပေး ခိုင်းစေမှုကို သတ္တိရှိရှိနဲ့ ၊ ဆန့်ကျင်ပြီးတိုက်ပွဲဝင်ခဲ့တာကို ကျွန်တော်တို့ဂုဏ်ယူတယ်။ အင်မတန်လည်းဝမ်းသာတယ်။ ဒါကြောင့် သူ့ရဲ့ သူရသတ္တိကို ဂုဏ်ပြုတဲ့အနေနဲ့ ဗမာငွေ ကျပ်(၁) သန်းပေါ့နော်။ အလှူငွေကောက်ခံထားတာရှိတယ်။တာဝန်ခံဘဏ္ဍာထိန်းကို လွှဲထားပြီ။ ဒါမတည်ငွေပေါ့။ နောက်လည်းဆက်လက်ကောက်ခံသွားဖို့ရှိပါတယ်။ ဘာတွေထပ်ရဦးမလဲဆိုတာကိုတော့ မပြောတတ် သေးဘူး။ ထပ်ကြိုးစားကြဦးမှာပါ”

အစသို့

## ဒေါ်အောင်ဆန်းစုကြည် ဖမ်းဆီးခံရခြင်း (၁၀) နှစ်ပြည့်

*၂၄၊အောက်တိုဘာ၊၂၀၀၅*

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည်၊ နအဖ သက်တမ်း (၁၇) နှစ်အတွင်း နေအိမ်အကျဉ်းကျဘဝနှင့်၊ နေရသည့်အချိန်များ၊ ရေတွက်ကြည့်ပါက ယနေ့ (၁၀)နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံရေးခေါင်းဆောင်များ၊ ထင်ရှားသည့် ပုဂ္ဂိုလ်များအပါအဝင် ပြည်ပရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက၊ နအဖ စစ်အစိုးရကို ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချနေကြပါသည်။ ဒေါ်စုအားပြန်လွှတ်ပေးရန် တောင်းဆိုသည့်ဆန္ဒပြပွဲများ၊ ဒေါ်စုအတွက် ဆုတောင်းပွဲများကိုလည်း၊ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ယနေ့ ကျင်းပခဲ့ကြပါသည်။ ထိုထဲမှ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် ကျင်းပခဲ့သည့်၊ မီးထွန်းဆုတောင်းပွဲအကြောင်း ဦးစွာနားဆင်ကြည့်ရအောင်ပါ။

“ဒေါ်စု လွှတ်မြောက်ရေးအတွက် ဘာသာကြီးသုံးဘာသာနဲ့ ဆုတောင်းပွဲတခု ဆစ်ဒနီမှာလုပ်တယ်။ ဆစ်ဒနီအခြေစိုက် မြန်မာတွေ အယောက် (၇၀)လောက် တက်ရောက်ပြီးတော့ ၊ ဝိုင်းဝန်းဆုတောင်းကြတယ်။ ဩစတြေးလျ လွှတ်တော်အမတ်တွေကို ဖိတ်ပြီးတော့ ဩစတြေးလျလေဘာပါတီက အောက်လွှတ်တော်အမတ် နော်ရီဖာကူဆင် စကားပြောတယ်။

ဩစတြေးလျ အထက်လွှတ်တော်က ဆီနိတ်တာ ကယ်ရီမာကယ် စကားပြောတယ်။ ဩစတြေးလျ ဒီမိုကရက်က အထက်လွှတ်တော်အမတ် နာတာရှားကနေ သဝဏ်လွှာပို့တယ်။ နောက် နယူးဆောက်ဝေး လွှတ်တော်ကလည်း၊ အထက်လွှတ်တော်အမတ် မစ္စတာ အီဗင်က အမှာစကားပြောကြားခဲ့တယ်။ သူတို့ပြောကြတဲ့အကြောင်းအရာတွေ၊ အဓိကကတော့၊ ဒေါ်အောင်ဆန်းစုကြည်ဟာ မတရား အကျဉ်းကျခံရတာ (၁၀)နှစ်ပြည့်ပေမယ့်၊ သူတို့လုံးဝမမေ့ဘူးဆိုတဲ့အကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်သားတွေ လွှတ်မြောက်ရေးအတွက်ဩစတြေးလျ လွှတ်တော်အမတ်တွေအနေနဲ့၊ သူတို့ဆက်လက်ပြီးတော့ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းအားထုတ်သွားမယ် ဆိုတဲ့အကြောင်းအားပေးစကားပြောပါတယ်။ ဒီအခမ်းအနားကို ဆစ်ဒနီမြို့လည်ခေါင်မှာရှိတဲ့ ပါလီမန်ရှေ့ မလှမ်းမကမ်းမှာ ကျနော်တို့ကျင်းပခဲ့ပါတယ်။ လူတွေ အများကြီးဝိုင်းဝန်းပြီးတော့ ၊

လာရောက်ဆုတောင်းပေးတာကို တွေ့ရပါတယ်။"

အလားတူမဲလဘုန်းမြို့မှာလည်း၊ ဒေါ်စုအတွက် မီးထွန်းဆုတောင်းပွဲ ကျင်းပခဲ့ကြောင်းသိရပါသည်။ အင်္ဂလန်ရောက်မြန်မာ့ဒီမိုကရေစီရေး အင်အားစုများက၊ ဒေါ်စုအမြန်ဆုံးပြန်လွတ်မြောက်ရေးအတွက် အင်္ဂလန်အစိုးရက အမြန်ဆုံးဖိအားပေးဖို့၊ ယနေ့နေ့လည်ပိုင်းတွင် ပါလီမန်ရှေ့သွားရောက်တောင်းဆိုခဲ့ကြပါသည်။ ထိုအကြောင်းဒေါက်တာဝင်းနိုင်မှဆန္ဒပြတောင်းဆိုသည့် နေရာမှ တိုက်ရိုက်ပြောပြခဲ့ပါသည်။

"ဒီနေ့ပါလီမန်ရှေ့မှာလာရောက်ဆန္ဒပြကြတာဖြစ်ပါတယ်။တိုက်တိုက်ဆိုင်ဆိုင် ဒေါ်စုထိမ်းသိန်းခံရတာ (၁၀) နှစ်မြောက်နေ့လည်းဖြစ်နေပါတယ်။ အဲဒါကြောင့်ဒေါ်စုလွတ်မြောက်ရေးအတွက် ဗြိတိသျှအစိုးရက အတတ်နိုင်ဆုံး၊ အမြန်ဆုံး၊ အထိရောက်ဆုံး တာဝန်ယူပြီးဆောင်ရွက်ပေးဖို့ တောင်းဆိုကြပါတယ်။ **BDMA** လို့ခေါ်တဲ့ မြန်မာနိုင်ငံသားများ ဒီမိုကရေစီလှုပ်ရှားမှုအဖွဲ့၊ **NLD - LA (UK)** တို့ ၊ **Women of Burma (UK)** နောက်ပြီးတော့ **Burma Campaing** နဲ့ **Friend of Burma** တို့ကနေ လူ (၇၀ – ၈၀)လောက်ရှိပါတယ်။ မိုးကသဲသဲမဲမဲရွာနေတယ်။ All Parliamentary Democracy Grop-e For Burma အဖွဲ့ရဲ့ အမတ်ကစကားပြောပါတယ်။"

အစသို့

## ထောင်တွင်းမှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းငြိမ်း ကျန်းမာရေးတိုတက်မှုမရှိ

*၂၅၊အောက်တိုဘာ၊၂၀၀၅*

လွတ်ရက်စေ့နေပြီဖြစ်သော်လည်း ပြန်လွတ်မပေးဘဲ ပုဒ်မ (၁၀–က) ဖြင့်ဆက်လက်ဖမ်းဆီးခံနေသော၊ ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသိန်းငြိမ်းအား၊ ပုံမှန်ပြနေကျ ဆရာဝန်ကြီးများနှင့် ဆေးဝါးကုသခွင့် ပိတ်ပင်ထားသည့်အတွက်၊ ကျန်းမာရေးအခြေအနေ တိုးတက်ကောင်းမွန်လာခြင်း မရှိသေးဟု သိရပါသည်။ ဒေါက်တာသန်းငြိမ်းသည် ကုသနေကျ ဆရာဝန်ကြီးများနှင့် ပြခွင့်မရသည်မှာ ယခုဆိုလျှင်တစ်နှစ်နီးပါး ရှိပြီဖြစ်ကြောင်း ယမန်နေ့က ထောင်ဝင်စာတွေ့ပြန်လာသည့်၊ ဇနီးသည် ဒေါ်ခင်အေးက ပြောပါသည်။ ဒေါက်တာသိန်းငြိမ်း၏ လက်ရှိကျန်းမာရေး အခြေအနေနှင့် ပတ်သက်၍ ဒေါ်ခင်အေးက – – –

"တိုးတက်တာတော့ မရှိပါဘူး၊ ပုံမှန်လောက်ပေါ့လေ၊ တခုတော့ အန်တီစိုးရိမ်တာက၊ လဲသွားမှသိရရင်လည်း ဘာမှလုပ်လို့ မရတော့ဘူးလေ။ နေရတာတော့အစဉ်ပြေပါတယ်။ အဲဒီရောဂါအတွက်ပြဖို့ပဲ။ နောက်တခုက ဇန်နဝါရီ (၆)ရက်ဆိုရင်၊ အန်ကယ် နောက်ထပ်တစ်နှစ် ပြည့်တော့မယ်လေ။ အဲ့ဒီတော့ တစ်နှစ်မပြည့်ခင်ပဲဖြစ်ဖြစ်၊ ပြည့်မှဖြစ်ဖြစ် အန်ကယ် ပြန်ထွက်လာရင်အိမ်မှာ နားနားနေနေလေး ဆေးကုသဖို့ပဲ အန်တီတို့ကမျှော်လင့်တာပေါ့။ အန်တီအနေနဲ့ကတော့ အမြဲတမ်းနိုင်ငံရေးအကျဉ်းသားတွေ အကုန်လုံးလွတ်ပါစေဆိုတာတော့၊ စိတ်ထဲမှာ အမြဲတမ်းဆုတောင်းတယ်ပေါ့နော်။ အန်ကယ်တစ်ယောက်ထဲရယ်လို့တော့ မရည်ရွယ်ပါဘူး။ အကုန်လုံးပေါ့။"

ဒေါက်တာသိန်းငြိမ်းဇနီး ဒေါ်ခင်အေး၏ မျှော်လင့်ချက်ဖြစ်ပါသည်။ အလားတူ ပုဒ်မ (၁၀–က) ဖြင့် အင်းစိန်ထောင်တွင် ဖမ်းဆီးခံရနေသည့် ၊ မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်၏ ကျန်းမာရေးအခြေအနေမှာလည်း မကောင်းပါဟု သိရပါသည်။ ဒေါ်မေဝင်းမြင့်သည် သွေးတိုး၊ နှလုံးရောဂါအပြင်၊ အရိုးကျိုးပေါင်းတက်ရောဂါပါခံစားနေရကြောင်း မိသားစုဝင်များက ပြောပါသည်။ ဒေါက်တာသိန်းငြိမ်းနှင့်၊ ဒေါ်မေဝင်းမြင့်တို့အား၊ အာဏာပိုင်များက (၁၉၉၇) ခုနှစ်မှာ ဖမ်းဆီးပြီး၊ ထောင်(၇) နှစ်စီ ချမှတ်ခဲ့ပါသည်။ ထို့နောက် လွတ်ရက်စေ့နေပြီဖြစ်သော်လည်း၊ ပြန်လွတ်မပေးဘဲ ပုဒ်မ (၁၀–က) ဖြင့် အကြိမ်ကြိမ်ထောင်သက်တမ်းတိုးပြီး ဆက်လက်ဖမ်းဆီးထားခြင်းဖြစ်ပါသည်။

အစသို့

## ခွန်ထွန်းဦးတို့ အမှုတွဲကို စီရင်ချက်ချရန် ရက်တပ်မံရွှေ့ဆိုင်း

*၂၅၊အောက်တိုဘာ၊၂၀၀၅*

ရှမ်းအမျိုးသားများဒီမိုကစီအဖွဲ့ချုပ် ဉက္ကဌ ဦးခွန်ထွန်းဦးကို ယနေ့ စီရင်ချက်ချရန်၊ စီစဉ်ထားသော်လည်း၊ ရမန်တပတ်ထပ်မံရွှေ့ဆိုင်းလိုက်ကြောင်း သိရပါသည်။ အတူအဖမ်းခံခဲ့ရသည့် ရှမ်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးစိုင်းညွှန့်လွင်၊ ရှမ်းပြည်တပ်မတော်မြောက်ပိုင်းအဖွဲ့ နာယက ဗိုလ်ချုပ်ဆေထင် အပါအဝင် ဖမ်းဆီးခံနေရသူ ရှမ်းခေါင်းဆောင်၊ (၈) ဦးစလုံးကို စီရင်ချက်ချရန်စီစဉ်ခဲ့ပြီးမှ ယခုလိုရက်ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်သည်ဟု၊ ရန်ကုန်ရှေ့နေ အသိုင်းအဝိုင်းမှ ဒီဗွီဘီ အားပြောပါသည်။ ယခင်ကလည်းယခုလို စီရင်ချက်ချတော့မည်ဆိုသည့် သတင်းများတွက်ပေါ်ခဲ့ဖူးပါသည်။ အင်းစိန်ထောင်၌၊ ဖမ်းဆီခံနေရသည်မှာ

(၈) လ ကြာနေပြီ ဖြစ်သည့်၊ ဦးခွန်ထွန်းဦးတို့အဖွဲ့ကို စီရင်ချက်ချမည့်ကိစ္စ၊ အဘယ်ကြောင့် အချိန်ကြံ့ကြာနေရသည် ဆိုသည်ကို အတိအကျမသိရသေးပါ။ ဦးခွန်ထွန်းဦးတို့ကို သက်ဆိုင်ရာမိသားစုဝင်များနှင့်တွေ့ခွင့်မပြုသကဲ့သို့၊ ရှေ့နေလည်း ငှားခွင့်မပေးဘဲ အင်းစိန်ထောင်တွင်း တရားရုံးတွင် အမှုစစ်ဆေးပြီး၊ စီရင်ချက်ချရန် ပြင်ဆင်နေခြင်း ဖြစ်ကြောင်း မိသားစုနှင့်နီးစပ်သူများ၏ ပြောပြချက်အရ သိရပါသည်။

အစသို့

## အောင်လံအဖွဲ့ချုပ်မှ မစုစုနွေးအား ဂုဏ်ပြုငွေပေးအပ်

*၂၅၊အောက်တိုဘာ၊၂၀၀၅*

အောင်လံမြို့နယ်အဖွဲ့ချုပ်မှ မစုစုနွေးအတွက် ထောက်ပံ့ကြေးငွေကောက်ခံပြီး၊ အလှူငွေပေးနိုင်ရန် စီစဉ်နေသည်ဟု သိရပါသည်။ ယင်းသို့ကောက်ခံရာတွင်၊ စေတနာအလျောက်ဒေသခံ ပြည်သူများမှလည်း၊ အလှူငွေများလာရောက်ထည့်ဝင်နေကြကြောင်းသိရပါသည်။

မကွေးတိုင်းအောင်လံမြို့နယ် အဖွဲ့ချုပ်နှင့် ပြည်သူများမှ၊ အလှူငွေများထည့်ဝင်နေကြကြောင်း၊ ကိုယ်တိုင်ငွေကြေးလှူဒါန်းခဲ့သူ၊ အမျိုးသမီးကြီးတစ်ဦးမှ အောက်ပါအတိုင်းပြောပြပါသည်။

"မစုစုနွေးအတွက် ကျမတို့အောင်လံမြို့နယ် အဖွဲ့ချုပ်က ၊ လူမှုအထောက်အကူပြုအဖွဲ့၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့ အဲဒါတွေစုပြီးတော့ ၊ မစုစုနွေးရဲ့ ရဲဝံ့ပြတ်သားတည်ငြိမ်သော ဒီမိုကရေစီရေးဆောင်ရွက်ချက်များကို ညီညွတ်စွာ ထောက်ခံဂုဏ်ပြုမှတ်တမ်းတင်ပါသည်ဆိုပြီး၊ အလှူငွေ (၂၃၇၀၀) ကျပ်ကို (၂၃) ရက်နေ့က မစုစုနွေးမိသားစုထံပေးပို့ခဲ့ပါတယ်။ အောင်လံမြို့က ပြည်သူတစ်ယောက်ကလည်း အလှူငွေ (၁၀၀၀၀) ကျပ်လာရောက်ထည့်ဝင်သွားပါတယ်။"

မစုစုနွေးထောင်ကျခဲ့ရသည့်အပေါ် အမျိုးသမီးများ၏ ခံစားချက်ကိုလည်း ယခုလိုပြောပြပါသေးသည်။

"စိတ်ထဲမှာတော့ မကောင်းဘူးပေါ့လေ။ သူဟာအများအတွက် စွန့်ခဲ့တာပဲ။ အန်တီ သူနဲ့ မျက်နှာချင်းဆိုင် တွေ့တုန်းက တော်တော်လေးကို တည်တည်ငြိမ်ငြိမ်နဲ့ ၊ စကားပြောတတ်တာကိုတွေ့ရတယ်။ မဟုတ်မခံ လုပ်ရဲတဲ့ သူ့စိတ်ဓါတ်ဟာ အလွန်ချီးစကျူးစရာပါ။ စကားပြောတဲ့ အခါတိုင်းလည်း ဘုရား ၊ တရားနဲ့ သစ္စာကိုတိုင်တည်ပြီးပြောတတ်တဲ့ အကျင့်ကလေး လည်းရှိတယ်။သူ့အတွက်ခံစားရတာပေါ့။ အမိန့်ချတဲ့နေ့ကဆိုရင် ကိုယ့်မိသားစုထဲကတစ်ယောက်လိုဘဲခံစားရတယ်။ "

အစသို့

## ပဲခူးမှ ရှေ့နေဦးအေးမြင့်အား ပုဒ်မ (၅-င) ဖြင့်စွဲချက်တင်

*၂၅၊အောက်တိုဘာ၊၂၀၀၅*

ရန်ကုန် ILO ထံ မမှန်သတင်းပေးမှုဖြင့်၊ ဖမ်းဆီးထားသည့် ပဲခူးမြို့မှရှေ့နေ ဦးအေးမြင့်အား အရေးပေါ်စီမံချက် ဥပဒေ ပုဒ်မ(၅-င) ဖြင့် ဒိုက်ဦးမြို့နယ် တရားရုံးက၊ စွဲချက်တင်လိုက်ကြောင်း သိရပါသည်။ ဆက်လက်စစ်ဆေးရန် ကျန်နေသေးသော တရားလိုပြသက်သေ (၁၆) ဦးကို အမှုစစ်ရန် ရပ်ဆိုင်းထားပြီး၊ ယမန်နေ့ကရုံးချိန်းမှာ ယခုလို စွဲချက်တင်လိုက်ခြင်းဖြစ်ပါသည်။ ထိုအကြောင်းနဲ့ပတ်သက်ပြီး ဦးအေးမြင့်၏ ရှေ့နေဦးစန်းမောင်က – – –

"Case ကတော်တော်ကောင်းပါတယ်။ နံပါတ် (၁) က ဘာလဲဆိုတော့၊ ဒီမှာက ပြည်ထဲရေးဝန်ကြီးကနေပြီးတော့ တရားစွဲဆိုခွင့် အမိန့်ပေးရမယ်။ အဲဒါမပါဘူး။ အဲဒါ ဝမ်းပွိုင့်၊ လယ်သမားတွေက သူတို့ကိုယ်တိုင်ဒီစာတွေကို ကျေနပ်လို့ လက်မှတ်ထိုးပြီးတော့ ILO က မစွတာဟိုးဆေးဆီကို တိုင်ပါတယ်လို့၊ ရုံးရှေ့မှာ ဝန်ခံသွားပြီးပြီ။ ဦးအေးမြင့်မှာ အပြစ်မရှိပါ ဘူးလို့ ပြောသွားပြီးပြီ။ ဒီထက်ကောင်းတဲ့ ကိစ္စမရှိတော့ဘူး။ ကောင်းပေမယ့်လဲ တရားရုံးက ဘာလုပ်လဲဆိုတော့၊ မနေ့က တုန်းက ကျန်တဲ့သက်သေ (၆)ယောက်ကို ဆိုင်းထားပြီးတော့၊ ဦးအေးမြင့်ကို မနေ့ကတုန်းက စွဲချက်တင်တယ်။ စွဲချက်က အရေးပေါ်စီမံချက် ဥပဒေပုဒ်မ (၅-င) နဲ့ တင်တယ်။ (၅-င) နဲ့ တင်တဲ့အခါကျတော့၊ ဦးအေးမြင့်က စွဲချက်ကို ထုချေတဲ့ အခါကျတော့ အပြစ်မရှိဘူးလို့ ထုချေတယ်။"

ဦးအေးမြင့်အား ဖောင်တော်သီကျေးရွာမှ လယ်သမားများ၏ နွားစားကျက်မြေကိစ္စနှင့် ပတ်သက်ပြီး၊ ရန်ကုန် ILO ထံ သတင်းမှားပေးသည်ဆိုသော စွပ်စွဲချက်ဖြင့် ရုံးတင်စစ်ဆေးနေဖြင်းဖြစ်ပါသည်။ ဒိုက်ဦးမြို့ ရဲစခန်းအတွင်း ချုပ်နှောင်ထားသည့် ဦးအေးမြင့်အတွက် နေ့စဉ်စားသောက်ရေးတာဝန်ယူရမည့်၊ ဖောင်တော်သီရဲစခန်းက ထမင်းပို့ မပေးသောကြောင့်၊ အစားအသောက် အခက်အခဲနှင့် ကြုံတွေ့နေရသည်ဟု သားဖြစ်သူ ညိုလင်းမောင်က ယခုလို ပြောပြပါသည်။

# စာမျက်နှာ ၂၈

"အဖေ့ကို ကြည့်ရတာ အရင်ကနဲ့မတူတော့ဘူး။ ပိုပြီးတော့ပိန်လည်းပိန်သွားပြီးတော့၊ ဖြူဖတ်ဖြူရော်နဲ့ အစားအသောက်ကလည်းမပို့ဘူး။ အဖေ့အတွက်ကို ဖော်တော်သီရဲစခန်းက ထမင်းတို့ဘာတို့ပို့ရမှာပေ့ါ။ အဲဒါမပို့ဘူး။ အိမ်ကပို့မှ စားရတာပေ့ါ။ ရုံးချိန်းက တပတ်ကိုနှစ်ကြိမ်လောက်ရှိတာကိုး။ တစ်ချိန်း၊ နှစ်ချိန်းပုံစံမျိုး ရှိတာကိုး။ အဒီရုံးချိန်တိုင်း ရုံးချိန်တိုင်း သွားသွားပို့ပေးပါတယ်။ သွားဖို့လာဖို့ ပိုက်ဆံရှာရသေးတာပေ့ါ။ အဲဒါကလည်း ဝေးတာကိုး။ လုပ်ရတာတော့ အလုပ်ချိန်မရှိဘူး။ ပိုက်ဆံကတော့ ရှာနေရတာပေ့ါ။ ပိုက်ဆံရှာနေရတော့ အဖေ့ဆီကိုသွားလို့မရဘူး။ ကြားရက်တွေမှာ တချိန်းနဲ့ တချိန်းသွားနိုင်ဖို့ပေ့ါ။"

ဒိုက်ဦးရဲ့စခန်းအတွင်း ဖမ်းဆီးခံနေရသည့် ပဲခူးမြို့ကရှေ့နေ ဦးအေးမြင့် နေ့စဉ်စားသောက်ရေး အခက်အခဲနှင့်ကြုံတွေ့နေရသည့်အကြောင်း၊ သားညိုလင်းမောင်၏ ပြောပြချက်ဖြစ်ပါသည်။ တချိန်တည်းမှာပဲ ဗိုလ်ချုပ်အောင်ဆန်း သီချင်း သီဆိုမှုဖြင့်၊ ဖမ်းဆီးထောင်ချခံထားရသော တွံတေးမြို့မှ ကျူရှင်ဆရာ ကိုအောင်ဖေ၏အမှုအတွက် အယူခံကို ခရိုင်တရားရုံးက ယနေ့ ပယ်ချလိုက်ကြောင်းသိရပါသည်။

အစသို့

## အောင်လံမြို့မှ တရားစွဲခံရသည့် NLD အဖွဲ့ဝင်များအာမခံရ

*၂၆၊အောက်တိုဘာ၊၂၀၀၅*

မကွေးတိုင်းအောင်လံမြို့မှရရှိသည့် သတင်းတပုဒ်အရ၊ အဓမ္မလုပ်အားပေးခိုင်းစေမှု တိုင်ကြားရေးအတွက် ကူညီခဲ့သည်ဟုဆို၍ တရားစွဲခံနေရသူ၊ အဖွဲ့ချုပ်လွှတ်တော်ပိုယ်စား (၁) ဦးနှင့် အခြားနှစ်ဦးအား၊ အာမခံပေးပြီး နောက်ထပ်ရုံးချိန်းထပ်မံဆင့်ခေါ်လိုက်ကြောင်း သိရသည်။ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇံ၊ အဖွဲ့ဝင် ကိုအောင်ဇော်ဌေး နှင့် အခြားတဦး တို့အား အောင်လံမြို့နယ် တရားရုံးမှဆင့်ခေါ်ပြီး၊ ရှေ့အပတ်ရုံးချိန်း (၇) ရက်နေ့မှာချိန်းလိုက်ခြင်းဖြစ်ကြောင်း၊ အောင်လံရှေ့နေများမှ ပြောဆိုပါသည်။

ယင်းတို့ (၃) ဦး တရားစွဲဆိုခံရသည့် ကိစ္စမှာ ပြေင်းရွာကားလမ်းဖေါက်လုပ်မှု လုပ်အားပေးအတွင်း မြေပိုသေဆုံးခဲ့ရသည့်၊ ကိုဝင်းလွင် ကိစ္စအား **ILO** ကူညီဆောင်ရွက်ပေးခြင်းကြောင့်ဖြစ်ကြောင်းသိရပါသည်။

အစသို့

## ထောင်’ဏ်(၃)နှစ်ကျခံနေရသူ ကျူရှင်ဆရာ ကိုအောင်ဖေရဲ့ အယူခံလွှာ ပယ်ချခံရ

*၂၆၊အောက်တိုဘာ၊၂၀၀၅*

ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံကိုအလေးပြုမှုဖြင့်၊ ထောင်ဒဏ် (၃) နှစ်ကျခံနေရသူ၊ ကျူရှင်ဆရာ ကိုအောင်ဖေ၏ အယူခံလွှာကို၊ ရန်ကုန်အနောက်ပိုင်း ခရိုင်တရားရုံးက၊ ယမန်နေ့က ပယ်ချလိုက်ကြောင်းသိရပါသည်။ အဖွဲ့ချုပ်ရှေ့နေ ဦးမြင့်သောင်းနှင့်အဖွဲ့က၊ မနက်ပိုင်းမှာတင်ပြခဲ့သည့် အယူခံလွှာကို အချိန်ယူစစ်ဆေးခြင်းမရှိဘဲ၊ ညနေပိုင်းမှာ ယခုလို ပယ်လိုက်ခြင်းဖြစ်သည်ဟု  အဖွဲ့ချုပ် ဥပဒေအထောက်အကူပြုအဖွဲ့က၊ ဒီဗွီဘီအား ပြောကြားခဲ့ပါသည်။ တွံတေးမြို့တွင် နေထိုင်သော၊ အသက် (၄၀) ဝန်းကျင်၊ အင်္ဂလိပ်စာပြကျူရှင်ဆရာကိုအောင်ဖေအား၊ ယခုနှစ် ဖေဖော်ဝါရီလ (၁၄) ရက်နေ့မှာ စတင်ဖမ်းဆီခဲ့ပြီး ဩဂုတ်လ (၂၃) ရက်နေ့တွင်၊ ထောင်ဒဏ် (၃)နှစ်ချမှတ်ခဲ့ပါသည်။ အဖမ်းခံရသည့် ပြစ်မှုမှာ၊ ဖေဖော်ဝါရီ (၁၃)ရက်၊ ဗိုလ်ချုပ်အောင်ဆန်း၏မွေးနေ့တွင် ကျူရှင်ကျောင်းသားများနှင့်အတူ၊ ဗိုလ်ချုပ်အောင်ဆန်းဓာတ်ပုံအလေးပြုမှုနှင့်၊ ဗိုလ်ချုပ်အောင်ဆန်း လိုသူရဲကောင်းတွေ မွေးရမယ်ဆိုသည့် သီချင်းကို သံပြိုင်သီဆိုမှုကြောင့် ဖြစ်ပါသည်။

ပြီးခဲ့သည့်လကုန်ပိုင်းတွင် အင်းစိန်ထောင်အဏာပိုင်များနှင့်၊ ကင်းမြီးကောက်ဂိုဏ်းဝင် ထောင်တွင်းလူမိုက်များက ကိုအောင်ဖေကို ရိုက်နှက်ညှဥ်းပမ်းခဲ့သည်ဟု၊ သတင်းများထွက်ပေါ်လာခဲ့ပါသည်။ ယင်းသတင်းထွက်လာပြီး မကြာခင် အယူ ႉခံလွှာ ပယ်ချခံလိုက်ရခြင်း ဖြစ်သည်ဟု သိရပါသည်။

အစသို့

## ပဲခူး ဒီချုပ် မှ မစုစုနွေးအတွက်ဂုဏ်ပြုငွေပေးအပ်

*၂၇၊အောက်တိုဘာ၊၂၀၀၅*

အာဏာပိုင်များမှ မတရားဖမ်းဆီးထောင်ချထားသည့် မစုစုနွေးအတွက်၊ ပဲခူးတိုင်းပဲခူးမြို့နယ်အဖွဲ့ချုပ်က ထောက်ပံ့ ့ကြေး ငွေများကောက်ခံရာတွင်၊ အဖွဲ့ချုပ်ဝင်မဟုတ်သည့် အရပ်သားစေတနာရှင်များကပါ လာရောက်၍

အလှူငွေများထည့်ဝင်လျှက်ရှိကြောင်းသိရပါသည်။ အဖွဲ့ချုပ်ဝင်များက ကောက်ခံခြင်းမဟုတ်ဘဲ၊ ၄င်းတို့ဆန္ဒအလျောက် လာရောက်ထည့်ဝင်ခြင်းဖြစ်ကြောင်း ပဲခူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်လှ ကယခုကဲ့သို့ပြောပြသွားပါသည်။

“လာထည့်ကြတဲ့အခါမှာလည်း၊ လိုက်ကောက်တာမဟုတ်ဘူး သူတို့ဖါသာသူတို့ အလိုအလျောက်လာထည့်ကြတာ။ လာထည့်တဲ့အထဲမှာ အလွန်ဆင်းရဲတဲ့သူကတောင်မှ ( ၅၀၀) ကျပ်ထည့်တယ်။ ဘဘကပြောတယ် များလှချည်လားပေ့ါ။ အဒီတော့ သူကပြောတယ်၊ အဲဒီကောင်မလေးကိုကျနော်တို့ မေတ္တာရှိလို့ပါတဲ့။ ဒီ (၅၀၀) ကျပ်ဟာ ကျနော်တို့မိသားစု ထမင်းတနပ် စားလို့ရပါတယ်။ ဒါပေမယ့် ဒီကောင်မလေးအတွက် ကျနော်တို့ ထမင်းတနပ်မစားရရင် နေပေ့စေလို့ဆိုပြီး မနက်လူတစ်ယောက် ကပြောသွားတယ်။ နောက်လည်းလာထည့်ကြတယ် (၁၀၀၀) ထည့် (၅၀၀) ထည့်။ အနည်းဆုံး ထည့်တဲ့လူက (၅၀၀) ပဲ။ အခု ဘယ်လောက်ရသွားပြီလဲ ဆိုတော့ (၂၄၀၀၀) လက်ထဲရောက်နေပြီ။ အဖွဲ့ကလည်း (၁၀၀၀၀) ထည့်မှာဆိုတော့ကာ အနည်းဆုံး (၃) သောင်း (၄) ထောင်လောက်ဖြစ်သွားပြီ။ ထင်တာကတော့ (၁) ရက်နေ့လောက် ပို့ဖြစ်မယ်ထင်တယ်။ အဖွဲ့ချုပ်ကို (၁) ရက်နေ့လောက်ကျမှ ပို့မှာဆိုတော့ ၊ ဘဘထင်တယ် (၁) ရက်နေ့မတိုင်ခင်လောက်မှ ပဲခူးကနေ အနည်းဆုံး (၅) လောက်တော့ သူ့အတွက် ဖြစ်သွားလိမ့်မယ်။”

အာဏာပိုင်များ၏ မတရားလုပ်ရပ်များကို ဥပဒေဘောင်အတွင်းမှ ရဲရဲဝံ့ဝံ့ ရင်ဆိုင်ဖြေရှင်းခဲ့သူ၊ မစုစုနွေးကို အာဏာပိုင်များမှ ဖမ်းဆီးထောင်ချလိုက်သည့်အပေါ် ပဲခူးမြို့မှဒေသခံ လူငယ်များအကြား မကျေမနပ်ဖြစ်ကြနေတယ်လို့၊ ဦးမြတ်လှ မှ ယခုကဲ့ ဆက်လက်ပြောကြား သွားပါသည်။

“ရဝတ ဥက္ကဌ နှစ်ယောက်က လူတွေကို မတရားခိုင်းစေနေပါလို့ သူကတိုင်လိုက်တော့၊ အဲဒီလူနှစ်ယောက် ထောင်ကျသွားတယ်။ အဲဒီတော့ ဘယ်လိုသူ့ကိုပြန်ပြီးလက်စားချေရမလဲဆိုပြီး ဟိုတစ်ဖက်ကချောင်းနေတာလေ။နောက်ဆုံးတော့ အခုလို အမှုဆင်ပြီတော့လုပ်လိုက်တာပါဘဲ။ ဒီအမှုဟာ မတရားတဲ့ အမှုဘဲလို့ လူတွေအားလုံးက ယုံကြည်လက်ခံထားကြတယ်လေ။ အထူးသဖြင့် လူငယ်တွေကြားထဲမှာ ဒီကိစ္စက ပိုပြီးဂယက်ရိုက်တယ်။ မတရားဘူး ဘာညာနဲ့ပေ့ါ။ ပေါက်ကွဲသံတွေ နားထဲမှာ မကြားချင်အဆုံးဖြစ်နေတယ်။”

ယင်းကဲ့သို့ ပြည်တွင်းတွင် အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့်၊ ပြည်သူများက မစုစုနွေးအတွက် အလှူငွေများ ထည့်ဝင်နေကြသကဲ့သို့၊ ပြည်ပရောက် မြန်မာနိုင်ငံသားများမှလည်း၊ အလှူငွေများကောက်ခံလျှက်ရှိကြောင်း သိရပါသည်။ အဆိုပါသူများတွင် စင်္ကာပူရောက် မြန်မာနိုင်ငံသားများလည်း ပါဝင်ကြောင်းသိရပါသည်။ မြန်မာပြည် ဒီမိုကရေစီရေး အတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင်၊ မစုစုနွေးကဲ့သို့၊ အာဏာပိုင်များ၏ ခြိမ်းချောက်မှုများကို၊ ပြန်လှန်အန်တုရဲသူများ အများ အပြားပေါ်ထွက်လာရန် လိုအပ်ကြောင်း စင်္ကာပူရောက် မြန်မာတစ်ဦးဖြစ်သောကိုဝင်းမြင့်မှ စုစုနွေးအတွက်အလှူငွေကောက်ခံ ရခြင်းနှင့်ပတ်သက်၍ ယခုကဲ့သို့ပြောပြပါသည်။

“မကြောက်တရားရဲ့တန်ဖိုး၊ မြန်မာနိုင်ငံမှာ တကယ်လိုအပ်နေတဲ့ အရေးအကြီးဆုံးအရာ၊ ကနေ့ပြည်သူတွေ လိုအပ်နေတဲ့ အရာက မကြောက်တရားလို့ထင်တယ်။ ရဲရဲတောက်တဲ့ မကြောက်တရားနဲ့၊ အာဏာပိုင်တွေကိုရဲဝံ့ပြတ်သားစွာ၊ ရင်ဆိုင်ခဲ့တဲ့ မစုစုနွေးရဲ့ မကြောက်တရားဟာ၊ ကျွန်တော်တို့ ပြည်သူတွေအတွက်တော့ တကယ့်ကိုအားဆေးတစ်ခွက်ပဲပေ့ါ။ လမ်းပြကြယ်ပါဘဲ။ ဒါကြောင့်လည်း အခုတလောပြည်တွင်း ပြည်ပကလူများကနေပြီးတော့ ၊ ဂုဏ်ပြုအလှူငွေ တွေဆက်တိုက်ပို့ပေးနေတဲ့ သတင်းကိုနေ့စဉ်ရက်ဆက်ကြားနေရတယ်။ ဒါကြောင့် စင်္ကာပူရောက် မြန်မာများကလည်း၊ သတ္တိရှင်မ မစုစုနွေးနဲ့အတူ စွန့်လွှတ်အနစ်နာခံခဲ့ကြတဲ့၊ နိုင်ငံရေးအကျဉ်းသားအားလုံးကို တလေးတစားဂုဏ်ပြုချင်ပါတယ်။ အဲဒါကြောင့် ရတဲ့ငွေက (၅) သိန်းရပါတယ်။ အဲဒီထဲက မစုစုနွေးအတွက် (၂) သိန်း ရည်ရွယ်ပြီး ကျန်တဲ့ (၃) သိန်း ကတော့နိုင်ငံရေး အကျဉ်းသားတွေ အတွက် ရည်ရွယ်ထားပါတယ်။”

စင်္ကာပူရောက်မြန်မာများ၏ မစုစုနွေးအတွက် အလှူငွေကောက်ခံနေကြောင်းကိုဝင်းမြင့်၏ ပြောပြချက် ဖြစ်ပါသည်။

အစသို့

## မင်္ဂလာဆောင်ကိုလာကူညီသည့် အဖွဲ့ချုပ် အဖွဲ့ဝင်များအား ညှော်စာရင်းမှုဖြင့်ဖမ်းဆီး

*၂၇၊အောက်တိုဘာ၊၂၀၀၅*

ရန်ကုန်တိုင်းတွံတေးမြို့နယ် တန်လျားလေးကျေးရွာမှ မင်္ဂလာဆောင်ကို ၊ ကူညီပေးရန်ရောက်ရှိနေကြသည့်၊ အဖွဲ့ချုပ်ဝင် လူငယ်များအား၊ ကျေးရွာဥက္ကဌ ဦးသောင်းထွန်းနှင့်၊ မြို့နယ်ရဲတပ်ဖွဲ့က ညှော်စာရင်းမှုဖြင့် ယမန်နေ့က ဖမ်းဆီးသွားကြောင်း သိရပါသည်။ အဖမ်းခံရသူများမှာ လူငယ်အဖွဲ့ဝင်များဖြစ်ကြသည့် ကိုဇော်ဇော်၊ ကိုမျိုးမင်းစိုး ၊ ကိုနေစိုး၊ ကိုမျိုးမင်းဝင်း၊ ကိုစိုးမင်း၊

ကိုအောင်ဇော်ဦးတို့ အပါအဝင်၊ စုစုပေါင်း (၁၇) ဦး ဖြစ်သည်ဟုသိရပါသည်။ ယင်းတို့အပြင် အိမ်ရှင်ဖြစ်သူ မသန်းသန်းဝင်းနှင့် ဆယ်အိမ်မှူး တစ်ဦးပါ အဖမ်းခံခဲ့ရသည်ဟုဆိုသည်။ တန်လျားလေးကျေးရွာမှ အဖွဲ့ချုပ်လူငယ် ကိုအုန်းထွန်းနှင့် မချိုမာဝင်းတို့၏ မင်္ဂလာဆောင်ကို ကူညီပေးရန် ရောက်ရှိနေကြခြင်းဖြစ်သည်ဟုသိရပါသည်။ ယနေ့ညနေပိုင်းတွင် ယင်းတို့အားလုံးကို မြို့နယ်တရားရုံး၌ ရုံးထုတ်စစ်ဆေးနေပြီး၊ မည်သည့်အချိန်၊ မည်သည့်ပြစ်ဒဏ်မျိုးချမှတ်မည်ဆိုသည်ကို စုံစမ်း၍ မရသေးပါ။

အစသို့

## မစုစုနွေးကိစ္စ UN လူ့အခွင့်အရေးကော်မစ်ရှင်ထံ NCGUB မှ တင်ပြ

*၂၇၊အောက်တိုဘာ၊၂၀၀၅*

ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာမှ၊ မစုစုနွေးအား အာဏာပိုင်များမှ မတရားဖမ်းဆီးထောင်ချထားခြင်းနှင့်စပ်လျဉ်း၍၊ စုံစမ်းဖေါ်ထုတ်ပေးရန် ကုလသမဂ လူ့အခွင်အရေးကော်မစ်ရှင်ထံ၊ အမျိုးသားညွန့်ပေါင်းအစိုးရ **NCGUB,UN** ရုံးမှတင်ပြတောင်းဆိုလိုက်ကြောင်း သိရပါသည်။ **လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူ မစုစုနွေး** ဟုအမည်ပေးထားသည့် စာတမ်းနှင့်အတူ၊ ယမန်နေ့က တင်ပြလိုက်ခြင်းဖြစ်ပါသည်။ ယင်းကိစ္စ ပိုမိုသိရှိနိုင်ရန် ကုလသမဂ္ဂဆိုင်ရာ ညွန့်ပေါင်းအစိုးရ ကိုယ်စားလှယ် ဒေါက်တာသောင်းထွန်းနှင့် ဆက်သွယ်မေးမြန်း ထားပါသည်။

"**UN** မှာ **Human Right** ကော်မစ်ရှင်ကနေပြီးတော့ **Human Right Defiance** လို့ခေါ်တဲ့ ပြည်သူတွေရဲ့ လူ့အခွင့်ရေးတွေကိုကာကွယ်ပေးတဲ့ပုဂ္ဂိုလ်တွေကို၊ အာဏာပိုင်တွေက ဖမ်းဆီးအရေးယူခံနေရတဲ့ဟာကို **UN** က ကာကွယ်စောင့်ရှောက်ပေးဖို့ဖြစ်ပါတယ်။ အဲဒီဖြစ်ရပ်တွေကိုဖေါ်ထုတ်ဖို့ သက်ဆိုင်ရာ အစိုးရတွေနဲ့ ဆွေးနွေးပြီးတော့၊ ပြန်လွှတ်ပေးရေးကိစ္စတွေပြောဖို့ဆိုဖို့၊ ခန့်အပ်ထားတဲ့ မစ္စဟီနဂျလနီ ဆိုတာရှိပါတယ်။ အဲဒီအမျိုးသမီးဟာ မနှစ်တုန်းက ၊ အထွေထွေညီလာခံကျင်းပနေချိန်မှာ နော်ဝေးမစ်ရှင်နဲ့ **International Service** ၊ အဲဒီအဖွဲ့နှစ်ခုကနေပြီးတော့ ဒီဘက်မှာရှိတဲ့ **NGO** လူ့အခွင့်အရေးအဖွဲ့အစည်းတွေနဲ့ ဆွေးနွေးပွဲတစ်ခုလုပ်ပေးခဲ့ပါတယ်။ အဲဒီဆွေးနွေးပွဲအပြီးမှာ အမျိုးသားညွန့်ပေါင်းအစိုးရရုံး အနေနဲ့ မစုစုနွေးကိစ္စနဲ့ပတ်သက်လို့ ပြုစုထားတဲ့ အစီရင်ခံစာတစ်ခုကိုပေးလိုက်တာပါ။"

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးတာဝန်ခံ မစ္စဟီနဂျလာနီ အနေဖြင့် မစုစုနွေးကိစ္စအပေါ်မည်ကဲ့သို့ သဘောထားကြောင်း၊ ဒေါက်တာသောင်းထွန်အားဆက်လက် မေးမြန်းကြည့်ရာတွင် – – –

"သူကလည်း မစုစုနွေးအခုလို အဖမ်းခံရတာဟာ နအဖ အာဏာပိုင်တွေပြောသလို ၊ သူတို့လုပ်ငန်းတွေကို နှောက်ယှက်လို့လည်း မဟုတ်ဘူး။ အသရေဖျက်မှုလည်းမဟုတ်ဘူး။ မထီမဲ့မြင်ပြုမှုလည်းမဟုတ်ဘူး။ ထန်းမနိုင်ရွာသားတွေရဲ့ လူ့အခွင်အရေး၊ အထူးသဖြင့် အဓမ္မလုပ်အားခိုင်းစေမှု မခံရအောင်ကာကွယ်ဖို့ အတွက်၊ မစုစုနွေးက လူ့အခွင့်အရေးချိုးဖေါက်တဲ့ ဒေသဆိုင်ရာ အာဏာပိုင်တွေကို တရားစွဲခဲ့တာ။ အဲဒီအချိန်မှာ **ILO** ရဲ့ဖိအားပေးမှုကလည်း အမြင့်ဆုံးရောက်နေချိန်ဆိုတော့၊ အဲဒီလူတွေကို တရားရုံးကနေ ပဋ္ဌမဦးဆုံးအနေနဲ့ ပြစ်ဒဏ်ပေးလိုက်ရတယ်။ ဒါကိုလက်စားချေတဲ့အနေနဲ့အခုလိုမျိုး ဖမ်းဆီးထောင်ချလိုက်တာဆိုရင်တော့၊ ဒါဟာ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတစ်ယောက်ကို မတရားသဖြင့် ဖမ်းဆီးထောင်ချခြင်းဖြစ်တယ်လို့ သူကလက်ခံပါတယ်။ ဒီကိစ္စကို ဆက်လက်ပြီးဆောင်ရွက်သွားမယ်လို့သိရပါတယ်။ "

မစုစုနွေးကိစ္စ စုံစမ်းဖေါ်ထုတ်ရေးနှင့် ပတ်သက်၍ မည်သို့သောအကျိုးရလာဒ်များ ထွက်ပေါ်လာနိုင်စရာရှိပါသလဲ ဟုမေးမြန်းကြည့်ရာ – – –

" ဒီအမျိုးသမီးကြီးကနေ သက်ဆိုင်ရာ ဗမာပြည်ကအာဏာပိုင်အဖွဲ့အစည်းတွေကို စုံစမ်းမယ်။ ပြန်လွှတ်ပေးရေးကိစ္စပြောမယ်။ ပြောတဲ့နေရာမှာလည်းသူတစ်ယောက်တည်း မဟုတ်ဘဲ၊ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အဓိကတာဝန်ပေးထားတဲ့ မစ္စတာ ပီညဲရိုးတို့နဲ့ ညှိနှိုင်းပြီးလုပ်မယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ သူ့အစီရင်ခံစာတွေကလည်း၊ အစိုးရတွေဆီ ပြန့်သွားမှပါ။ အစိုးရအားလုံးဆီပြန့်သွားတဲ့ အခါမှာ၊ အဲဒီကနေတဆင့် နိုင်ငံတကာရဲ့အာရုံစူးစိုက်မှုရအောင်၊ ဆက်လက်လုပ်ဆောင် သွားမှာဖြစ်ပါတယ်။"

မတရားဖမ်းဆီးထောင်ချခံလိုက်ရသော မစုစုနွေးကိစ္စနှင့် စပ်လျဉ်း၍ ၊ ဒေါက်တာသောင်းထွန်းနှင့် ဆက်သွယ်မေးမြန်းချက် ဖြစ်ပါသည်။

အစသို့

## မစုစုနွေးကိစ္စအယူခံတင်သွင်းနိုင်ရန် ကြိုးပမ်း

*၂၈၊အောက်တိုဘာ၊၂၀၀၅*

အခမဲ့လုပ်အားပေးခိုင်းစေမှုကိစ္စများအား တိုင်ကြားခဲ့သဖြင့် မတရားဖမ်းဆီးခံလိုက်ရပြီးထောင်ဒဏ် တစ်နှစ်ခွဲ ကျခံလိုက်ရသူ မစုစုနွေး၏ အခြေအနေကို၊ ဆက်လက်တင်ပြလိုပါသည်။ သူ့အားအင်းစိန်ထောင်တွင် ချုပ်နှောင်ထားပြီး၊ လိုအပ်သည့် ဆေးဝါးများပို့ပေးခွင့် မရသေးဟုသိရပါသည်။ မစုစုနွေးလွတ်မြောက်ရေးအတွက် ဥပဒေကြောင်းအရအယူခံဝင်နိုင်ရန် အခြေအနေများကိုမေးမြန်းကြည့်ရာတွင် ၊ ယင်းအမှုကိုအစအဆုံး လိုက်ပါဆောင်ရွက်အဖွဲ့ချုပ်ရှေ့နေ ဦးမြင့်သောင်းမှ ယခုကဲ့သို့ ပြောပြသွားပါသည်။

"အခုစီရင်ချက်ကိုတော့ မနေ့က ကျွန်တော်တို့ရတယ်လေ။ ရှေ့နေပါဝါကို ပြီးခဲ့တဲ့ကြာသာပတေးနေ့ကတင်ထားတာ အခုထိတော့ မရသေးဘူး။ မစုစုနွေးရဲ့လက်မှတ်နဲ့ ကျွန်တော့်ကို ရှေ့နေပါဝါလွှဲအပ်တာပေါ့။ အဲဒါကိုထောင်ပိုင်က သူ့မှာ ခွင့်ပြုချက်မရသေးလို့ဆိုပြီး၊ မပေးသေးတာ။ အဲဒါရမှအယူခံက တင်လို့ရမှာဖြစ်တယ်။ ရပြီဆိုရင်တော့ တောင်ပိုင်းခရိုင်တရားရုံးကိုတင်ရမှာ။"

မစုစုနွေးအတွက် အယူခံဝင်နိုင်ရန် နောက်ဆုံးအခြေအနေများအား၊ ဦးမြင့်သောင်း၏ ရှင်းလင်းပြောဆိုချက်ဖြစ်ပါသည်။ **ILO** ထံသတင်းပေးမှုဖြင့်ဒုတိယအကြိမ် ဖမ်းဆီးခံရသူ ဦးအေးမြင့်သည်၊ ဒိုက်ဦးရဲစခန်း၌ ချုပ်နှောင်ထားခြင်း ခံနေရပြီး နေ့စဉ် ဆေးစစ်ဆေး ကုသမှုခံယူနေရကြောင်းသိရပါသည်။ ယင်းသို့သော အခြေအနေများအောက်တွင် **ILO** သာ မြန်မာပြည်မှ ထွက်ခွာသွားလျှင် အခြေနေများ ပိုမိုဆိုးရွားသွားနိုင်ကြောင်း ဦးမြင့် သောင်း မှ ဆက်လက်ပြောကြားသွားသည်။

"ဒါကတော့ပြောစရာတောင်လိုမယ်မထင်ဘူး။ အခြေအနေတွေ ပိုဆိုးရုံဘဲရှိတော့မှာပေါ့။ "

**ILO** နှင့်ဆက်စပ်ဖမ်းဆီးခံနေရသူ မစုစုနွေးနှင့် ဦးအေးမြင့်တို့၏၊ အခြေအနေများနှင့် စပ်လျဉ်း၍ ဦးမြင့်သောင်း ၏ပြောကြားချက်များဖြစ်ပါသည်။

အစသို့

## အဖွဲ့ချုပ်လူငယ် (၁၈) ဦးနှင့် အခြား (၃) ဦးကိုထောင်ဒဏ် (၁၅) ရက်စီချမှတ်

*၂၈၊အောက်တိုဘာ၊၂၀၀၅*

တွံတေးမြို့မှ အဖွဲ့ချုပ် အဖွဲ့ဝင်တစ်ဦး၏ မင်္ဂလာဆောင်ကို သွားရောက် ခဲ့ခြင်းကြောင့်၊ ယမန်နေ့က ဖမ်းဆီးခံလိုက်ရသူ အဖွဲ့ချုပ်လူငယ် (၁၈) ဦးနှင့် အခြား (၃) ဦး ကို ယနေ့ ထောင်ဒဏ် (၁၅) ရက်စီချမှတ်လိုက်ကြောင်း သိရပါသည်။ ထူးခြားချက်မှာ ထောင်ချခံရသူများအနက် ကျေးရွာဆယ်အိမ်မှူး တစ်ဦးလည်း ပါနေခြင်း ဖြစ်ကြောင်း၊ အဖွဲ့ချုပ်လူငယ်များမှ ပြောပြပါသည်။ အခင်းဖြစ်ပွါးပုံမှာ၊ တွံတေးမြို့နယ် တန်းလျားလေးကျေးရွာမှ မင်္ဂလာဆောင်သို့ ညအိပ်ညနေလာကြသည့်၊ ရန်ကုန်မှ အဖွဲ့ချုပ်အဖွဲ့ဝင် လူငယ်များသည်၊ ဆယ်အိမ်မှူး ဦးသောင်းရွှေ ထံ၌ ၊ ဧည့်စာရင်း ကြိုတင်၍တိုင်ကြားထားသော်လည်း ၊ တွံတေးမြို့နယ် ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ညတွင်းချင်းရောက်ချလာပြီး၊ ဧည့်စာရင်းစစ်ပြီးနောက် ဧည့်သည်များနှင့်အတူ၊ ဧည့်စာရင်းလက်ခံသည့် ဆယ်အိမ်မှူးကိုပါ ဖမ်းဆီးခေါ်ဆောင်၍ ယခုကဲ့သို့ထောင်ချလိုက်ခြင်းဖြစ်ပါသည်။

ကိုဇော်ဇော်၊ ကိုမျိုးမင်းစိုး၊ ကိုနေစိုး၊ ကိုအောင်ဇော်ဦးအပါအဝင် အဖွဲ့ချုပ်လူငယ် (၁၈) ဦးသည် ကွမ်းခြံကုန်း၊ ရွှေပြည်သာ၊ ဘိုကလေးနှင့် အခြားမြို့နယ်များမှဖြစ်သည်ဟုသိရပါသည်။ အဖွဲ့ချုပ်လူငယ်များအား ယခုကဲ့သို့ ကြံဖန်အပြစ်ရှာ၍၊ ဖမ်းဆီးနေသည်မှာ ထူးခြားကိစ္စမဟုတ်သော်လည်း၊ ကျေးရွာဆယ်အိမ်မှူးတစ်ဦးကို ဖမ်းဆီးလိုက်ခြင်းမှာမူ၊ ဒေသခံများအကြား ပြောဆိုလှောင်ပြောင်စရာ တစ်ခုဖြစ်နေကြောင်း အဖွဲ့ချုပ်လူငယ်များမှ ပြောဆိုနေကြကြောင်းသိရပါသည်။

အစသို့

## ကိုအောင်ဖေအယူခံလွှာကိုတောင်ပိုင်းခရိုင်တရားရုံးမှပယ်ချ

*၂၉၊အောက်တိုဘာ၊၂၀၀၅*

ဗိုလ်ချုပ်အောင်ဆန်းဓါတ်ပုံအလေးပြုမှုဖြင့်ထောင် (၃) နှစ်ကျခံနေရသည့်၊ ကျူရှင်ဆရာ ကိုအောင်ဖေအတွက်တင်သွင်းသည့် အယူခံလွှာကို တောင်ပိုင်းခရိုင်တရားရုံးက၊ လွန်ခဲ့သည့် အင်္ဂါနေ့တွင် ပယ်ချလိုက်ကြောင်း သိရပါသည်။ အဖွဲ့ချုပ်ရှေ့နေများ သေသေချာချာပြင်ဆင်ထားသည့်၊ အယူခံလွှာကို မည်သည့်စုံစမ်းစစ်ဆေးမှုမှမလုပ်ပဲ ခရိုင် တရားသူကြီးမှ၊ ပယ်ချလိုက်ခြင်းဖြစ်ကြောင်း၊ အမှုအစအဆုံးလိုက်ပါဆောင်ရွက်ပေးသည့် အဖွဲ့ချုပ်ရှေ့နေ ဦးမြင့်သောင်းက အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

"ကိုအောင်ဖေအမှုနဲ့ပတ်သက်ပြီး အယူခံလွှာကို၊ လွန်ခဲ့တဲ့ ရုံးချိန်းက တောင်ပိုင်းခရိုင်တရားရုံးက ဒု ခရိုင်(၁)

တရားသူကြီး ဒေါ်ကြည်ကြည်ဝင်းဆီ ကျွန်တော်သွားတင်တယ်။ မနက်ပိုင်းပေါ့။ ညနေ (၅) နာရီလောက်မှာ လျှောက်လဲချက်ပေးတယ်။ ကျွန်တော်လျှောက်လဲချက်ပေးနေတုန်းမှာ တရားသူကြီးက၊ အယူခံပယ်ကြောင်းရေးပြီးနေပြီ။ အဲဒါကို အကျဉ်းနည်းနဲ့ ပလပ်လိုက်တယ်။ အမှုပေါ်မှာသေချာမလေ့လာနိုင်တဲ့သဘောတော့ရှိတယ်။ အောက်ရုံးအမိန့်ကို မပြင်ဘူး ဆိုတဲ့သဘောပေါ့။ သူတို့လုပ်ရိုးလုပ်စဉ်၊ လုပ်လေ့လုပ်ထပုံစံမျိုးနဲ့လုပ်ချလိုက်တာ။ အခုလို တောင်ပိုင်းခရိုင်တရားရုံးက အကျဉ်းနည်းနဲ့ ပလပ်လိုက်တယ်ဆိုတော့၊ ကျွန်တော်တို့က တိုင်းတရားရုံးကို အယူခံဆက်တင်ရမှာပေါ့။”

ယခုလိုပယ်ချလိုက်ခြင်းစပ်လျဉ်း၍၊ ကိုအောင်ဖေ၏ဇနီး မဌေးဌေးလွင်အားမေးမြန်းကြည့်ရာ – – –
“ခရိုင်ကိုတင်တာ ပယ်ချလိုက်တယ်တဲ့။ သူကကိုယ်ကျိုးအတွက်လုပ်လို့ထောင်ကျတာမှမဟုတ်တာ၊ ဗိုလ်ချုပ်ပုံအလေးပြုလို့ အဖမ်းခံရတာ။ ဆရာ့အတွက် ကျမဂုဏ်ယူပါတယ်။”

ကိုအောင်ဖေ မကြာသေးမီက အင်းစိန်ထောင်တွင်းမှာ ၊ ထောင်အာဏာပိုင်များနှင့် ထောင်လူမိုက်များ၏ ဝိုင်းဝန်း ရိုက်နှက်မှုကြောင့်၊ ဒဏ်ရာရခဲ့သည့်ကိစ္စနှင့် စပ်လျဉ်း၍၊ မဌေးဌေးလွင်အားမေးမြန်းကြည့်ရာ – – –

“ဆရာကတော့ ကျမစိတ်မကောင်းဖြစ်မှာစိုးလို့လားတော့ မသိဘူး ကျမကိုဘာမှမပြောဘူး။ အခြေအနေ အားလုံး ကောင်းပါတယ်တဲ့။ သံမံသလင်းပေါ် အိပ်နေရတဲ့အကြောင်း ညွှန်ချုပ်နဲ့တွေ့ပြီးပြောပြတယ်တဲ့။ ညွှန်ချုပ်က အဆင်ပြေအောင်၊ ကွပ်ပျစ်ပေါ် အိပ်ရအောင်စီစဉ်ပေးပါတယ်။ ဒါပေမယ့် အိပ်ရတာကျပ်တယ်တဲ့။ ဆရာအထဲမှာ အရိုက်ခံရတဲ့ကိစ္စ ကျမညွှန်ချုပ်ဆီ စာတင်ထားတယ်။ ဆရာ့ အသက်အန္တရာယ်အတွက် စိုးရိမ်ရတယ်။ အခုထိတော့ဘာမှအကြောင်းမပြန်သေးဘူး။ ထူးခြား မလာဘူး။”

အစသို့

## ကိုသက်ဝင်းအောင်အားလွှတ်ပေးရန် ဩစတြေလျတွင်လက်မှတ်ထိုးတောင်းဆို

*၂၉၊အောက်တိုဘာ၊၂၀၀၅*

(၁၉၉၈) ကျောင်းသားလှုပ်ရှားမှုအား ဦးဆောင်ခဲ့သဖြင့် ထောင်ဒဏ် (၅၉) နှစ်ကျခံနေရသည့် ကိုသက်ဝင်းအောင်ကို၊ အမြန်ဆုံးလွှတ်ပေးရန် ဩစတြေလျနိုင်ငံ ဆစ်ဒနီမြို့ရှိ ဒီမိုကရေစီအင်အားစုများမှ ယနေ့တောင်းဆိုလိုက်ပါသည်။ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ဦးဆောင်၍ ဆစ်ဒနီမြို့လယ်တွင်ကျင်းပသည့်၊ အခမ်းအနားအတွင်းယခုကဲ့သို့တောင်းဆိုလိုက်ခြင်း ဖြစ်ပါသည်။ အခမ်းအနားအခြေအနေကို ဆစ်ဒနီအခြေစိုက် မြန်မာ့ရေးရာရုံးတာဝန်ခံ ဒေါက်တာမြင့်ချိုမှ အောက်ပါအတိုင်းရှင်းပြ ထားပါသည်။

“သူတို့လုပ်တဲ့ပုံစံကတော့ ဆစ်ဒနီမြို့လယ်ခေါင်က လူစည်ကားတဲ့ ဈေးကြီးတခုနား မှာရှိတဲ့ ပန်းခြံထဲမှာ ရွက်ဖျင်တဲ တွေထိုး ပြီးတော့ အဲဒီမှာ သက်ဝင်းအောင်ရဲ့ ရုပ်ပုံတွေ၊ ဒေါ်အောင်ဆန်းစုကြည့်ရဲ့ရုပ်ပုံတွေ နောက် သက်ဝင်းအောင် နဲ့ပတ်သက်ပြီးတော့ သူဘယ်လိုထောင်ကျတယ် ဆိုတဲ့အကြောင်းနဲ့ သူ့ရဲ့ကျန်းမာရေးအခြေအနေတွေနဲ့ ခံစားနေရတဲ့ပြဿနာ တွေပေါ့လေ။ ဒါကို ဂျနီဖာ ဟောလ်ဝင်းကနေ တက်ရောက်လာကြတဲ့ ပြည်သူတွေနဲ့၊ အနားမှာ စောင့်ကြည့်နေကြတဲ့သူတွေကို အကျယ်တဝင့် ရှင်းပြတယ်။ နောက်ပြီးတော့ သူက စားပွဲပေါ်မှာ သက်ဝင်းအောင်လွှတ်မြောက်ရေးအတွက်ရေးထားတဲ့စာကို၊ ဩစတြေးလျ နိုင်ငံခြားရေးဝန်ကြီး ဒေါင်နာ ဆီပို့ဖို့ နောက်၊ နအဖ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းဆီပို့ဖို့ နောက်တခုက ကမ်ပရာမှာအခြေစိုက်တဲ့ ၊ နအဖသံရုံးက သံအမတ်ကြီးဆီပို့ဖို့ ဆိုပြီးတော့ အဲ့ဒီရေးထားတဲ့စာမှာ လက်မှတ်ထိုးဖို့ တိုက်တွန်းတယ်။ ပြီးတော့ မြန်မာလူမျိုးတွေကိုယ်စား ကျနော်က လက်ရှိမြန်မာနိုင်ငံရဲ့နိုင်ငံရေးအခြေအနေကို အကျဉ်းချုပ် သုံးသပ်ပြတယ်။”

ကိုသက်ဝင်းအောင်လွှတ်မြောက်ရေး လှုပ်ရှားမှုအခမ်းအနားတွင်၊ တက်ရောက်စကားပြောကြားခဲ့သူ ဒေါက်တာမြင့်ချို ဖြစ်ပါသည်။ ဟောပြောပွဲအပြီးတွင် မြန်မာအက၊ ကရင်ဒုံးယိမ်းအကများနှင့် ဖျော်ဖြေခဲ့ပြီး၊ သက်ဝင်းအောင်လွှတ်မြောက်ရေး အတွက် လက်မှတ်ရေးထိုးတောင်းဆိုထားသောစာများအား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် နအဖသံရုံးများထံ ပေးပို့ခဲ့သည်ဟု သိရပါသည်။

အစသို့

## **ILO** သို့ မမှန်သတင်းပေးမှုဖြင့် ဦးအေးမြင့်အား ထောင် (၇)နှစ်ချမှတ်

*၃၁၊အောက်တိုဘာ၊၂၀၀၅*

ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ် ထံ မမှန်သတင်းပေးမှုဖြင့် ဖမ်းဆီးခံထားရသော ပဲခူးမြို့မှ ရှေ့နေဦးအေးမြင့်အား ဒိုက်ဦးမြို့နယ် တရားရုံးမှ၊ယနေ့ ထောင်ဒဏ် (၇)နှစ် ချလိုက်ကြောင်း၊ အရေးပေါ်စီမံချက် အက်ဥပဒေ (၅–င) ဖြင့်၊ စီရင်ခြင်းဖြစ်ပြီး၊ ယနေ့ ပဲခူးထောင် သို့ပို့မည်ဟု သိရပါသည်။ ဦးအေးမြင့်အား ဒိုက်ဦးမြို့နယ် ဖော်တော်သီကျေးရွာမှ လယ်သမားများ၏၊ စားကျက်မြေများကို အာဏာပိုင်များက သိမ်းပိုက်ခဲ့ဝေယူကြသည့် ကိစ္စနှင့်ပတ်သက်၍၊ လယ်သမားများက မကျေနပ်၍ အိုင်အယ်လ်အို သို့တိုင်ကြားရာ၌ ၊ ဦးအေးမြင့်က ဝင်ရောက်ကူညီပေးခဲ့သည်ဆို၍၊ ဒိုက်ဦးရဲစခန်းမှ ဒုရဲအုပ် ဝင်းတင်ဦးက တရားစွဲဆို ိုခြင်းဖြစ်ပါသည်။ တရားလိုပြ သက်သေများဖြစ်သည့် ဖော်တော်သီကျေးရွာမှ၊ ရယကဥက္ကဋ္ဌနှင့် ကြံ့ဖွံ့ဝင်တွေကိုယ်တိုင်က ဦးအေးမြင့် မှာ လုံးဝအပြစ်မရှိကြောင်း၊ မတရားဖမ်းဆီးခံနေရခြင်းသာဖြစ်ကြောင်း၊ တရားရုံးတွင် အမှန်တိုင်းထွက်ဆိုခဲ့သည့်ကြားက၊ ယခုလိုထောင်ချလိုက်ခြင်း ဖြစ်သည်ဟုသိရပါသည်။ ပဲခူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ဖြစ်သူ ရှေ့နေကြီး ဦးမြတ်လှက၊ ဦးအေးမြင့်အား ထောင်ချ လိုက်ခြင်းသည်၊ ဥပဒေကြောင်းအရ ခိုင်လုံမှုမရှိကြောင်း အောက်ပါအတိုင်းပြောပြခဲ့ပါသည်။ “ခိုင်လုံမှု လုံးဝမရှိဘူး။ ရိုးရိုးအမှု သာဆိုရင် အဲဒီအမှုက အစောကြီးလွှတ်တယ်။ စွဲချက်တောင် တင်လို့မရဘူး။ အခုတော့ စွဲချက်တင်တယ်။ စွဲချက်တင်ပြီး ခိုင်လုံမှုမရှိပဲနဲ့ ထောင်ချလိုက်တယ်။ အာဏာကုန်ပဲ။ ဦးအေးမြင့်ရဲ့ ပယောဂကတော့ ဒီအမှုမှာ လုံးဝမပါဘူး။ ကင်းစင်တယ်ပေ့ါ။ ဒါပေမဲ့လည်း တရားဥပဒေ စိုးမိုးရေးဆိုတာ၊ ဒီမှာတော်တော်ကိုအခြေအနေက ဆိုးနေတာကိုး။ ဆိုးနေတဲ့ အခါကျတော့ ဦးအေးမြင့်က ထောင်ကျတာပေ့ါ။”

နအဖအာဏာပိုင်သည် အဖွဲ့ချုပ်အပါအဝင်၊ ပြည်သူများအား နိုင်ငံရေးပုဒ်မများနှင့် စွဲချက်တင်ထောင်ချနေသည့်အတွက်၊ မြန်မာနိုင်ငံတွင် ဥပဒေစိုးမိုးမှု လုံးဝမရှိတော့ကြောင်း ဦးမြတ်လှက ယခုလို သုံးသပ်ပြောကြားသွားပါသည်။

“အခုတရား ရုံးတွေမှာဆိုရင် **NLD** တို့ ၊ နိုင်ငံရေးကိစ္စတွေနဲ့ဆိုလို့ရှိရင် အာဏာကုန် အကုန်လုံးချတာပဲ။ နိုင်ငံရေးပုဒ်မနဲ့ စွဲချက်တင်ခံရတဲ့ အမှုမျိုးကတော့ ဘယ်လိုမှလွတ်ပေါက်မရှိဘူး။ ဖမ်းတာပဲရှိတယ်။ ဦးအေးမြင့်အမှုဟာဆိုရင် ဘာဘာသိသမျှထဲမှာ အလွန်ကောင်းတဲ့အမှု။ ဒီအမှုကို ရှေ့နေတွေကသာ ရိုးရိုးသားသား လိုက်ရမယ်ဆိုရင်တော့ အာမခံပြီးတော့ လိုက်ရဲတယ်။ အခုဒီအမှုကြီးက နိုင်ငံရေးပုဒ်မကြီးနဲ့စွဲထားတယ်ဆိုတဲ့အခါကျတော့ အစောကြီးကတည်းကသိတယ်။ နိုင်ငံရေးပုဒ်မနဲ့ စွဲလိုက်ရင် အာဏာကုန်ချမှာပဲ။ (၇)နှစ်ဆိုပေမဲ့ (၂)နှစ်ချလည်းရတာပဲ။ (၃)နှစ်ချလဲ ရတာပဲ။ ဒါမျိုးဆိုရင် (၇)နှစ်ဆိုရင် (၇)နှစ်အထိ ချလိုက်တာပဲ။ အဲဒီတော့ အခြေအနေတွေက ဥပဒေစိုးမိုးရေးနဲ့ ပတ်သက်လာရင် တော်တော်ကို မကောင်းတော့ဘူးဆိုပြီးတော့ ဥပဒေလောကတော့ ထင်မြင်ယူ ဆနေကြတာပဲ။”

ဦးအေးမြင့်အား အာဏာပိုင်များက ထောင်(၇)နှစ်ချလိုက်သည့်အပေါ်၊ ပဲခူးမြို့မှရှေ့နေကြီး ဦးမြတ်လှ၏ သုံးသပ်ချက်ဖြစ်ပါသည်။ ဦးအေးမြင့်သည်၊ (၂၀၀၃) ခုနှစ်တွင် အလားတူဖမ်းဆီးခံရပြီး ထောင်ဒဏ်တသက်တကျွန်းချမှတ် ခံခဲ့ရပါတယ်။ ထို့နောက် **ILO** အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ တိုက်တွန်းချက်များကြောင့်၊ ထောင်ဒဏ်လျော့ပေ့ါပေးခဲ့ပြီး ယခုနှစ်အစောပိုင်းတွင်၊ နအဖမှ နိုင်ငံရေးအကျဉ်းသားများအား ပြန်လွှတ်ပေးသည့်အခါ အင်းစိန်ထောင်မှပြန်လည် လွှတ်မြောက်လာခဲ့သူ ဖြစ်ပါသည်။

အစသို့

## ဦးအေးမြင့်အား ထောင်ချလိုက်သည့်အပေါ် ILO အရာရှိနှင့်ဆက်သွယ်မေးမြန်းချက်

*၃၁၊အောက်တိုဘာ၊၂၀၀၅*

ဦးအေးမြင့် ယခုကဲ့သို့ထောင်ချလိုက်ရခြင်းနှင့် ပတ်သက်၍ **ILO** ထိပ်တန်းအရာရှိ Mr Kari Tapiolar အားဆက်သွယ် မေးမြန်းကြည့်သည့်အခါ – – –

“ဒီကစ္စအတွက်ကျနော်အတော်ပဲ စိတ်အနှောက်အရှက်ဖြစ်မိပါတယ်။ တော်တော်စိတ်ပျက်စရာ ကောင်းတဲ့လုပ်ရပ်ပါ။ သူဟာ မတရားပြစ်တင်စွပ်စွဲခံရပါ။ ဦးအေးမြင့်ကိစ္စနဲ့နဲ့ပတ်သက်ပြီး တစုံတရာဖြေရှင်းမှုလည်း၊ ကျွန်တော်တို့မရပါဘူး။”

ဒီဗွီဘီ။ ။ အခုတလော အိုင်အယ်လ်အို နဲ့ နအဖ ကြားဆက်ဆံရေးမပြေလည်ချိန်မှာ အခုလိုထောင်ချလိုက်တာဟာ ၊ နအဖ ဘက်က အိုင်အယ်လ်အိုကို လုံးဝရုမစိုက်ဘူးဆိုတာ ပြလိုက်သလိုဖြစ်မနေဘူးလား။

“အခြေအနေကမကောင်းပါဘူး။ ကောင်းတဲ့အခြေအနေဘာတစ်ခုမှ မတွေ့ရဘူး။ အခုကနေစပြီးတော့ နောက် (၂) ပတ်မှာ ကျွန်တော်တို့အုပ်ချုပ်ရေးအဖွဲ့က အရေးပေါ်အစည်းအဝေးထိုင်ပါမယ်။ နအဖ စစ်အစိုးရအပေါ်ထားတဲ့ အိုင်အယ်လ်အိုရဲ့ မူဝါဒတွေကိုပြန်လည်သုံးသပ်ပါမယ်။”

### စာမျက်နှာ ၃၂

ဒီပွိဘီ။ ။ ဆွေးနွေးပွဲပြီးရင် ဆုံးဖြတ်ချက်တစ်ခုခုချနိုင်မလား။

“ကျွန်တော်တို့ ချနိုင်မယ်ထင်တာပါတယ်။ဒါပေမယ့် ဒီကနေ့တော့ ကျွန်တော်မပြောနိုင်သေးပါဘူး။”

ဒီပွိဘီ။ ။ အခုတလောဖြစ်ပျက်နေတဲ့ အခြေအနေတွေကို ကြည့်ရင်၊ အာဏာပိုင်တွေဘက် တုံ့ပြန်မှုအတော်ဆိုးပါတယ်။ အခုလိုမျိုးကုလသမဂ္ဂ အဖွဲ့အစည်းတစ်ခုကို မထေမဲ့မြင်ပြုတဲ့စစ်အစိုးရမျိုး အိုင်အယ်လ်အို သက်တမ်းတလျောက် မှာကြုံဘူးပါသလား။

“ကျွန်တော်တို့မှာအတွေ့အကြုံရှိပါတယ်။ ကမ္ဘာပေါ်မှာရှိရှိသမျှ စစ်အာဏာရှင်တိုင်း ဒီအတိုင်းပါဘဲ။ အထူးသဖြင့် လက်တင်အမေရိကမှာရှိတဲ့ စစ်အာဏာရှင်တွေလည်း အခုလို ခေါင်းမာခဲ့ကြပါတယ်။ ဒီလိုစစ်အစိုးတွေကို အရေးယူနိုင်တဲ့ အဆင့်မျိုးတော့ ကျွန်တော်တို့မှာမရှိသေးပါဘူး။ ဒါပေမယ့် သူတို့ရဲ့ဖိနှိပ်မှုနဲ့၊ ပြည်သူတွေရဲ့အနေအထားကို အမြဲမျက်ခြေမပြတ် စောင့်ကြည့်သလို၊ ဗမာပြည်ရဲ့အခြေအနေကိုလည်း စောင့်ကြည့်နေပါတယ်။

အစသို့

+++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++++